
www.burmeseclassic.com



# သခင်သန်းထွန်း

သို့မဟုတ်

## ကွန်မြူနစ် နိုင်ငံတော်ကို တည်ထောင်လိုသူ

ရဲသွေးထက်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊
အုပ်ရေ(၁၀၀၀)၊ တန်ဖိုး ကျပ်

စီစဉ်သူ ➢ ဇော်မင်း (ပညာရေး×
မျက်နှာဖုံးပန်းချီ ➢ မောင်ကျော်စိုး
ကွန်ပျူတာစာစီ ➢ ကိုဟန်စိန် (Ph 09 31629443)
ထုတ်ဝေသူ ➢ ဦးချစ်ညွန့် (ဇင်ရတနာစာပေ)၊
၂၀၅-က၊ ၄-လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်
တာအုပ်ချုပ် ➢ ကြ[illegible]
အတွင်းနှင့် ➢ ဦးမောင်မောင်ထွင့် (စံထားမိုးအော့ဖ်ဆက်)
မျက်နှာဖုံးပုံနှိပ်သူ အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၃၀၂၀၁၇၁။
ဖြန့်ချိရေး ➢ ကောင်းထွင့်စာပေ
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း --၀၉ ၇၃၀၂၀၁၇၁။
အတွင်းဖလင် ➢ မိုးကြီး(သာကေတ)

### ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)

ရဲသွေးထက် 294.3
သခင်သန်းထွန်း(သို့)ကွန်မြူနစ်နိုင်ငံတော်ကိုတည်ထောင်လိုသူ
ဇင်ရတနာစာပေ၊ ၂၀၁၃၊ ရန်ကုန်။
၂၀၅-စာ၊ ၁၂×၁၈ စင်တီ။
၁။ သခင်သန်းထွန်း(သို့)ကွန်မြူနစ်နိုင်ငံတော်ကိုတည်ထောင်လိုသူ


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# သခင်သန်းထွန်း

(သို့မဟုတ်)

# ကွန်မြူနစ်နိုင်ငံတော်ကို တည်ထောင်လိုသူ

ရဲသွေးထက်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ○ နိဒါန်း | |
| ○ အခန်း (၁) | |
| ၁။ ကွန်မြူနစ်နိုင်ငံကို တည်ထောင်လိုသူသခင်သန်းထွန်း | ၁၉ |
| ၂။ သခင်သန်းထွန်းနှင့် မြန်မာ့နိုင်ငံရေးအခြေအနေ | ၂၁ |
| ၃။ သခင်သန်းထွန်းနှင့် ဒုတိယကျောင်းသားသပိတ် | ၂၃ |
| ၄။ သခင်သန်းထွန်းနှင့် နဂါးနီစာအုပ်အသင်း | ၂၅ |
| ၅။ တို့ဗမာအစည်းအရုံးဝင် သခင်သန်းထွန်း | ၂၆ |
| ၆။ သခင်သန်းထွန်းနှင့် ရေနံမြေသပိတ် | ၂၈ |
| ○ အခန်း (၂) | |
| ၁။ အဖမ်းခံရသော သခင်သန်းထွန်း | ၃၃ |
| ၂။ သခင်သန်းထွန်းနှင့် လျှို့ဝှက်ကွန်မြူနစ်ပါတီ | ၃၄ |
| ၃။ သခင်သန်းထွန်းနှင့် ဗမာထွက်ရပ်ဂိုဏ်း | ၃၅ |
| ၄။ သခင်သန်းထွန်းပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် ဒုတိယကမ္ဘာစစ် | ၃၈ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၅။ ထောင်နှင့်နိုင်ငံရေး ၃၉
၆။ မြန်မာ့လွတ်လပ်ရေး၏ နိဒါန်းအခါ ၄၁
၇။ ရဲဘော်သုံးကျိပ်ပေါ်ပေါက်လာခြင်း ၄၄
○ အခန်း (၃)
၁။ သခင်သန်းထွန်းနှင့် အင်းစိန်ထောင်စစ်တမ်း ၄၇
၂။ ဗမာ့လွတ်လပ်ရေးတပ်မတော် ၄၈
၃။ သခင်သန်းထွန်းနှင့် ဂျပန်ခေတ် ၄၉
၄။ သခင်သန်းထွန်း၏မိန့်ခွန်းနှင့် ဂျပန်ခေတ်စီးပွားရေး အခြေအနေ ၅၂
၅။ သခင်သန်းထွန်းနှင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ၅၄
၆။ အောင်ပွဲခံသော ဖတပလ ၅၆
၇။ အင်္ဂလိပ်လက်အောက်ပြန်ရောက်သွားသောမြန်မာနိုင်ငံ ၅၇
○ အခန်း (၄)
၁။ သခင်သန်းထွန်းနှင့် ကွန်မြူနစ်ပါတီ ၆၁
၂။ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲခြင်း ၆၃
၃။ ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်ခံရသောကွန်မြူနစ်ပါတီ ၆၄

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | လုပ်ကြံခံရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးချုပ် ဖြစ်လာသော ဦးနု | ၆၆ |
| ၅။ | ဦးနုအစိုးရနှင့် သခင်သန်းထွန်း | ၆၉ |
| ၆။ | တောခိုသွားသော သခင်သန်းထွန်းနှင့်ကွန်မြူနစ်များ | ၇၂ |
| ၇။ | တောတွင်းရောက် သခင်သန်းထွန်းဘဝ | ၇၇ |
| ၈။ | အပြောင်းအရွှေ့များသော ဗဟိုဌာနချုပ် | ၇၉ |
| ၉။ | သခင်သန်းထွန်းနှင့် သုံးပါတီညီညွတ်ရေး | ၈၁ |
| ၁၀။ | ဆုငွေအထုတ်ခံရသော သခင်သန်းထွန်းနှင့် အပေါင်းပါများ | ၈၃ |
| ○ | **အခန်း (၅)** | |
| ၁။ | သခင်သန်းထွန်း၏ဌာနချုပ် | ၈၇ |
| ၂။ | တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက် | ၈၈ |
| ၃။ | ဒွိဟဖြစ်သွားသော သခင်သန်းထွန်း | ၉၁ |
| ၄။ | အင်အားတောင့်တင်းလာသော ဗဟိုဌာနချုပ် | ၉၄ |
| ၅။ | ကွန်မြူနစ်ပါတီ (၂၄)နှစ်မြောက်နေ့တွင်ပြောကြားသော သခင်သန်းထွန်း၏ မိန့်ခွန်း | ၉၈ |
| ၆။ | အရှိန်အဝါကြီးမားသောကွန်မြူနစ်ပါတီဥက္ကဋ္ဌ | ၁၀၂ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးရန် ပထာမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းခြင်း | ၁၀၄ |
| ၈။ | ရဲဘော်ငွေး (ကိုယ်စားလှယ်ခေါင်းဆောင်) | ၁၀၅ |
| ၉။ | ဗိုလ်စိုးမောင်၊ ဗိုလ်ပု | ၁၀၇ |
| ၁၀။ | ရဲဘော်သက်တင် | ၁၀၈ |
| ○ | **အခန်း (၆)** | |
| ၁။ | အလုပ်များသော ဗဟိုဌာနချုပ်နှင့် ရန်ကုန်ရောက် အဖွဲ့များ | ၁၁၃ |
| ၂။ | ပထာမကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှု | ၁၁၅ |
| ၃။ | သခင်ဘသိန်းတင်အဖွဲ့ ရောက်ရှိလာခြင်း | ၁၁၇ |
| ၄။ | ပထာမကိုယ်စားလှယ်အဖွဲ့၏ ခံယူချက် | ၁၁၉ |
| ၅။ | မအောင်မြင်ခဲ့သော ဆွေးနွေးပွဲ | ၁၂၀ |
| ၆။ | အမှားနှင့် အမှန် | ၁၂၄ |
| ၇။ | ဝိကင်းမှ ပြန်လည်ပေးပို့သော စာတမ်း | ၁၂၆ |
| ○ | **အခန်း (၇)** | |
| ၁။ | လမ်းစဉ်မမှန် ချွတ်ခြုံကျနေသောပါတီ | ၁၃၅ |
| ၂။ | ဗဟိုကော်မတီအစည်းအဝေး | ၁၃၇ |

www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ


၃။ ဗဟိုကော်မတီအစည်းအဝေးတွင် ပါဝင်သော အချက်(၇)ချက် ၁၃၈

၄။ ဗဟိုမာ့က်စ်လီနင် ဝါဒကျောင်း ၁၄၀

၅။ ပထမအပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း တက်ရောက်ခွင့်ရသူများ ၁၄၂

၆။ အဘိဓမ္မာ ဘာသာရပ် ၁၄၃

၇။ ဘောဂဗေဒ ဘာသာရပ် ၁၄၅

၈။ ပါတီတည်ဆောက်ရေး ဘာသာရပ် ၁၄၆

၉။ တပ်မတော်တည်ဆောက်ရေး ဘာသာရပ် ၁၄၇

၁၀။ ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏ ကျောင်းမိန့်ခွန်း ၁၄၈

○ အခန်း (၈)

၁။ သခင်သန်းထွန်း၏ လေးနစ်စီမံကိန်း ၁၅၁

၂။ မိမိအား တည်ဆောက်ရေး ရည်မှန်းချက် ၁၅၂

၃။ ချေမှုန်းရေး ရည်မှန်းချက် ၁၅၃

၄။ ပါတီ၏အင်အား တိုးမြှင့်ရေး ၁၅၄

၅။ အခြေခံစခန်း ၁၅၅

၆။ ပန်းတိုင်များ ၁၅၆


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | နှစ်နှစ်အတွင်း ပန်းတိုင်များ | ၁၅၈ |
| ၈။ | ပဲခူးရိုးမ တိုင်းစီမံကိန်း | ၁၅၉ |
| ၉။ | သခင်သန်းထွန်း၏ လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းကို ဝေဖန်ခြင်း | ၁၆၀ |
| ၁၀။ | ယုံကြည်ချက်ကို မစွန့်လွှတ်သော သခင်သန်းထွန်း | ၁၆၃ |
| ○ | **အခန်း (၉)** | |
| ၁။ | သခင်သန်းထွန်း၏ မပြီးဆုံးသေးသော စီမံကိန်း | ၁၆၉ |
| ၂။ | ပဲခူးရိုးမတိုင်း နှစ်နှစ်စီမံကိန်း | ၁၇၀ |
| ၃။ | စီမံကိန်း၏ ရည်ရွယ်ချက် | ၁၇၁ |
| ၄။ | စီမံကိန်း အကောင်အထည်ဖော်ရေး ပေါ်လစီ | ၁၇၂ |
| ၅။ | လုပ်ငန်းအသီးသီး၏ ဦးတည်ချက်နှင့်လမ်းညွှန် | ၁၇၄ |
| ၆။ | သခင်သန်းထွန်း၏ (၆၄)လမ်းစဉ် အာဏာနိ တည်ဆောက်ရေး | ၁၇၅ |
| ၇။ | ကွန်မြူနစ်တို့၏ ဘဝပေးစ်တိုင် | ၁၇၇ |
| ၈။ | ဘဝပေးစ်တိုင် ပထမအဆင့် | ၁၇၈ |
| ၉။ | ဘဝပေးစ်တိုင် ဒုတိယအဆင့် | ၁၈၀ |
| ၁၀။ | မခင်ဝင်း၏ စွဲချက်တင်တိုက်ပွဲ | ၁၈၂ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ဘဝပာစ်တိုင်၏ တတိယအဆင့် | ၁၈၄ |
| ၁၂။ | ဘဝပာစ်တိုင် စတုတ္ထအဆင့် | ၁၈၄ |
| ○ | **အခန်း (၁၈)** | |
| ၁။ | သခင်သန်းထွန်းနှင့် လူငယ်စီမံကိန်း | ၁၈၇ |
| ၂။ | လူငယ်များ၏ အတွေးအခေါ် ခံယူချက် | ၁၈၉ |
| ၃။ | လူငယ်များ၏ အတွေးအခေါ်များအား ပြောင်းပြန်လှန်ခြင်း | ၁၉၀ |
| ၄။ | သခင်သန်းထွန်းနှင့် တပ်နီလူငယ်များ | ၁၉၃ |
| ၅။ | သခင်သန်းထွန်း၏ တောတွင်းလုပ်ကြံမှုကြီး | ၁၉၆ |
| ၆။ | ဦးပိန် (ခေါ်) ရဲဘော်ဘတင် (ဂိုရှယ်)အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း | ၁၉၉ |
| ၇။ | ဦးစိန်(ဌေး)အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း | ၂၀၁ |
| ၈။ | ဘခက်အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း | ၂၀၃ |
| ○ | **အခန်း (၁၉)** | |
| ၁။ | နေဝင်းချိန်နှင့် နီးကပ်လာသော သခင်သန်းထွန်း | ၂၀၉ |
| ၂။ | သခင်သန်းထွန်းနှင့် ဖြုတ်ထုတ်သုတ်သင်လမ်းစဉ် | ၂၁၃ |
| ၃။ | သခင်သန်းထွန်း၏ နေဝင်းချိန် | ၂၁၄ |


☆☆☆

www.burmeseclassic.com

www.burmeseclassic.com



သခင်သန်းထွန်း (၁၉၁၁-၁၉၆၈)

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်ဖြင့်လည်းကောင်း၊ ၁၈၄၆ ခုနှစ်တွင် ဒုတိယ ကျူးကျော်စစ်ဖြင့်လည်းကောင်း၊ ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော် စစ်ဖြင့်လည်းကောင်း ကျူးကျော်ကာ မြန်မာနိုင်ငံအား သိမ်းပိုက် ခဲ့သည်။ ထိုအချိန်က ဗြိတိသျှတို့သည် မြန်မာနိုင်ငံ အပါအဝင် ဥရောပနိုင်ငံအချို့ကို သိမ်းပိုက်ထားနိုင်ပြီး သူတို့၏ လက်အောက်ခံ ကျွန်နိုင်ငံအဖြစ် သတ်မှတ်ခဲ့ကြသည်။

ထိုအခါ မြန်မာမျိုးချစ်သူရဲကောင်းများသည် ရရာလက်နက် ကို စွဲကိုင်ပြီး အင်္ဂလိပ်အစိုးရအား နည်းမျိုးစုံဖြင့် အသက်စွန့်ကာ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးနောက်တွင် သခင်စိတ်မှ ကျွန်စိတ်ကို မွေးမြူစေသည်။ မြန်မာလူမျိုးများကို ပညာတတ်များ မဖြစ်စေရန် ပညာနှုန်းရိတ် ကို မြှင့်တင်ထားသည်။ သူတို့၏ ကျွန်သက်ရှည် ပညာရေးကို မြန်မာလူငယ်များ အထင်ကြီးအားကျစေရန် သွတ်သွင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နယ်ချဲ့ခေတ်တွင် တက္ကသိုလ်ကောလိပ်ကို တက်နိုင်သူ အများစုမှာ ဗိုလ်ကပြားများနှင့် ပိုက်ဆံရှိ လူတန်းစားလောက်သာ ဖြစ်သည်။ ထိုအခါ မခံချင်စိတ်ရှိသော မျိုးချစ်သူရဲကောင်းများသည် ပုန်ကန်ထကြွသည့်အခါ လူအင်အား၊ လက်နက်အင်အား သုံးကာ နှိမ်နင်းပြီး သေဒဏ်ပေးခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းကြောင့် သေဆုံးခဲ့ရသော မြန်မာမျိုးချစ်သူရဲကောင်းများ၊ အပြစ်မဲ့ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာတော်များမှာ မရေမတွက်နိုင်ခဲ့ပေ။

ထိုကဲ့သို့ မြန်မာနိုင်ငံရေး နယ်ပယ်တွင် အုပ်ချုပ်သူနှင့် ဖိနှိပ်ခံသူတို့ကြား အသက်ချွေးများရင်းကာ အကြိမ်ပေါင်းများစွာ တိုက်ပွဲများ ဖြစ်ပွားခဲ့သော်လည်း မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်မှာ ပျောက်ပျက်မသွားခဲ့ပေ။

၁၉၃၀ ပြည့်နှစ်သို့ ရောက်သောအခါ ဆရာကြီး သခင်ဘသောင်းက မြန်မာများသည် နယ်ချဲ့အင်္ဂလိပ်တို့ သတ်မှတ်ထားသလို ကျွန်များမဟုတ်၊ သခင်များဖြစ်ကြသည်ဟုဆိုပြီး တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်လိုက်သည်။ ထိုအခါ မျိုးချစ်စိတ်ရှိသော လူငယ်များသည် သခင်အမည်ခံကာ တို့ဗမာအစည်း အရုံးသို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုအထဲတွင် ဆင်းရဲသဖြင့် တက္ကသိုလ် မတက်နိုင်သော သခင်သန်းထွန်းလည်း ပါဝင်ခဲ့သည်။ သခင်သန်းထွန်းသည် ငွေကြေးဆင်းရဲသော်လည်း မျိုးချစ်စိတ်မဆင်းရဲပေ။

www.burmeseclassic.com

သူသည် တက္ကသိုလ်မတက်နိုင်သော်လည်း တက္ကသိုလ်မှ သခင်အောင်ဆန်း၊ သခင်နုတို့ စသည့်မျိုးချစ်လူငယ်များနှင့် လွတ်လပ်ရေးအတွက် တစ်တောင့် တစ်နေရာမှ ကပြအသုံးတော်ခံခဲ့သည်။ မြန်မာပြည်သူလူထု သူ့ကျွန်ဘဝမှ လွတ်မြောက်ဖို့ဆိုလျှင် ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။

ထောင်ကို အိမ်လိုသဘောထားခဲ့သည်။ သခင်ပေါက်စ ထောင်ခြောက်လ ဆိုသောစကားကို ရယ်စရာဟာသ ပြက်လုံးလို သဘောထားပြီး နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည်။ ရဲရဲတောက် မိန့်ခွန်းများကို ပြောခဲ့သည်။ သူသည် မျိုးချစ်စိတ် ပြင်းထန်သလို၊ မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် ဝင့်ကြွားစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းရာတွင် သခင်နု(ဦးနု)နှင့် မိတ်ဆွေ များဖြစ်ခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းနှင့်လည်း မယားညီအစ်ကို တော်ခဲ့သည်။ သူသည်ကျွန်မချစ်လင်ကို ၁၉၄၁ ခုနှစ်တွင် ရုပ်နီကလောင်ဖြင့် ရေးသားခဲ့ပြီး သုပဏ္ဏက ကလောင်ဖြင့်လည်း နိုင်ငံရေးဆောင်းပါးများစွာကို ရေးသားခဲ့သော စာရေးဆရာတစ်ဦး ဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်များကို တော်လှန်ချိန်၌ သူသည် ထောင်ထဲတွင် အကျဉ်းကျခံနေရသော်လည်း ဖက်ဆစ်ဂျပန်ကို တော်လှန်ရာတွင် ဖက်ဆစ်တော်လှန်ရေး ပြည်သူ့လွတ်လပ်ရေး (ဖတပလ) အဖွဲ့ချုပ်ကြီး၌ အတွေထွေအတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့သလို၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး (ဖဆပလ) စတင် ဖွဲ့စည်းချိန်၌လည်း အထွေထွေအတွင်းရေးမှူးအဖြစ်ပါဝင်ခဲ့သည်။ သူသည် တို့ဗမာအစည်းအရုံးတွင် အတော်ဆုံး နိုင်ငံရေးသမားထဲတွင် ပါဝင်ခဲ့ပြီး တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်တို့၏ ယုံကြည်အားကိုးမှုကို ခံခဲ့ရသူဖြစ်သည်။ နောက်ပိုင်းတွင် ဂိုဏ်းဂဏ၊ ပါတီစွဲများကြောင့် နိဂုံးမလှသူ ဖြစ်ခဲ့သော်လည်း မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းရာတွင် တစ်ထောင့် တစ်နေရာက ပါဝင်ကာပြ အသုံးတော်ခံခဲ့သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com





အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့ အိန္ဒိယအမျိုးသားကွန်ဂရက်
နစ်ပတ်လည် ညီလာခံသို့ တက်ရောက်စဉ်
(ဝဲမှယာ) ဦးဘလှ(နယူးဒေလီအသံလွှင့်ဌာန)၊ သခင်အောင်ညွန့်၊
သခင် ခင်အောင်(သာယာဝတီ)၊ ကိုဝင်းဖေ(နယူးဒေလီအသံလွှင့်ဌာန)၊
သခင်အုန်းမြင့် (တိုးတက်ရေး)၊ သခင်သန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com



# ကွန်မြူနစ်နိုင်ငံတော်ကို တည်ထောင်လိုသူ
# သခင်သန်းထွန်း

ကွန်မြူနစ်ဝါဒကို စွဲမြဲစွာ ယုံကြည်ပြီး ကွန်မြူနစ်နိုင်ငံတော်ကို ထူထောင်လိုသော သခင်သန်းထွန်းကို ဖခင်ဖြစ်သူ သစ်ကုန်သည် ဦးဘိုးမောင်နှင့် မိခင်ဖြစ်သူ ဒေါ်အေးကြူတို့မှ ၁၉၁၁ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် တောင်ငူခရိုင်၊ ကညွတ်ကွင်းမြို့၌ မွေးဖွားခဲ့သည်။ သူသည်မွေးချင်းမောင်နှမ ခြောက်ယောက်အနက် တတိယမြောက် သားဖြစ်သည်။ သူ၏ညီဖြစ်သူ ကိုညီလေးမှာ သူ့လိုပင် မျိုးချစ်စိတ် ပြင်းထန်သဖြင့် နောင်တစ်ချိန်တွင် အာရှလူငယ် အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး ဖြစ်ခဲ့သည်။

သို့သော် ကိုညီလေးသည် သက်ဆိုးမရှည်ခဲ့ပေ။ ဖက်ဆစ်တော်လှန်ရေးတွင် ဂျပန်တို့၏ သတ်ဖြတ်ခြင်းကိုခံရပြီး တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရသည်။ ထို့အတူ ညီမဖြစ်သူ မမြဝင်း (မခင်ညို) မှာလည်း သက်ဆိုးမရှည်ခဲ့ပေ။ အစ်ကိုဖြစ်သူ သခင်သန်းထွန်းလိုပင်

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ဝါဒကို ယုံကြည်သဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီ ခရိုင် ကော်မတီဝင်အဖြစ် တောထဲတွင် ကျဆုံးခဲ့သည်။

သခင်သန်းထွန်းသည် အရွယ်ရောက်သောအခါ တောင်ကြီး အေဘီအိုင်ကျောင်းနှင့် ပျဉ်းမနားအစိုးရ ဟိုက်စကူးကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၁ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ပျဉ်းမနား ဟိုက်စကူးကျောင်း၌ အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၃၁ ခုနှစ်မှ ၁၉၃၃ ခုနှစ်အတွင်း ရန်ကုန်ဆရာအတတ်သင် ကောလိပ်၌ ဆရာဖြစ် သင်တန်းကို တက်ရောက်ခဲ့သည်။

ထိုသို့ ဆရာဖြစ်သင်တန်း တက်နေစဉ် ၁၉၃၂ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။ ထိုအချိန်က အစည်းအရုံးဥက္ကဋ္ဌမှာ ဆရာတင့်၊ အတွင်းရေးမှူးမှာ သခင်လေးမောင် ဖြစ်သည်။ သခင်သန်းထွန်းသည် သခင်ဘဝကို မခံယူမီကပင်၌ ကိုသိန်း(ကြီးပွားရေးဦးသိန်း) ဦးဆောင်သော လူငယ်များ ကြီးပွားရေးအသင်းတွင် ကိုကျော်စိန်(သခင်ကျော်စိန်)၊ ကိုလှ(လူထု ဦးလှ)၊ ကိုတင်မောင်(သခင်တင်မောင်)တို့နှင့်အတူ ဆောင်ရွက်ခဲ့ သည်။ သူ၏ကြိုးစားမှုနှင့် အသင်းအပေါ် စိတ်စေတနာထားမှု တို့ကြောင့် ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လူငယ် များ ကြီးပွားရေးအသင်း၏ အကျိုးဆောင်စာချီ (အတွင်းရေးမှူး) အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် မြန်မာနိုင်ငံရေး အခြေအနေ

သခင်သန်းထွန်းသည် ဆရာအတတ်သင် သင်တန်းကို တက်ရောက်နေစဉ် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးကို ဝင်ရောက်ခဲ့သလို လူငယ်များ ကြီးပွားရေးအသင်း၏ တိုးတက်ရေးကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့အပြင် သူသည် ဆရာအတတ်သင်ကောလိပ်၌ ဆရာဖြစ်သင်တန်း တက်ပြီးနောက်တွင် ရန်ကုန်မြို့ ကန်တော်လေး မွတ်စလင် အင်္ဂလိပ်-မြန်မာစာ ကျောင်း၌ အလယ်တန်းပြ ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုမှာ အင်အားကြီးမားလာသည်။ လူငယ်များ၏ အမျိုးသားရေး စိတ်ဓာတ်များမှာလည်း ပြင်းထန်လာသည်။ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်မှစ၍ စစ်မဖြစ်မီအထိ နယ်ချဲ့ဗြိတိသျှတို့သည် စီးပွားရေးနှင့် ပတ်သက်ပြီး စက်မှုလက်မှု တိုးတက်ရေးကို အားမပေးခဲ့ပေ။ မြန်မာနိုင်ငံကို ကုန်ကြမ်းပစ္စည်းသွင်းသည့် နိုင်ငံအဖြစ်သာ ထားရှိသည်။

ထို့ကြောင့် အရင်းအနှီး အားနည်းသော မြန်မာပြည်သူပြည်သားတို့သည် ဗြိတိသျှနှင့် ကုလားအရင်းရှင်များကို မပြိုင်ဆိုင်နိုင်ခဲ့ပေ။ လယ်ပိုင်ရှင်များသည်လည်း သူတို့၏ လယ်မြေများ တဖြည်းဖြည်း ဆုံးရှုံးလာသည်။ ၁၉၂၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ကျပ်တည်းမှုကြောင့် ဆင်းရဲသား မြန်မာလူထုသည် အခွန်အကောက်များ၏ ဖိနှိပ်မှုကြောင့် ပိုမိုဆင်းရဲလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့၏ နည်းမျိုးစုံ ဖိနှိပ်ခြင်းကို မခံနိုင်သော လယ်သမားတို့သည် ဝေါ်ပြီးအသေမခံ၊ တိုက်ပြီးအသေခံမည်ဟူသော စိတ်ဓာတ်မျိုးကို မွေးကာ နယ်ချဲ့အရင်းရှင်၊ ဗြိတိသျှတို့ကို တော်လှန်ဖို့ ကြိုးစားလေသည်။ ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံ ဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။

ထိုအချိန်က သခင်သန်းထွန်း၏ အသက်မှာ ဆယ်တန်းအောင်မြင်ကာစ ၁၉ နှစ်သာ ရှိသေးသည်။ သူသည် နောက်ပိုင်းတွင် အလယ်တန်းပြဆရာ ဖြစ်ခဲ့ပြီး ကြီးပွားရေးအသင်း၏ အကျိုးဆောင် (အတွင်းရေးမှူး)အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသလို ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များနှင့် ပို၍ခင်မင်ရင်းနှီးလာခဲ့သည်။

ထိုအချိန်က ကျောင်းသားသမဂ္ဂ၏ ဥက္ကဋ္ဌမှာ လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝန်ကြီးချုပ် ဖြစ်လာသည့် ဦးနု(သခင်နု) ဖြစ်ပြီး အတွင်းရေးမှူးမှာ မြန်မာ့လွတ်လပ်ရေး ဖခင်ကြီးဖြစ်မည့် ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) တို့ ဖြစ်ကြသည်။ သခင်သန်းထွန်းသည် ဦးနုထက် လေးနှစ်ခန့်ငယ်ပြီး ဗိုလ်ချုပ်အောင်ဆန်းထက် လေးနှစ်ခန့်ကြီးသည်။ ထိုအချိန်က မြန်မာနိုင်ငံရေး အခြေအနေမှာ ထက်မြက်သော လူကြီးများနှင့် သွက်လက်သော လူငယ်များ ပေါင်းစပ်ကာ လွတ်လပ်ရေးကြိုးပမ်းနေချိန် ဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် ဒုတိယကျောင်းသားသပိတ်

သခင်သန်းထွန်းသည် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များနှင့် ရင်းနှီးခဲ့ပြီးနောက် ၁၉၃၆ ခုနှစ်တွင် တကသမှ ဦးစီးကျင်းပသော အမျိုးသားနေ့ အခမ်းအနားတွင် ကမ္ဘာ့နယ်ချဲ့စနစ် အကြောင်းကို ဟောပြောခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ် သမဂ္ဂမှ ထုတ်ဝေသည့် အိုးဝေမဂ္ဂဇင်း အတွဲ(၅) အမှတ် (၁)တွင် ခေါင်းပါးရှင် ယမမင်း ဦးညိုမြ (ခေါ်) ဦးသိန်းတင် ရေးသားသည့် ငရဲခွေးကြီးလွတ်နေပြီ ခေါင်းပါးကိစ္စနှင့် ပတ်သက်ပြီး အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းအား ကျောင်းထုတ်ရန် ကျောင်းအုပ်ကြီး မစ္စတာဆလော့က စီစဉ်ခဲ့သည်။

ထို့အပြင် တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌဖြစ်သော ဦးနုအား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျောင်းမှထုတ်ပယ်လိုက်ကြောင်း အကြောင်းကြားစာ ပို့ခဲ့သည်။ ထိုကိစ္စများနှင့် ပတ်သက်ပြီး ဒုတိယ ကျောင်းသားသပိတ် ပေါ်လာခဲ့သည်။

ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသား သပိတ်ကြီး ပေါ်ပေါက်လာကြောင်း မြို့သူ မြို့သားများ သိရှိစေရန်အတွက် တက္ကသိုလ် ကျောင်းသားများသည် ရန်ကုန်မြို့တွင်းသို့ ကား ၃၃ စီးဖြင့်လည်း ကောင်း။ ကျောင်းအုပ်ကြီး မစ္စတာဆလော့၏ အိမ်ရှေ့၌လည်းကောင်း ဆန္ဒပြကြလေသည်။ ထို့နောက် ရွှေတိဂုံဘုရား ဇရပ်များတွင် ကျောင်းသားများ စခန်းချပြီး ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်

www.burmeseclassic.com

www.burmeseclassic.com



နေ့တွင် သပိတ်ကျောင်းသား ၃၀၀ ခန့်တို့သည် သပိတ်တားရန် ရွှေတိဂုံစေတီမှ ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ခဲ့သည်။ မတ်လသို့ ရောက်သောအခါ ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးရုံးမှ ကိုအောင်ဆန်းအား ကျောင်းသုံးနှစ် ထုတ်ပယ်ကြောင်း ကြေငြာခဲ့သည်။

၁၉၃၆ ခုနှစ် မေလတွင် ကျောင်းသားတို့၏ တောင်းဆိုချက်များကို အာဏာပိုင်တို့က လိုက်လျောခဲ့သဖြင့် သပိတ်လှန်ပေးလိုက်ကြသည်။ သို့သော် ဦးနု၊ ကိုအောင်ဆန်း စသော ကျောင်းသားများသည် တက္ကသိုလ်သို့ ပြန်မသွားတော့ပဲ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး သခင်အမည်ခံကြလေသည်။ သခင်ဆိုသည်မှာ တို့ဗမာဝါဒကို ယုံကြည်လက်ခံသူတိုင်းကို ဆိုလိုသည်။

တို့ဗမာဝါဒမှာ ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ဖျက်ရန်နှင့် မြန်မာပြည် တစ်ပြည်လုံး အမျိုးသားရေးစိတ် မွေးမြူကြရန်၊ ကျွန်စိတ်မှ သခင်စိတ်မွေးကြရန် ဖြစ်သည်။ တို့ဗမာအစည်းအရုံးတွင် ဦးနု၊ ကိုအောင်ဆန်း၊ ကိုလှဖေ၊ ကိုသိန်းဖေတို့သည် သခင်အမည်ခံပြီးနောက် သခင်သန်းထွန်းနှင့်အတူ မြန်မာ့လွတ်လပ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။ ထိုအချိန်က တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာသူများမှာ လေးမျိုးလေးစား ရှိလေသည်။

၁။ ကျွန်အဖြစ်ကို နာကျည်းကာ သခင်အဖြစ် ခံယူလာသူများ

၂။ မာ့ခ်ဝါဒနှင့် ဗုဒ္ဓဝါဒကို ချိန်ညှိရန် ကြိုးပမ်းလိုသူများ

၃။ သဘောတရားပိုင်းတွင် အားနည်းသော်လည်း ကွင်းဆင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်သားများအဖြစ် တက်ကြွသော ပုလိပ်လူထွက်၊
ဘုန်းကြီးလူထွက်နှင့် အစိုးရဝန်ထမ်းဟောင်းများ
၄။ အခွင့်အရေးသမား သာရာစီးများ စသည်တို့ ဖြစ်သည်။

xxxxx

## သခင်သန်းထွန်းနှင့် နဂါးနီစာအုပ်အသင်း

သခင်သန်းထွန်းသည် ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့တွင် နဂါးနီစာအုပ်အသင်းကို သခင်နု၊ သခင်စိုး၊ ကိုအုန်းခင် တို့နှင့်အတူ တည်ထောင်ပြီး စာအုပ်ရွေးချယ်ရေး တာဝန်ခံတစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။

သူသည် ဆင်းရဲသဖြင့် တက္ကသိုလ်သို့ မတက်ရောက်နိုင်ခဲ့သော်လည်း တက္ကသိုလ်ကျောင်းသားများဖြစ်သော သခင်နု ကို အောင်ဆန်းတို့နှင့်အတူ တို့ဗမာအစည်းအရုံးမှ ပေးအပ်သောတာဝန်ကို အတူတကွ လုပ်ကိုင်ခဲ့သည်။

ထို့ပြင် နဂါးနီစာအုပ်အသင်းတွင်လည်း သခင်နုနှင့်အတူ စာပေတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထိုအချိန်က သခင်သန်းထွန်းသည် ဦးနုနှင့် အင်မတန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့သည်။ တစ်ခါက ဦးနုက သခင်သန်းထွန်းအား “မင်းကဗမာပြည်ရဲ့ လီနင် ဖြစ်မယ့်လူ၊ ငါကတော့ မင်းရဲ့ မက်ဇင်းဂေါ်ကီ” ဟု ပြောခဲ့သည်။

ထိုအချိန်က သခင်သန်းထွန်း၊ သခင်စိုးနှင့် သခင်သိန်းဖေ တို့သည် ကွန်မြူနစ်ဝါဒကို ယုံကြည်သူများ ဖြစ်ကြသည်။ ထိုအထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် သခင်စိုးမှာ မြန်မာနိုင်ငံ၏ ကွန်မြူနစ်လူငယ်များအနက် မိမိကိုယ်ကိုယ် ယုံကြည်လွန်းသူဖြစ်သည်။

သခင်သန်းထွန်းမှာမူ မိတ်ဆွေများကို အကူအညီပေးဖို့သာ စဉ်းစားသည်။ သူသည် နိုင်ငံတဝန်း ကျောင်းသားလှုပ်ရှားမှုနှင့် ဆက်သွယ်သည့် တာဝန်များကို သခင်သိန်းဖေ(မြင့်)နှင့်အတူ ဆောင်ရွက်ခဲ့သလို သခင်အောင်ဆန်း၊ သခင်လှဖေတို့နှင့်လည်း ဆောင်ရွက်ခဲ့သည်။ နဂါးနီစာအုပ်အသင်းသည် ဒုတိယကမ္ဘာစစ် မတိုင်မီ စာအုပ်ပေါင်း ၇၀ ကျော် ထုတ်ဝေခဲ့သည်။

ပထမဦးစွာ နဂါးနီစာအုပ်အသင်း၏ ဥက္ကဋ္ဌမှာ သခင်နုဖြစ်ပြီး နောက်ပိုင်းတွင် ဦးအုန်းခင်က ဆောင်ရွက်သည်။ အသင်းမှ ထုတ်ဝေသည့် စာအုပ်များမှာ ခေတ်ပြိုင်နိုင်ငံရေး စာပေများဖြစ်သည်။ လူကြိုက်များသော စာအုပ်များအနက် နှစ်အုပ်မှာ ဂျွန်စထရက်ချီ (ဆိုရှယ်လစ်သဘောတရားနှင့်လက်တွေ့)နှင့် ကမ္ဘာ့နိုင်ငံရေးစာအုပ်များ ဖြစ်ကြသည်။

xxxxx

## တို့ဗမာအစည်းအရုံးဝင် သခင်သန်းထွန်း

သခင်သန်းထွန်းသည် ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံး အလယ်အမှုဆောင်အဖြစ် ရွေးချယ်ခံရရှိသည်။ ထို့နောက် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်း

www.burmeseclassic.com



ဦးဆောင်သော တို့ဗမာအစည်းအရုံး၏ ဌာနချုပ် အလုပ်အမှုဆောင်၊ လယ်သမားဌာန တာဝန်ခံအဖြစ် ရွေးချယ်တာဝန်ပေး ခံရလေသည်။

သူသည် တို့ဗမာအစည်းအရုံးတွင် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်။ တစ်ခါက တောင်သူလယ်သမားအဖွဲ့များ စတင် စည်းရုံးဆဲကာလတွင် ဗမာပြည်အလယ်ပိုင်းဖြစ်သော ရွှေဘို၊ ထောင်ဒွ၊ ကညွှတ်ကွင်း၊ ညောင်လေးပင်၊ ပဲခူး ဝေါ၊ ရခိုင်ပြည်နယ် တို့တွင် ရေဘေး၊ လေဘေး စသော သဘာဝကပ်ဆိုးများဖြစ်ပွား ခဲ့သည်။

ထိုသဘာဝကပ်ဆိုးကြောင့် လယ်သမားများသည် လယ်ဧက များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုအခါ တို့ဗမာအစည်းအရုံးဝင် ဖြစ်သော သခင်သန်းထွန်းသည် တို့ဗမာအစည်းအရုံး ဌာနချုပ်၌ ကျင်းပသည့် အဖွဲ့ပေါင်းစုံပါဝင်သော ရေဘေး လေဘေး ဒုက္ခသည် များ ကယ်ဆယ်ရေး အစည်းအဝေးသို့ တက်ရောက်ပြီး သခင် လေးမောင်၊ သခင်စံထွန်းလှနှင့် ရခိုင်အမျိုးသား ဦးဘိုမြတို့နှင့်အတူ ဒုက္ခသည်များအတွက် အထူးကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင် ရွက်ခဲ့သည်။

ထို့ကြောင့် ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်း အရုံး အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး ထို့နေ့မှာပင် ကျင်းပ သည့် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး၏ နိုင်ငံလုံး ဆိုင်ရာ အမှုဆောင်အဖြစ် ထပ်မံရွေးချယ်ခံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နယူးဘားမား အင်္ဂလိပ်သတင်းစာနှင့် ဘုံဘေမြို့ထုတ် ကွန်ဂရက်ဆိုရှယ်လစ်တို့တွင် သခင်လူငယ်များနှင့် နိုင်ငံရေးလှုပ်ရှားမှု၊ အုပ်ချုပ်ရေးသစ်နှင့် ပတ်သက်သော ဆောင်းပါးများ ရေးသားခဲ့သည်။ သူ၏ဂုဏ်သတင်းမှာ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံးဖြင့် စာဖတ်ပြန့်၍ စာနှံ့သူ၊ စာရေးကောင်းသူ၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူအဖြစ် ကျော်ကြားလေသည်။

ဆင်းရဲသဖြင့် တက္ကသိုလ်မတက်နိုင်သော်လည်း အိန္ဒိယနှင့် အင်္ဂလန်ရှိ လက်ဝဲစာပေထုတ်ဝေရေး စာအုပ်တိုက် တာဝန်ခံများ အင်္ဂလန်လောဘာပါတီ အမတ်များ၊ ကျောင်းသားသမဂ္ဂများ၊ လက်ဝဲဝါဒီများနှင့် စာပေးစာယူ ဆက်သွယ်ခဲ့သည်။ သူသည် တတ်နိုင်သည့် ကာယစွမ်းအား၊ ဉာဏ်ဏစွမ်းအားတို့ဖြင့် တိုင်းပြည်အား အကျိုးပြုနိုင်အောင် ကြိုးစားခဲ့သူ ဖြစ်သည်။

xxxxx

## သခင်သန်းထွန်းနှင့် ရေနံမြေသပိတ်

ရေနံမြေသပိတ်သည် ၁၉၂၁ ခုနှစ် သန်လျင် ဘီအိုစီ ရေနံချက်စက်ရုံ အလုပ်သမားသပိတ်၊ ၁၉၃၃ ခုနှစ် ရေနံချောင်း ဘီအိုစီ အလုပ်သမားသပိတ်၊ ၁၉၃၄ ခုနှစ် ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်သားထုသပိတ်၊ ၁၉၃၅ ခုနှစ် ရေဝတီဇီ သဘော်ကုမ္ပဏီ လုပ်သားအမှုထမ်း သပိတ်တို့ ဖြစ်ပွားပြီး နောက်ပိုင်းတွင် အင်အားအကြီးမားဆုံး အလုပ်သမားသပိတ်ကြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသပိတ်ကြီးတွင် အလုပ်သမားများသာမက ကျောင်းသားများ၊ နိုင်ငံရေးသမားများ၊ ရဟန်းသံဃာတော်များ၊ ပြည်သူလူထုများပါ ပါဝင်ဆင်နွှဲခဲ့သဖြင့် ရေနံမြေသပိတ်မှ ၁၃၀၀ ပြည့် အရေးတော်ပုံ ဖြစ်လာခဲ့သည်။ ထိုရေနံမြေသပိတ် ဖြစ်ပေါ်လာရခြင်း၏ အဓိက အကြောင်းရင်းမှာ မော်တော်ကားစက်ပြင်ဆရာ အလုပ်သမားခေါင်းဆောင် သခင်ခင်အား ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ပတ်သက်ပြီး ကုမ္ပဏီက အလုပ်ထုတ်ပစ်ခြင်းပင် ဖြစ်သည်။ သခင် ခင်သည် တို့ဗမာအစည်းအရုံးဝင် တစ်ယောက်ဖြစ်သည်။

ထို့ကြောင့် တို့ဗမာအစည်းအရုံးမှ နာယကကြီး သခင် ကိုယ်တော်မှိုင်းနှင့် သခင်လေးမောင်တို့သည် ရန်ကုန်အလုပ်သမားအမတ် ဦးဘလှိုင်(လွှယ်အိတ်)တို့ အလုပ်သမား ပြဿနာများ ဖြေရှင်းရန် အတွက် ရေနံချောင်းမြို့သို့ ရောက်ရှိလာချိန်တွင် ဆရာကြီးတို့ကို ကြိုဆိုရန်အတွက် ချောက်အလုပ်သမား အစည်းအရုံးက သခင် ခင် ကို တာဝန်ပေးခဲ့သည်။

ထိုအခါ သခင် ခင်က ဆရာကြီးတို့ကို ကြိုဆိုရန် ဘီအိုစီ ကုမ္ပဏီကို ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နှင့် ၇ ရက်နေ့ အတွက် ခွင့်နှစ်ရက်တင်ရာ ကုမ္ပဏီက ခွင့်တစ်ရက်သာ ပေးခဲ့သည်။ သို့သော် သခင် ခင်သည် ခွင့်နှစ်ရက်ယူခဲ့သဖြင့် ကုမ္ပဏီက ခွင့် တစ်ရက် ပျက်ကွက်သည်ဟုဆိုကာ အလုပ်ဖြုတ်ပစ်ခဲ့သည်။

ထိုသို့ အလုပ်သမားခေါင်းဆောင် သခင် ခင်အား အလုပ်ဖြုတ် ခြင်းနှင့် ပတ်သက်ပြီး အမျိုးမျိုး ဖိနှိပ်ခြင်းခံခဲ့ရသော ရေနံမြေ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများသည် မကျေမနပ်ဖြစ်ကာ သပိတ်မှောက်ကြလေသည်။ ထိုသပိတ်တွင် အလုပ်သမားများသည် လိုအပ်သော တောင်းဆိုချက် ၂၁ ရပ်ကို တောင်းဆိုကြသည်။ ထို့နောက် သပိတ်ကြီးသည် ချက်ချင်းပင် တစ်နိုင်ငံလုံးကို ကူးစက်ပျံ့နှံ့သွားသည်။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် ဗုဒ္ဓဟူးနေ့တွင် အာဇ္ဇာဝက သခင်ဖိုးလှကြီး ခေါင်းဆောင်သော သပိတ်ကြီးသည် မိုင် ၄၀၀ ခန့် ရှည်လျားသော ရန်ကုန်မြို့ကို ချီတက်လာခဲ့ကြသည်။ ထိုသို့ ချီတက်ရာတွင် သခင်သန်းထွန်းသည် ရေနံမြေအလုပ်သမားများကို အကူအညီ ပေးရန်အတွက် အာဇာနည်မိုလ်စာရင်း ကောက်ခံသည့် ကြေညာချက်ကို ရန်ကုန်စီရင်စု၊ တို့ဗမာအစည်းအရုံးမှ သခင်စံထွန်းလှ၊ သံနှင့်လျှင်အလုပ်သမား အစည်းအရုံးမှ သခင်စိုး၊ ရေနံချောင်း အလုပ်သမား အစည်းအရုံးမှ သခင်လှိုင်တို့နှင့်အတူ ဗဟိုတို့ဗမာ အစည်းအရုံး တာဝန်ခံအဖြစ် လက်မှတ်ရေးထိုးပြီး ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ထို့နောက် သခင်သန်းထွန်းကို ဒီဇင်ဘာလ ၇ ရက်နေ့ ရွှေတိဂုံစေတီတော် ဦးဘာရီဇရပ်၌ ကျင်းပသည့် နိုင်ငံရေးဂိုဏ်းပေါင်းစုံ၊ အသင်းအဖွဲ့ပေါင်းစုံ အစည်းအဝေးက သပိတ်မှောက် အလုပ်သမား လယ်သမား ကြိုဆိုရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးလိုက်သည်။ ထိုအချိန်က ဥက္ကဋ္ဌမှာ သခင်ထိပ်တင် ကိုယ်တော်ကြီးဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com





သခင်သန်းထွန်းနှင့် ဇနီး ဒေါ်ခင်ခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## အဖမ်းခံရသော သခင်သန်းထွန်း

သခင်သန်းထွန်းသည် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။ သူသည် တာဝန်ပေးခံရခြင်းနှင့်အတူ သပိတ်မှောက် အလုပ်သမား၊ လယ်သမားများအား ကြိုဆိုပြီးနောက် ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံရှိ သပိတ်အောင်မြေကွက်လပ်ကြီး၌ ပထမဆုံးသော ပြည်လုံးကျွတ် အလုပ်သမားညီလာခံကြီးကို ကျင်းပရာတွင် ရဲရဲတောက် မိန့်ခွန်းကို ပြောကြားခဲ့သည်။

၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက် ၄ နာရီခန့်တွင် ရွှေတိဂုံစေတီတောင်ဘက်မှ စောင်းတန်းရှိ တို့ဗမာအစည်းအရုံး တည်ရှိရာဌာန မော်လမြိုင်ဇရပ်ကို ရဲများက လာရောက်ဝိုင်းဝန်းပြီး ဖမ်းဆီးရာ သခင်သန်းထွန်းသည် ဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်အောင်ဆန်း၊ သခင်နုတို့နှင့်အတူ ရန်ကုန်မြို့တော် အရေးပေါ်လုံခြုံရေး အက်ဥပဒေအရ အဖမ်းခံရသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် လှုပ်ရှားတက်ကြွ မြန်မာကွန်မြူနစ်ပါတီ

သခင်သန်းထွန်းသည် ဇန်နဝါရီ ၂၁ ရက်နေ့တွင် အဖမ်းခံရသော်လည်း ဇန်နဝါရီ ၂၈ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထို့နောက် ဆက်လက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်လှုပ်ရှားခဲ့ရာ ၁၉၃၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးနှစ်ပတ်လည်ညီလာခံက သူ့အား စီရင်စု အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့သည်။

သူသည် နယ်ချဲ့တိုင်းတစ်ပါးသားတို့ လက်အောက်မှ လွတ်မြောက်ရေးနှင့် မြန်မာပြည်သူ၊ ပြည်သားများ အကျိုးရှိရေးအတွက် မကြောက်မရွံ့ ဆောင်ရွက်နေသူ ဖြစ်သည်။ အင်အားကြီးမားသော နယ်ချဲ့အစိုးရကို တွန်းလှန်တိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် သူ့ကို ဝါရင့်နိုင်ငံရေးသမားများ၊ ခေါင်းဆောင်များက သဘောကျနှစ်သက်ကြသည်။ ယုံကြည်အားကိုးရသော မျိုးချစ်စိတ် ပြင်းထန်သည့် နိုင်ငံရေးသမားတစ်ယောက်ဟု သတ်မှတ်ထားကြသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် လှုပ်ရှားတက်ကြွစွာ ကြိုးစားနေသော တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်များသည် ၁၉၃၉ ခုနှစ် ဧပြီလတွင် ကျင်းပသော မော်လမြိုင်မြို့ စတုတ္ထအကြိမ် တို့ဗမာအစည်းအရုံးညီလာခံမှ သခင်သန်းထွန်းအား ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင်၊ ဌာနချုပ် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သူ၏အရည်အချင်းနှင့် ထက်မြက်မှုကို ခေါင်းဆောင်များက လက်ခံယုံကြည်သဖြင့် ၁၉၃၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် တို့ဗမာအစည်းအရုံး၏ ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့သို့ ရောက်သောအခါ တို့ဗမာအစည်းအရုံး၏ ခေါင်းဆောင်များဖြစ်သော သခင်အောင်ဆန်း၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ဘတင်(ခေါ်) မစ္စတာ ဂိုရှယ်တို့သည် အိန္ဒိယကွန်မြူနစ်ပါတီမှ မစ္စတာဒတ္တားနှင့် ဆက်သွယ်မိခဲ့ပြီးနောက် ရန်ကုန်မြို့ ၄၈ လမ်းရှိ နဂါးနီ သခင်ထွန်းရွှေ၏ အိမ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)ကို လျှို့ဝှက်စွာ တည်ထောင်ခဲ့ကြသည်။ ထိုကွန်မြူနစ်ပါတီ တည်ထောင်ခြင်းသည် မြန်မာ့လွတ်လပ်ရေး၏ ခြေလှမ်းအစ ဆိုလျှင်လည်း မမှားပေ။

×××××

## သခင်သန်းထွန်းနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း

ဗမာ့ထွက်ရပ်ဂိုဏ်းသည် တို့ဗမာအစည်းအရုံးမှ မြန်မာ့လွတ်လပ်ရေးကို မြတ်နိုးသူအားလုံး ပါဝင်သည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းရန် ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် ဆုံးဖြတ်လိုက်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ထိုအချိန်က ဒေါက်တာဘမော်သည် နှန်ရင်းဝန်ရာထူးမှ

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျသွားချိန် ဖြစ်သည်။ ထို့ကြောင့် ဗမာ့ထွက်ရပ်ဂိုဏ်းတွင် တို့ဗမာအစည်းအရုံး၊ ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်နေပြည်တော်(မန္တလေး)တို့ ပါဝင်ခဲ့သည်။

ထိုအခါ သခင်သန်းထွန်းသည် တို့ဗမာအစည်းအရုံး၌ (၁) ကိုယ့်မင်းကိုယ်ချင်းအစိုးရ၊ (၂) ဗမာ့နိုင်ငံရေးသမိုင်း။ (၃) ဒိုနချုပ် တို့ဗမာအစည်းအရုံး၏ လုပ်ငန်းစဉ်နှင့် နည်းပရိယာယ်များ။ (၄) နိုင်ငံတကာရေးရာ အခြေအနေ စသည့် နိုင်ငံရေးသင်တန်းများကို စက်တင်ဘာလ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပို့ချပြီးသည့်နောက် ၁၉၃၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် တရားဝင်ဖွဲ့စည်းခဲ့သော ဗမာ့ထွက်ရပ်ဂိုဏ်းတွင် အလုပ်အမှုဆောင်အဖြစ် ပါဝင်ခဲ့သည်။

ထိုအချိန်က ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဥက္ကဋ္ဌမှာ ဒေါက်တာဘမော်ဖြစ်ပြီး အတွင်းရေးမှူးမှာ သခင်အောင်ဆန်း ဖြစ်သည်။ ဦးနုနှင့် သခင်သန်းထွန်းတို့သည် ဒေါက်တာဘမော်နှင့် ရင်းနှီးသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဗမာ့ထွက်ရပ်ဂိုဏ်း အခိုပြုချက်ကြောင့် မဟာမိတ်ထဲတွင် နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော် ပါဝင်လာရခြင်းမှာ ဦးနုနှင့် သခင်သန်းထွန်းတို့ကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ -

www.burmeseclassic.com

www.burmeseclassic.com



(၁) ဒေါက်တာဘမော် (ဆင်းရဲသားဝံသာနုအဖွဲ့ခေါင်းဆောင်)
(၂) သခင်အောင်ဆန်း (တို့ဗမာအစည်းအရုံး၊ အထွေထွေ အတွင်းရေးမှူး)
(၃) သခင်သန်းထွန်း (တို့ဗမာအစည်းအရုံး အမှုဆောင်)
(၄) သခင်လှဘော် (တို့ဗမာအစည်းအရုံး အမှုဆောင်)
(၅) သခင်နု (တို့ဗမာအစည်းအရုံး အမှုဆောင်)
(၆) သခင်မြ (တို့ဗမာအစည်းအရုံး အမှုဆောင်)
(၇) ဦးလှမင်း (ဆင်းရဲသားဝံသာနုအဖွဲ့အမှုဆောင်)
(၈) ဒေါက်တာသိန်းမောင် (ငါးပွင့်ဆိုင်အဖွဲ့ အမှုဆောင်)
(၉) ဗန္ဓုဦးစိန် (ဆင်းရဲသားဝံသာနုအဖွဲ့အမှုဆောင်)
(၁၀) ဦးဘရွှေ(မန္တလေး) (နေပြည်တော်အဖွဲ့အမှုဆောင်)
(၁၁) ဦးထွန်းအောင် (ငါးပွင့်ဆိုင်အဖွဲ့ အမှုဆောင်)
(၁၂) စောဖေသာ (ကရင်အမျိုးသားအမှုဆောင်)
(၁၃) ဦးဘဦး(မန္တလေး) (နေပြည်တော်အဖွဲ့အမှုဆောင်)

စသည်တို့ ဖြစ်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် ဒုတိယကမ္ဘာစစ်

ဒုတိယကမ္ဘာစစ်ကြီးသည် မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ နယ်ချဲ့ဗြိတိသျှတို့သည် သူတို့ဘက်မှကူညီ၍တိုက်ခိုက်ပေးရန် မြန်မာ့ခေါင်းဆောင်များကို တောင်းဆိုခဲ့သည်။ ထို့အပြင် မြန်မာလူမျိုးတို့၏ ဆန္ဒမပါဘဲ စစ်အတွင်းသို့ ပါဝင်စေခဲ့သည်။

ထို့ကြောင့် ဗမာ့ထွက်ရပ်ဂိုဏ်းသည် မြန်မာလူမျိုးတို့၏ ဆန္ဒမပါဘဲ စစ်အတွင်းသို့ ဆွဲသွင်းသည့် ဗြိတိသျှတို့၏ ပေါ်လစီကို လူသိရှင်ကြား ပြစ်တင်ရှုပ်ချခဲ့သည်။ ထို့အပြင် ဗမာ့ထွက်ရပ်ဂိုဏ်းသည် မြန်မာနိုင်ငံအား လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် ချက်ချင်းအသိအမှတ်ပြုလိုက်ခြင်းဖြင့် အတိအလင်း ကြေငြာထားသော ယခုစစ်အတွင်း ရည်ရွယ်ချက်များကို အထမြောက်ပြီးစီးအောင် အကောင်အထည်ဖော်ပေးရန် မြန်မာနိုင်ငံအစိုးရမှတဆင့် ဗြိတိသျှ အစိုးရအား တောင်းဆိုလိုက်သည်။

ထိုအချိန်က ဗမာ့ထွက်ရပ်ဂိုဏ်း၏ ရပ်တည်မှုမှာ အကယ်၍ ဗြိတိန်နိုင်ငံသည် စစ်ကြီးပြီးချိန်တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဟု အာမခံလျှင် မြန်မာအမျိုးသားရေးဝါဒီများက ဗြိတိန်အားထောက်ခံပြီး ဗြိတိန်၏ရန်သူများကို တိုက်မည်။ ထိုသို့ မပေးပါက သခင်များနှင့် သူ၏မဟာမိတ်များက ဗြိတိသျှတို့အား တိုက်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၉၄ဝ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဒေါက်တာဘမော်၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်းတို့ပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်းဝင်တို့နှင့် ဗမာ့လက်ရုံးတပ်၊ ဗမာ့တပ်ဖွဲ့ဝင်များ၊ လူငယ်ကျောင်းသားများ ပါဝင်သော အင်အား ၁၅ဝဝဝ ကျော်တို့သည် ရန်ကုန်မြို့ အလုံပန်းခြံ (သခင်မြပန်းခြံ)မှ ဗိုလ်တစ်ထောင်ကွင်းအထိ အင်အားပြ ချီတက်ခဲ့ကြသည်။

၁၉၄ဝ ပြည့်နှစ် မတ်လ ၁၂ ရက်သို့ ရောက်သောအခါ သခင်သန်းထွန်းသည် အိန္ဒိယကွန်ဂရက်ပါတီ၏ ဖိတ်ကြားချက်အရ သခင်အောင်ဆန်းနှင့်အတူ အိန္ဒိယရမ်းဂါးညီလာခံသို့ တက်ရောက်ပြီး ပြည်နယ်အချို့ကို လှည့်လည်ကာ အိန္ဒိယခေါင်းဆောင်များနှင့် နိုင်ငံရေးအခြေအနေ ဆွေးနွေးခဲ့ပြီး မေလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့သည်။

xxxxx

## ထောင်နှင့် နိုင်ငံရေး

သခင်သန်းထွန်းသည် အိန္ဒိယကွန်ဂရက်မှ မေလ ၁ ရက်နေ့တွင် ပြန်ရောက်ပြီးနောက် မေလ ၁၅ ရက်နေ့တွင် ဒွန်ချစ်တောင်သူလယ်သမားဌာန အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ သို့သော် သူသည် နိုင်ငံရေးကို အင်တိုက်အားတိုက် မလုပ်နိုင်ခဲ့သေး။ အဘယ်ကြောင့်ဆိုသော်

ဗြိတိသျှအစိုးရသည် သူတို့ကို ပြန်လည်ဖမ်းဆီးရန် ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



နေသည့် တို့ဗမာအစည်းအရုံးမှ သခင်များကို ၁၉၄၀ ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လများတွင် စတင်ဖမ်းဆီးလာခဲ့သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ဇူလိုင်လ ၂၄ ရက်နေ့တွင် ကာကွယ်ရေး ပုဒ်မဖြင့် တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်လေးမောင်နှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။

ထိုသို့ဖမ်းဆီးခံခဲ့ရသော်လည်း သခင်သန်းထွန်းသည် စိတ်ဓာတ် မကျပေ။ မြန်မာပြည်သူနှင့် လူထုအတွက် လုပ်ဆောင်ရင်း အဖမ်း ခံရတာ ဝမ်းနည်းစရာမရှိဟု ခံယူထားသည်။ သို့သော် သူသည် ထောင်ထဲတွင် ကြာကြာမနေရဘဲ ဦးနုနှင့် နဂါးနီပုံနှိပ်တိုက် ဦး မောင်မောင်တို့၏ အာမခံပေးမှုကြောင့် ပြန်လည်လွတ်မြောက်လာ ခဲ့သည်။

အပြင်သို့ ပြန်ရောက်သော အခါတွင်လည်း သခင်သန်းထွန်း သည် ကြာကြာမနေရပေ၊ နိုင်ငံရေးသမားနှင့်ထောင်၊ ထောင်နှင့် နိုင်ငံရေးသမားတို့သည် လင်မယား၊ အဆွေခင်ပွန်း၊ အရင်းနှီးဆုံး မိတ်ဆွေများ ဖြစ်ကြသည်ဟူသော စကားကဲ့သို့ ၁၉၄၀ ပြည့်နှစ် ဇူလိုင်လ ၇ ရက်နေ့တွင် အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် နိုင်ငံရေး သမားများ ပေါ်ထွက်လာမှာ စိုးသလို၊ နိုင်ငံရေးသမားများ စုနေမည်ကိုလည်း စိုးရိမ်သဖြင့် အစွမ်းအစရှိပြီး ထက်မြက်သော နိုင်ငံရေးသမားများကို ထပ်မံဖမ်းဆီးခဲ့သည်။

ထိုအခါ သခင်သန်းထွန်းသည် အဖမ်းခံရပြီး မြေမြင်းမြို့တာရားရုံး မှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့သည်။ ထိုအကြိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သခင်သန်းထွန်းသာမက ပထမအကြိမ်က အာမခံပေးခဲ့သော သခင်နု နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များပါ အဖမ်းခံရသည်။ သခင်အောင်ဆန်း ကသာ အဖမ်းမခံဘဲ ထွက်ပြေးတိမ်းရှောင်ခဲ့သဖြင့် လွတ်မြောက်ခဲ့သည်။

xxxxx

## မြန်မာ့လွတ်လပ်ရေး၏ နိဒါန်းအစ

သခင်သန်းထွန်းတို့ အဖမ်းခံရချိန်တွင် သခင်မြ ဦးစီးသော မြေအောက်ပြည်သူ့ အရေးတော်ပုံပါတီဝင်များသည် တရုတ်ပြည်



သခင်အောင်ဆန်း(တရုတ်အမည် တန်လွန်ရှောင်)နှင့် သခင်လှမြိုင်(တရုတ်အမည် တန်ဆူအောင်)တို့သည် ရန်ကုန်မြို့ ၁၉ လမ်းတွင် နေထိုင်သော ကိုကျော်ခင်၏ အကူအညီဖြင့် တရုတ်နိုင် အမွိုင်မြို့သို့ သွားရောက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ် ရခဲ့သဖြင့် ထွက်ပြေးတိမ်းရှောင်နေသော သခင်အောင်ဆန်းကို သခင်ကျော်စိန်နှင့်အတူ တရုတ်ပြည်သို့ စေလွှတ်ရန် စီစဉ်ခဲ့သည်။

သို့သော် သခင်ကျော်စိန်သည် အကြောင်းအမျိုးမျိုးကြောင့် မလိုက်ဖြစ်သဖြင့် သန်လျင်အလုပ်သမားခေါင်းဆောင် သခင်လှမြိုင်ကို သခင်အောင်ဆန်းနှင့်အတူ စေလွှတ်ရန် စီစဉ်ခဲ့သည်။ ထို့နောက် သခင်အောင်ဆန်းသည် သခင်လှမြိုင်နှင့်အတူ ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအတွက် ပြည်ပအကူအညီကို ရယူရန် မြန်မာပြည်မှ တရုတ်ပြည်သို့ ဟိုင်လီသင်္ဘောဖြင့် လျှို့ဝှက်စွာထွက်ခွာခဲ့သည်။



သခင်အောင်ဆန်းနှင့် သခင်လှမြိုင် တရုတ်နိုင်ငံ အမွိုင်မြို့သို့ သွားရောက်မည့် နော်ဝေးပိုင် ဟိုင်လီသင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သခင်အောင်ဆန်း၏ အမည်မှာ တန်လွန်ရှောင် ဖြစ်ပြီး သခင်လှမြိုင်၏ တရုတ်အမည်မှာ တန်ဆုတောင်ဖြစ်သည်။ တရုတ်ပြည်သို့ ထွက်ခွာလာသော သခင်အောင်ဆန်းတို့သည် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် တရုတ်ပြည်တောင်ဘက် ကမ်းခြေရှိ အမွိုင်မြို့သို့ ရောက်ရှိလာခဲ့သည်။

ထို့နောက် တရုတ်ပြည် အမွိုင်မြို့တွင် သောင်တင်နေစဉ် ဗိုလ်မှူးကြီး ဆူဇူကီး၏ အဆက်အသွယ်ဖြင့် ဂျပန်ဘုရင်၏ ဦးစီးချုပ်နှင့် သခင်မြ ဦးစီးသော မြေအောက်တော်လှန်ရေး အဖွဲ့ချုပ်တို့သည် ထပ်မံပြီး အဆက်အသွယ်ရရှိသဖြင့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကို ဂျပန်ပြည်သို့ စေလွှတ်ခဲ့သည်။

ထို့ကြောင့် သခင်အောင်ဆန်းတို့သည် ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တရုတ်ပြည်မှတဆင့် ထိုင်ဝမ်ကျွန်း (ဖော်မိုဆာကျွန်း)သို့လည်းကောင်း။ ထို့မှတဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဂျပန်စစ်ဦးစီးချုပ်ရုံး၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် ဗိုလ်မှူးကြီး ဆူဇူကီး ဦးဆောင်သော မိနာမိကိကန်း. အဖွဲ့ဝင်များသည် သခင်အောင်ဆန်းတို့နှင့် ပူးပေါင်းမိသွားကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



# ရဲဘော်သုံးကျိပ်ပေါ်ပေါက်လာခြင်း

သခင်အောင်ဆန်းသည် ဗိုလ်မှူးကြီး ဆူဇူကီး ဦးဆောင်သော မီနာမီကိကာန်းအဖွဲ့နှင့် ဆွေးနွေးပြီးနောက် မြန်မာလူငယ်များ စစ်ပညာသင်ကြားရေးနှင့် မြန်မာပြည်လွတ်လပ်ရေးအတွက် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ရွှန်းတင်းမာရူးကုန်သင်္ဘောဖြင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရာ မတ်လ ၃ ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ သယံန်းကျွန်းတွင် မတ်လ ၄ ရက်နေ့၌ ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်များနှင့် လျှို့ဝှက်တွေ့ဆုံကာ ဂျပန်သို့ စစ်ပညာသင်ယူရန် လူငယ်များ ပို့ဆောင်ရေးအတွက် ဆွေးနွေးခဲ့ကြရာ မတ်လ ၁၀ ရက်နေ့တွင် ရဲဘော်သုံးကျိပ်ဝင် ပထမအသုတ်အဖြစ် သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်ဘဂျမ်း(ဗိုလ်လရောင်)၊ သခင်အေးမောင်(ဗိုလ်မိုး)၊ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)တို့ ပါဝင်သည့် လူငယ်များကို ပထမအသုတ်အဖြစ် ရွှန်းတင်းမာရူးကုန်သင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ ပို့ဆောင်ခဲ့သည်။

ဧပြီလ ၁၃ ရက်နေ့သို့ ရောက်သောအခါ သခင်စိုး(ဗိုလ်မြင့်အောင်)၊ သခင်စောလွင်(ဗိုလ်မင်းခေါင်)၊ သခင်သန်းတင်-၂(ဗိုလ်မြဒင်)၊ ကိုရွှေ(ဗိုလ်ကျော်ဇော)၊ သခင်တင်အေး(ဗိုလ်ဘုန်းမြင့်)၊ ကိုအောင်သိန်း(ဗိုလ်ရဲထွဋ်)၊ သခင်ထွန်းရွှေ(ဗိုလ်လင်းယုန်) တို့သည် ကိုင်ရှိမားရူးသင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေလသို့ရောက်သောအခါ ရဲဘော်သုံးကျိပ်ဝင်တို့သည် တတိယအသုတ်ဖြစ်သော ကိုလှမောင်(ဗိုလ်ဇေယျ)၊ သခင်စံမြ(ဗိုလ်တောက်ထိန်)၊ သခင် ခင်မောင်ဦး(ဗိုလ်တာရာ)တို့သည် မီနာမီအစည်းအဝေးမှ မစ္စတာစုဂီး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုဆိုင်မာရူး သင်္ဘောကိုစီးကာ ဂျပန်နိုင်ငံသို့ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့သည်။

ဇူလိုင်လ ၈ ရက်နေ့တွင် စတုတ္ထအသုတ်ဖြစ်သော သခင်ထွန်းအုပ်၊ သခင်ရှုမောင်(ဗိုလ်နေဝင်း)၊ သခင်စံလှိုင်(ဗိုလ်အောင်)၊ သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ)၊ သခင်လှ(ဗိုလ်မင်းရောင်)၊ သခင်သန်းညွန့်(ဗိုလ်ဇင်ယော်)၊ သခင်ကျော်စိန်(ဗိုလ်မိုးညို)၊ သခင်မောင်မောင်(ဗိုလ်ညာထား)၊ သခင်ငွေ(ဗိုလ်စောအောင်)၊ သခင်သစ်(ဗိုလ်စောနောင်)၊ သခင်ထွန်းလွင်(ဗိုလ်ဗလ)တို့သည် ကိုရီယုမာရူးသင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာလာခဲ့ကြသည်။

ရဲဘော်သုံးကျိပ်ဝင်များထဲတွင် သခင်အောင်သန်း(ဗိုလ်စကြာ)၊ ကိုဆောင်း(ဗိုလ်ထိန်ဝင်း)၊ သခင်သန်းတင်-၁ တို့သည် ဂျပန်နိုင်ငံကိုအစောပိုင်းကပင် ကြိုတင်ရောက်ရှိနေကြသည်။ ဤသို့ဖြင့် မီနာမီကိကန်းအဖွဲ့က ရဲဘော်သုံးကျိပ်ကို ဟိုင်နန်ကျွန်းရှိ စန်ယ တောင်သူလယ်သမားကျောင်းတွင် ၁၉၄၁ခုနှစ် ဧပြီလ ၂၅ ရက်နေ့မှ စတင်၍ စစ်ပညာများကို ပြင်းထန်စွာသင်ကြားလေ့ကျင့်ပေးခဲ့သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် အင်းစိန်ထောင်စစ်တမ်း

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဟိုင်နန်ကျွန်းရှိ စန်ယာတောင်သူလယ်သမားကျောင်းတွင် စစ်ပညာများကို အပြင်းအထန် သင်ယူနေချိန်တွင် ထောင်ထဲတွင်ရောက်ရှိနေသော သခင်သန်းထွန်းကလည်း စိတ်ဓာတ်မကျဘဲ သခင်လေးမောင်၊ သခင်စိုးတို့နှင့်အတူ အင်းစိန်ထောင်ထဲတွင် နိုင်ငံရေးသင်တန်းများ၊ မှာ်ဝါဒများကို ပို့ချခဲ့သည်။

၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ဂျာမနီက ရုရှားကို ဝင်တိုက်ရာတွင် ကမ္ဘာ့စစ်ရေး အခြေအနေအရ ထောင်အတွင်းရှိ သခင်သန်းထွန်းသည် သခင်လေးမောင်၊ သခင်စိုး၊ သခင်ကျော်စိန်၊ သခင်လှဘော်၊ သခင်နုတို့နှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နာဇီဖက်ဆစ်တိုက်သူတိုင်း မဟာမိတ်ဖြစ်ရမည်။ မဟာမိတ်တို့နှင့် ပူးပေါင်း၍ ဖက်ဆစ်တို့ကို ဆန့်ကျင်ရမည်ဟူသော အင်းစိန်စစ်တမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုအချိန်တွင် ထောင်ကျသွားသော သခင်များ

www.burmeseclassic.com



ကြောင့် နှစ်ကိုတ်းကွဲနေသည့် တို့ဗမာအစည်းအရုံးသည် ထောင်ထဲတွင် ပြန်လည်ညီညွတ်နေချိန်ဖြစ်သည်။

xxxxx

## ဗမာ့လွတ်လပ်ရေးတပ်မတော်

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်တို့သည် စစ်ပညာများသင်ယူပြီးနောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဗမာကာကွယ်ရေးတပ်မတော် (BIA)ကို ဖွဲ့စည်းပြီး ဂျပန်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ထိုအခါ ရဲဘော်သုံးကျိပ်ဝင်တို့နှင့်အတူ ဂျပန်



ရဲဘော်သုံးကျိပ်ဝင်များ
[illegible]
ဗမာ့လွတ်လပ်ရေးတပ်မတော် [illegible]
[illegible]

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်၏ ထိုးစစ်ကို မခံနိုင်သော အင်္ဂလိပ်တို့သည် ၁၉၄၂ ခုနှစ် ကုန်ခါနီးတွင် မြန်မာပြည်မှ စတင်ဆုတ်ခွာခဲ့သည်။

ထိုသို့ ဆုတ်ခွာချိန်တွင် အင်းစိန်ထောင်တွင် ရှိနေသော သခင်သန်းထွန်းကို သခင်လေးမောင်၊ သခင် ခင်အောင်၊ သခင်ဗစိန် တို့နှင့်အတူ မုံရွာထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် ၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးတပ်မတော်သည် အမှတ် (၂၁၅) ဂျပန်ခြေလျင်တပ်မကြီးနှင့်အတူ ရန်ကုန်မြို့သို့ ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ပြီး အဖမ်းခံရသော နိုင်ငံရေးသမားများလည်း ပြန်လည်လွတ်မြောက်ခဲ့သည်။

xxxxx

## သခင်သန်းထွန်းနှင့် ဂျပန်ခေတ်

ဖက်ဆစ်ဂျပန်ကို မုန်းတီးသော သခင်သန်းထွန်းသည် ဂျပန်ခေတ်တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၌ ဝန်ကြီးတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ထိုအချိန်က အဓိပတိဖြစ်နေသော ဒေါက်တာဘမော်က ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ကို တိုင်းပြည် အုပ်ချုပ်တတ်အောင် သင်ပေးမည်ဟုဆိုသည်။

ထိုအချိန်က ဒေါက်တာဘမော်သည် ဒို့ဗမာအစည်းအရုံးနှင့် အတော်ဆုံးနိုင်ငံရေးသမား ဖြစ်ခဲ့သော သခင်သန်းထွန်းနှင့်ပတ်သက်ပြီး "သန်းထွန်းမှာ လူငယ်အမျိုးသားရေး ဝါဒီများအနက် ဉာဏ်ရည်

www.burmeseclassic.com

www.burmeseclassic.com



အထက်ဆုံး အကာန့်အသတ်မဲ့ တက်ကြွသူ ဖြစ်နိုင်သည်" ဟု ပြောခဲ့သည်။

ဦးနုကလည်း သူ၏ ငါးနှစ်ရာသီ မြန်မာပြည်၌ "သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်သန်းထွန်းနဲ့ ကျွန်တော်တို့အားလုံးပေါင်း လေးယောက်သည် ထိုအဖွဲ့တွင် ချိန်ခွင်လျှာကို ကိုင်ထားသူများ ဖြစ်ကြသည်။ ကျွန်တော်တို့လေးဦး မဲပေးလိုက်သည့် ဘက်က အနိုင်ရနိုင်သည်" ဟု ရေးသားခဲ့သည်၊ သခင်သန်းထွန်းသည် သခင်မြ၊ ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ချစ်တို့ ပါဝင်သော အတွင်းစည်းတစ်ခုကို ဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့သည်။ ထိုအချိန်က ဒေါက်တာဘမော်၏ အစိုးရအဖွဲ့တွင်

| | | |
|---|---|---|
| ၁။ | ဒေါက်တာဘမော် | နိုင်ငံတော်အဓိပတိ၊ ဝန်ကြီးချုပ် |
| ၂။ | သခင်မြ | ဒုတိယဝန်ကြီးချုပ် |
| ၃။ | ဒေါက်တာသိမ်းမောင် | ဘဏ္ဍာရေးဝန်ကြီး |
| ၄။ | ဦးထွန်းအောင် | ပူးပေါင်းဆောင်ရွက်ရေးဌာနဝန်ကြီး |
| ၅။ | ဦးဘဝင်း | ပြည်ထဲရေးဝန်ကြီး |
| ၆။ | ဗန္ဓုလဦးစိန် | ကုန်သွယ်ရေးနှင့် ဝါဒဖြန့်ချိရေးဌာန ဝန်ကြီး |
| ၇။ | ဦးလှဖေ | သစ်တောနှင့် သတ္တုတွင်းဌာန ဝန်ကြီး |
| ၈။ | သခင်သန်းထွန်း | မြေနှင့်လယ်ယာစိုက်ပျိုးရေးဝန်ကြီး |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၉။ ဦးသိမ်းမောင် | တရားရေးဌာန ဝန်ကြီး |
| ၁၀။ ပျော်ဘွယ်ဦးမြ | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန ဝန်ကြီး |
| ၁၁။ ဦးလှမင်း | ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာရေး ဝန်ကြီး |
| ၁၂။ ဦးအေး | အခွန်တော်ဌာန ဝန်ကြီး |
| ၁၃။ သခင်လေးမောင် | လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်းဌာန ဝန်ကြီး |
| ၁၄။ သခင်နု | နိုင်ငံခြားရေးဌာန ဝန်ကြီး |
| ၁၅။ ဗိုလ်ချုပ်အောင်ဆန်း | ကာကွယ်ရေးဌာနဝန်ကြီး၊ စစ်ဝန်ကြီး |
| ၁၆။ သခင်လွန်းဘော် | အဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီး |

စသည်တို့ ဖြစ်သည်။ ထိုအချိန်က လစာများမှာ -

ဝန်ကြီး - ၁၂၀၀ ကျပ်

တရားသူကြီး - ၁၀၀၀ ကျပ်

အတွင်းဝန် - ၈၀၀ ကျပ်

ခရိုင်ဝန် - ၈၀၀ ကျပ်

ညွှန်ကြားရေးဝန် - ၄၀၀ ကျပ်မှ ၆၀၀ ကျပ်

ခရိုင်ရဲဝန် - ၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| သစ်တောအရေးပိုင် - | ၂၅၀ ကျပ်မှ ၃၀၀ ကျပ် | |
| နယ်ပိုင်ဝန်ထောက် - | ၂၅၀ ကျပ်မှ ၃၀၀ ကျပ် | |
| ယစ်မျိုးဝန် - | ၃၀၀ ကျပ် | |
| မြို့ပိုင် - | ၂၀၀ ကျပ် | တို့ ရရှိကြသည်။ |

×××××

## သခင်သန်းထွန်း၏ မိန့်ခွန်းနှင့် ဂျပန်ခေတ် စီးပွားရေး အခြေအနေ

ဂျပန်ခေတ်တွင် မြန်မာပြည်၏ ကုန်ဈေးနှုန်းသည် အစစ၊ အရာရာ ကြီးမားလာသည် ဥပမာ-ပင်လယ်ဝင် ရေနံဆီတစ်ပုံး၏ တန်ဖိုးမှာ ၁၉၄၁ ခုနှစ်တွင် သုံးကျပ်နှင့် ရှစ်ပဲ ရှိရာမှ ဂျပန်ဝင်ရောက်ပြီးနောက် ၁၉၄၃ ခုနှစ်တွင် ခြောက်ဆယ့်လေးကျပ် ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြင် လက်ဖက်ခြောက် ခွက်တစ်ဆယ်လျှင် ခုနစ်ကျပ်နှင့် ရှစ်ပဲရှိရာမှ သုံးဆယ့်နှစ်ကျပ်အထိ ဈေးတက်လာသည်။ ထို့အတူ ဆီခွက်တစ်ဆယ်လျှင် ခုနစ်ကျပ်နှင့် ရှစ်ပဲဈေးမှ ကျပ်တစ်ရာအထိလည်းကောင်း၊ ပဲခွက်တစ်ဆယ်လျှင် သုံးကျပ်မှ ကျပ်သုံးဆယ်အထိလည်းကောင်း အဆမတန် မြင့်တက်လာသည်။

ထိုအခြေအနေကြောင့် ပြည်သူဘက်မှ ရပ်တည်ခဲ့ပြီး မကြောက်မရွံ့ ရဲဝံ့သောစကားကို ပြောရဲသည့် ဝန်ကြီး သခင်သန်းထွန်းသည် ရန်ကုန်-နေပြည်တော် ပညာရေးအဖွဲ့က ကြီးမှူးသော ၁၉၄၃-၄၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက် စပေါင်းရောင်းဝယ်ရေး ပညာသင်ကျောင်း ဖွင့်ပွဲတွင်

"အခု ဗမာပြည့် စီးပွားရေး အခြေအနေဟာ အတော်ပဲ ညှိုးဖျင်းနေတယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး။ ဝင်ငွေကနည်းပြီး ပစ္စည်းတွေက ဈေးတက်၊ ပစ္စည်းကရှားနှင့် လူတွေဟာ အတော်ကြီးပဲ ဒုက္ခရောက်နေတယ်ဆိုတာကို ကျုပ်တို့အားလုံး အသိပဲ၊ ဒီလိုဒုက္ခရောက်တာကို သက်သာနိုင်သမျှ သက်သာအောင် ကျုပ်တို့ အစိုးရကလည်း နေ့စဉ်နှင့်အမျှ လုံးပန်းနေတယ်။ သို့ပေမယ်လို့ ထင်သလောက် ခရီးမပေါက်ဘူး။ ကျုပ်တို့ အစိုးရဟာ အမှန်အတိုင်းကတော့ ဂျပန်စစ်တပ် လက်အောက်ခံ အစိုးရသာ ဖြစ်သေးတယ်။ အခုအချိန်မှာ နွားမြတ်အစွန်း သိပ်စားတဲ့လူတွေ သိပ်ပြီးတော့ကြီးစိုးနေတယ်။ အပ်ချည်တစ်လုံး တစ်ပဲတန်ကို တစ်ဆယ်ကျပ်နဲ့ ရောင်းတယ်၊ တစ်ကျပ်တန် လုံချည်ကို နှစ်ဆယ်ကျပ်နဲ့ ရောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အမြတ်ကြီးစား လူတန်းစားများကို ပွင့်ပွင့်လင်းလင်း ဝေဖန်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် တိုင်းပြည်နှင့်ပြည်သူ့ မျက်နှာကိုပဲ ကြည့်သော မျိုးချစ်နိုင်ငံရေးသမား တစ်ယောက်ဟု ဆိုနိုင်သည်။

xxxxx

## သခင်သန်းထွန်းနှင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့

သခင်သန်းထွန်းသည် ဖက်ဆစ်ဂျပန်တို့ကို မုန်းတီးနေသူဖြစ်သည်။ သူသည် ဖက်ဆစ်ဝါဒကို မြန်မာ့မြေပေါ်မှသာမက ကမ္ဘာ့မြေပေါ်၌ပါ ပျောက်ကွယ်သွားစေချင်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ် မြစ်ဝကျွန်းပေါ် ကရင်-မြန်မာ ချစ်ကြည်ရေး အာရှလူငယ်အစည်းအရုံးနှင့် ဖက်ဆစ် ခုခံတော်လှန်ရေးအတွက် နိုင်ငံခြားအကူအညီ ရှာဖွေဆက်သွယ်ရေးလုပ်ငန်းများကို ဝန်ကြီးရာထူး အကာအကွယ်ဖြင့် လျှို့ဝှက်စွာဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့ လက်ထပ်ပွဲ ကျင်းပပြီးနောက်ထပ် တစ်လကျော်အကြာတွင် ဒေါ်ခင်ကြည်၏အစ်မဖြစ်သူ သူနာပြုဆရာမကြီး ဒေါ်ခင်ကြီးနှင့် လက်ထပ်ခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့သည် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များသာမက မယားညီအစ်ကိုလည်း တော်စပ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်သန်းထွန်းသည် အိမ်ထောင်ကျသွားသော်လည်း ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် စိတ်အားမလျော့ခဲ့ပေ။ သူသည် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၇ ရက်နေ့အထိ ပဲခူးမြို့ ဗမာ့တပ်မတော် စံပြတပ်ရင်းရှိ ဗိုလ်မှူးကျော်ဇော အိမ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုး၊ ကိုဗဟိန်းတို့နှင့် အတူ "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့" ကို ဖွဲ့စည်းရန်ဆွေးနွေးခဲ့သည်။

ထို့နောက် သခင်သန်းထွန်းသည် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့၌ ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းနှင့် ဦးထွန်းမြတ်ပတ်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ ဗမာတပ်မတော် ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ခေါင်းဆောင်များနှင့်အတူ အစည်းအဝေး ပြုလုပ်ခဲ့သည်။

ထိုအစည်းအဝေးမှ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ကို တရားဝင်ဖျက်သိမ်းကြောင်း ကြေငြာပြီး "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်(ဖတပလ)ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့အစည်း၏ ဗဟိုဦးစီးအဖွဲ့ဝင်များမှာ

| | |
|---|---|
| ၁။ သခင်စိုး | ဥက္ကဋ္ဌ၊ နိုင်ငံရေးခေါင်းဆောင် |
| ၂။ သခင်သန်းထွန်း | အထွေထွေအတွင်းရေးမှူး<br>မဟာမိတ်နှင့်ဆက်သွယ်ရေးတာဝန်ခံ |
| ၃။ သခင်ဗဟိန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



၄။ ဗိုလ်ချုပ်အောင်ဆန်း စစ်ရေးခေါင်းဆောင်
၅။ ဗိုလ်လက်ျာ တပ်တွင်းစည်းရုံးရေး
၆။ ဗိုလ်နေဝင်း တပ်တွင်းစည်းရုံးရေး
၇။ သခင်ချစ် တပ်တွင်းစည်းရုံးရေး
၈။ ကိုကျော်ငြိမ်း တပ်တွင်းစည်းရုံးရေး တို့ဖြစ်ကြသည်။

xxxxx

## အောင်ပွဲခံသော ဖတပလ

သခင်သန်းထွန်းသည် ပြောက်ကျားနှင့် နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံဖြစ်လာပြီးနောက် မြေအောက်တော်လှန်ရေး လှုပ်ရှားမှုတွင် ခေါင်းဆောင်တစ်ဦး၏ အခန်းကဏ္ဍမှ အသုံးတော်ခံခဲ့သည်။

သူသည် ၁၉၄၅ ခုနှစ် မတ်လ ဒုတိယအပတ်တွင် ရန်ကုန်မြို့ အလုံရပ် အာတီအီးရုံး အလယ်ထပ်၌ ကျင်းပသော ကွန်မြူနစ်ပါတီ(ဗမာပြည်) နှစ်ပတ်လည် ကွန်ဖရင့်တွင် သခင်စိုး မတက်ရောက်နိုင်သဖြင့် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဖက်ဆစ်တော်လှန်ရေးအတွက် ဂျပန်အာဏာပိုင်များကို လှည့်စားသည့်သဘောဖြင့် တောင်ငူဘက်တွင် စစ်တရားဟောရန် ရန်ကုန်မှထွက်ခွာလာခဲ့ရာ ၁၉၄၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဖြူးမြို့အရှေ့ဘက် စိုက်ပျိုးရေးဝန်ထောက် ဦးအေးမောင်ထံသို့ ရောက်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် ဖြူးမြို့အရှေ့ဘက် ပဲခူးရိုးမတောင်ပေါ်သို့ ပြောင်းရွှေ့ကာ နိုင်ငံခြားဆက်သွယ်ရေးတာဝန်နှင့် ပြောက်ကျားတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော (ဖတပလ) အဖွဲ့သည် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ကြောင်း ကြေငြာပြီး မဟာမိတ်တို့နှင့်အတူ ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ကြလေသည်။

၁၉၄၅ ခုနှစ် မေလ ၇ ရက်နေ့သို့ ရောက်သောအခါ ဗိုလ်မှူးကြီးနေဝင်းသည် ဖက်ဆစ်တော်လှန်ရေး အောင်ပွဲခံသည့်သတင်းနှင့် ရန်ကုန်မြို့ကို ဗမာ့တပ်မတော်က သိမ်းယူသည့်အကြောင်းကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကမ္ဘာသို့အသံလွှင့် ကြေငြာခဲ့သည်။

xxxxx

## အင်္ဂလိပ်လက်အောက် ပြန်ရောက်သွားသော မြန်မာနိုင်ငံ

မြန်မာမြေပေါ်မှ ဖက်ဆစ်ဂျပန်တို့သည် ဆုတ်ခွာသွားသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်မလာသေးပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ပြီးနောက် ၁၉၄၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် မိတ္ထီလာမြို့၌ ဗြိတိသျှဗိုလ်ချုပ်ကြီး စလင်းနှင့်တွေ့ဆုံပြီး စစ်ကျွန်ဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖတပလအဖွဲ့ချုပ်ကြီးကို စနစ်တကျ ဖွဲ့စည်းရန် အတွက် ရန်ကုန်သို့ ပြန်လာခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖတပလအဖွဲ့ချုပ်က ဦးစီးပြီး ရန်ကုန် မြို့ ကန်တော်ကြီးစောင်းရှိ နေသူရိန်ပြဇာတ်ရုံတွင် ပြည်သူ့အစည်း အဝေးကြီးတစ်ရပ် ကျင်းပခဲ့သည်။

ထိုအစည်းအဝေး၌ မြန်မာပြည် တပ်မတော်အဆို၊ တိုင်းပြည်ပြု လွှတ်တော်အဆို၊ မြန်မာတစ်နိုင်ငံလုံး ညီညွတ်ရေးအဆိုတို့ကို တင် သွင်းပြီး ဖတပလအဖွဲ့ချုပ်ကြီး၏ အထွေထွေအတွင်းရေးမှူး ဖြစ်သော သခင်သန်းထွန်းက ဖတပလအဖွဲ့ချုပ် စည်းမျဉ်းနှင့် အဖွဲ့ချုပ်ဗဟို ဦးစီးအဖွဲ့ဝင် ၁၆ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေငြာခဲ့သည်။

ထိုဗဟိုဦးစီးအဖွဲ့၏ အမည်စာရင်းများမှာ -

၁။ ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌ
၂။ သခင်သန်းထွန်း အထွေထွေအတွင်းရေးမှူး
၃။ ဗိုလ်မှူးလက်ျာ ၄။ ဗိုလ်မှူးကြီးနေဝင်း
၅။ သခင်မြသွင် ၆။ သခင်ဗဟိန်း
၇။ ဦးသိန်းဖေ ၈။ ဦးဗဆွေ
၉။ ဦးကျော်ငြိမ်း ၁၀။ သခင်ချစ်
၁၁။ သခင်ဝတင် ၁၂။ ဦးဘချို
၁၃။ ဦးချစ်မောင် ၁၄။ ဦးမြ
၁၅။ ဦးဘအုန်း ၁၆။ ဦးအေး

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဦးအောင်ဇံဝေ ၁၈။ ဦးဘိုးမြ(ကသာ)
၁၉။ ဦးကျော်ရင် ၂၀။ ဦးဘဂျမ်း
၂၁။ စောဘဦးကြီး ၂၂။ ဦးဘဘေ
၂၃။ ဦးသိမ်းမောင် ၂၄။ ဦးပု
၂၅။ ဦးဆက် ၂၆။ ဦးမြ(ပျော်ဘွယ်)
၂၇။ ဦးဘဝင်း ၂၈။ ဦးတင်
၂၉။ ဆရာသာထို ၃၀။ ဦးဘနိုင်
၃၁။ သခင်လေးမောင် ၃၂။ သခင်ညီ
၃၃။ မစ္စတာရာမန် ၃၄။ မစ္စတာရာရှစ်(ဦးဘတင်)
၃၅။ ဦးကြင်မှိန် ၃၆။ ဦးမျိုးရှ

တို့ဖြစ်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့်ကွန်မြူနစ်ပါတီ

သခင်သန်းထွန်းသည် ဖက်ဆစ်ဂျပန်များ မြန်မာ့မြေပေါ်မှ ဆုတ်ခွာသွားပြီးချိန်တွင် ရန်ကုန်မြို့ စမ်းချောင်းဗားဂရာလမ်းအမှတ် (၁၃၇) အဆောက်အအုံ၌ ကွန်မြူနစ်ပါတီ ဆိုင်းဘုတ်ကို တင်ခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် ပါတီကွန်ဂရက်ကို ဦးဆောင်ကျင်းပပြီး ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ကိုသိန်းဖေ (သိန်းဖေမြင့်)ကို ရွေးချယ်ခဲ့ပြီး လက်ရှိပေါင်းသင်းနေထိုင်သည့် မခင်စီနှင့် တရားဝင်မပြတ်စဲဘဲ ပါတီကေဒါ မနုင်းမေနှင့် တိတ်တဆိတ် ပေါင်းသင်းနေသည့် သခင်စိုးကို အိမ်ထောင်ရေးပြစ်မှုဖြင့် နှစ်နှစ် ရပ်စဲခဲ့သည်။

သခင်သန်းထွန်းသည် ပါတီကွန်ဂရက်ကို စစ်နိုင်ကွန်ဂရက် ဟု သတ်မှတ်ခဲ့သည်။ သူသည်ပါတီ၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်အဖြစ် သခင်ဗဟိန်း၊ သခင်ဗသိန်းတင်၊ ကိုသိန်းဖေ၊ ကိုမြသန်းတို့နှင့်အတူ ရွေးချယ်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး(ဖတပလ)မှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ဟု အမည်ပြောင်းလဲခဲ့သည်။ ထိုဖဆပလတွင်လည်း သခင်သန်းထွန်းသည် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

သူသည် ၁၉၄၅ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကန္ဒီသွား မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ခဲ့သည်။ ထို့အပြင် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေ ၆ နာရီအချိန်တွင် ဖဆပလအထွေထွေအတွင်းရေးမှူးဖြစ်သော သခင်သန်းထွန်းသည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဘုရင်ခံ၏ ဖိတ်ကြားချက်အရ အစိုးရအိမ်တော်တွင် ဘုရင်ခံနှင့် တွေ့ဆုံခဲ့သည်။

ထိုအချိန်က ကွန်မြူနစ်ပါတီသည် ၄လိုင်းလတွင် ကျင်းပသော ကွန်ဂရက်၌-

(က) စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းရေး

(ခ) ယာယီအမျိုးသားတည်ဆောက်ရေး

(ဂ) မိမိ၏ကံကြမ္မာကို မိမိဖန်တီးနိုင်ရေးအတွက် အရှယ်ရောက်သူတိုင်းက ဆန္ဒမဲနှင့် ရွေးကောက်တင်မြှောက်သော တိုင်းပြုပြည်ပြုလွှတ်တော် အမြန်ခေါ်ရေးတို့ကို ချက်ချင်းလိုလားချက်အဖြစ် သတ်မှတ်ခဲ့ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ကွန်မြူနစ်ပါတီ_ နစ်ခြမ်းကွဲခြင်း

ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းသည် ဖဆပလတွင် နံပါတ်(၂)နေရာတွင် သတ်မှတ်ခံထားရသူ ဖြစ်သည်။ သူသည် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်မှ မတ်လ ၇ ရက်နေ့အထိ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပခဲ့သည်။

ထိုအစည်းအဝေး ပထမနေ့တွင် ဗဟိုကော်မတီဝင် ပြန်ဖြစ်လာသော သခင်စိုးသည် အစည်းအဝေး၌ စာတမ်းသုံးစောင်၊ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး(ဘရောက်ဒါဝါဒဝေဖန်ချက်) စက္ကူနီစာတမ်းဝေဖန်ရေးတို့ကို တင်သွင်းခဲ့သည်။

၎င်းစာတမ်းများတွင် ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး(ဘရောက်ဒါဝါဒ)အမှားအတွက် သခင်သိန်းဖေနှင့် သခင်သန်းထွန်းတို့တွင် တာဝန်ရှိသည်။ ဒုတိယအကြိမ် ပါတီကွန်ဂရက်သည် အချောင်သမား(ထိန်ကာန်)ဝါဒ အောင်ပွဲဖြစ်သည်။

ထို့နောက် သခင်သိန်းဖေနှင့် သခင်သန်းထွန်းတို့သည် ပါတီဗဟိုကော်မတီဝင်နှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ရာထူးမှ နုတ်ထွက်ပေးရမည် စသည်တို့ပါဝင်ပြီး သူကိုယ်တိုင် ဗဟိုကော်မတီဝင်နှင့် ပေါ်လစ်ဗျူရိုအဖွဲ့သစ် စာရင်းကို တင်သွင်းခဲ့သည်။

သို့သော် သခင်စိုး၏ ဆန္ဒကို ပါတီဗဟိုကော်မတီဝင် အများစုက ကန့်ကွက်ကြပြီး သခင်စိုးတင်သွင်းသည့် ဗဟိုကော်မတီစာရင်းဝင်

www.burmeseclassic.com

www.burmeseclassic.com



(သခင်စိုး၊ သခင်တင်မြ၊ ကိုသန်းထွန်း၊ မစောမြ အစရှိသည့်) ၇ ဦး ကို "ပါတီသွေးခွဲမှု"ဖြင့် ကွန်မြူနစ်ပါတီမှ ထုတ်ပယ် ခဲ့သည်။

ထိုအခါ သခင်စိုးနှင့်အဖွဲ့သည် ကွန်မြူနစ်ပါတီ(ဗမာပြည်) ကို သီးခြားတည်ထောင်ပြီး သူကိုယ်တိုင် ပါတီ၏အထွေထွေအတွင်း ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ထို့ကြောင့် သခင်သိန်းဖေ၊ သခင် သန်းထွန်း ဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည်(အလံဖြူ) ဟု အမည်တွင်ခဲ့ပြီး သခင်စိုး ကွန်မြူနစ်ပါတီ(ဗမာပြည်)သည် (အလံနီ)ဟု အမည်တွင်ခဲ့ကာ ကွန်မြူနစ်ပါတီသည် နှစ်ခြမ်းကွဲ သွားလေသည်။

xxxxx

## ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်ခံရသော ကွန်မြူနစ်ပါတီ

ဖဆပလအဖွဲ့ချုပ်မှ ကွန်မြူနစ်ပါတီ ထုတ်ပယ်ခံရခြင်းမှာ သခင်စိုး၏ ကွန်မြူနစ်ပါတီ(ဗမာပြည်)သည်လည်း အဓိကအကြောင်း အရာထဲတွင် ပါဝင်ခဲ့သည်။ ထိုအချိန်က သခင်စိုး၏ ကွန်မြူနစ် ပါတီ(ဗမာပြည်)သည် အာဏာသစ်ဂျာနယ်မှ သခင်သိန်းဖေ၊ သခင် သန်းထွန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ပြင်းထန်စွာ ဝေဖန်တိုက်ခိုက် ခဲ့သည်။

ထို့အပြင် သေရဲတာအလံနီ၊ တိုက်ရဲတာအလံနီဟု ကြွေးကြော် ကာ အကြမ်းဖက်လမ်းစဉ်ကိုလိုက်ပြီး တောခိုခဲ့သည်။ သခင်စိုး၏ ကွန်မြူနစ်ပါတီ(ဗမာပြည်)သည် နုတ်ထွက်ပြီး လေးလခန့်အကြာတွင်

www.burmeseclassic.com

www.burmeseclassic.com



မတရားအသင်းအဖြစ် ကြေငြာခံခဲ့ရသည်။

ထို့နောက် ဖဆပလ ဥက္ကဋ္ဌဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ကွန်မြူနစ်ခေါင်းဆောင်လည်းဖြစ်၊ ဖဆပလ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်၊ မယားညီအစ်ကိုလည်း တော်စပ်သော သခင်သန်းထွန်းတို့ကြားတွင် မကျေနပ်ချက်များ ပေါ်လာသည်။

ထိုအချိန်က သခင်သန်းထွန်းနှင့် ကွန်မြူနစ်များသည် သူတို့ကဲ့သို့ ကွန်မြူနစ် မပီသသည့် ဗိုလ်ချုပ်အောင်ဆန်းအား စိတ်ပျက်နေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ပါတီအာဏာကို ပိုမိုထိန်းချုပ်ထားနိုင်ရန်အတွက် နိုင်ငံရေး အကွက်မြင်မြင်ဖြင့် ဦးကျော်ငြိမ်းအား ဖဆပလအထွေထွေအတွင်းရေးမှူးအဖြစ် အဆိုပြုလိုက်သည်။

ထိုအခါ ဖတပလတွင်သာမက ဖဆပလ စတင်ဖွဲ့စည်းချိန်ကပင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော သခင်သန်းထွန်းသည် မခံမရပ်နိုင်အောင် ဖြစ်သွားသည်။ ထို့ကြောင့် သူသည်လည်း သခင်သိန်းဖေကို ဖဆပလ အထွေထွေအတွင်းရေးမှူး နေရာအတွက် အဆိုတင်သွင်းခဲ့သည်။

ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့၏ အဆိုများကို မဲခွဲဆုံးဖြတ်သောအခါ သခင်သန်းထွန်းတို့ဘက်မှ ၅၂/၅၃ မဲဖြင့် အရေးနိမ့်သွားသည်။ နောက်ပိုင်းတွင် ကွန်မြူနစ်များသည် ဖဆပလအဖွဲ့ချုပ်ထဲတွင် ရှိနေသေးသော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့အား ပြစ်တင်ရှုပ်ချကာ ဝေဖန်တိုက်ခိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ကြားဖြတ်အစိုးရဖွဲ့စည်းရန် ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ခေါ်သောအခါ သခင်သန်းထွန်းသည် ကွန်မြူနစ်များအတွက် ဝန်ကြီးနှစ်နေရာ တောင်းခဲ့သည်။ သို့သော် တစ်နေရာသာ ရရှိခဲ့သဖြင့် သခင်သိန်းဖေသည် ဝန်ကြီးဖြစ်လာခဲ့သည်။

ထို့နောက် ကွန်မြူနစ်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပါတီအပေါ် မဖွယ်မရာဖြစ်လောက်သည်အထိ ဝေဖန်တိုက်ခိုက်ကြသဖြင့် ဖဆပလကောင်စီမှ ကွန်မြူနစ် ကိုယ်စားလှယ်အားလုံးကို ထုတ်ပယ်ပစ်ခဲ့သည်။ ထို့ကြောင့် အတူလက်တွဲပြီး လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့ကြသော ခင်မင်ရင်းနှီးသည့် နိုင်ငံရေးလက်တွဲဖော်များသည် ရန်သူသဖွယ် ဖြစ်သွားကြလေသည်။

×××××

## လုပ်ကြံခံရသောဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးချုပ်ဖြစ်လာသော ဦးနု

အကွဲအပြဲဇာတ်လမ်းများ၊ ကောက်ကျစ်ယုတ်မာမှုများ၊ လုပ်ကြံသတ်ဖြတ်မှုများနှင့် ရောပြွန်းနေသော မြန်မာနိုင်ငံရေးလောကတွင် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် အစားထိုးမရသော သမိုင်းဝင် လုပ်ကြံမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။

ထိုလုပ်ကြံမှုတွင် ဂဠုန်ဦးစော၏ လက်ပါးစေများ၏ လက်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဏာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည်။ ထိုအခါ ဦးနုသည် ယာယီအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဦးနုသည် ဖဆပလအဖွဲ့ချုပ်တွင် ကွန်မြူနစ်များနှင့် အခြားသူများအကြား ဂိုဏ်းဂဏကွဲပြားမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ဝန်ကြီးချုပ်ရာထူး ယူခဲ့သူဖြစ်သည်။

ထို့ကြောင့် ဦးနုသည် ကွဲကွာနေသော အင်အားစုများကို ပြန်လည်ညှိနှိုင်းရန် ကြိုးစားခဲ့သည်။ သူသည် သခင်သန်းထွန်းအပါအဝင် ထိပ်တန်းကွန်မြူနစ် ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ သခင်သန်းထွန်းက "ကာလကြာမြင့်စွာ အတူတကွ လုပ်ကိုင်လာ



ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်နု

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသော အမျိုးသားရေးဝါဒီ၊ လုပ်ဖော်ကိုင်ဖက်များ၏ စည်းလုံးညီညွတ်မှုကို လိုလားကြောင်း" ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့နောက် နောက်ထပ်နှစ်ရက်ခန့်အကြာ ဦးနုအိမ်၌ ပြုလုပ်သော အစည်းအဝေးတွင် ကွန်မြူနစ်များဘက်မှ သခင်သန်းထွန်း၊ ဘတင်နှင့် ဘသိန်းတင်၊ ဆိုရှယ်လစ်ပါတီမှ ကိုကိုကြီး၊ ဗိုလ်လက်ျာ (အစိုးရအဖွဲ့သစ်တွင် ဒုတိယဝန်ကြီးချုပ်)နှင့် ဦးနုတို့ ဆွေးနွေးခဲ့ကြသည်။

ထိုအချိန်တွင် လက်ဝဲပါတီ မဟုတ်သည့် ဇွတ်တရွတ်သမားတို့၏ ခြိမ်းခြောက်မှုကို သိမြင်နေသော ဖဆပလနှင့် ကွန်မြူနစ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ လုပ်ကြံခံရပြီး နောက်ပိုင်းတွင် ထိတ်လန့်နေကြသည်။ ဦးနုသည် ဖဆပလထဲတွင် ကွန်မြူနစ်များ ပြန်လာရန် ခွင့်တရားပေးပြီး ကက်ဘိနက်ထဲတွင် နေရာပေးရန် ကြိုးစားခဲ့သည်။

ဦးနုသည် သူနှင့်အတူ နှစ်ပေါင်းများစွာ အနီးကပ် အတူတကွ လုပ်ကိုင်ခဲ့ဖူးသော သခင်သန်းထွန်းကို ကွန်မြူနစ်အရေးထက် မြန်မာအရေးကို ပိုပြီးဦးစားပေးလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့် ကွန်မြူနစ်ခေါင်းဆောင်ဖြစ်သော သခင်သန်းထွန်း၏ ထောက်ခံမှုကို ရရှိအောင် ကြိုးစားခဲ့သည်။

သို့သော် သခင်သန်းထွန်းသည် သူ၏အင်အားကို ယုံကြည်ခဲ့သလို ဆွေးနွေးညှိနှိုင်းရန်လည်း အားတက်သရော မရှိခဲ့ပေ။ ထို့

www.burmeseclassic.com

www.burmeseclassic.com



အပြင် ဖဆပလအလံအောက်တွင် ပြန်လည်စည်းရုံးရေးအတွက် ဆိုရှယ်လစ်တို့သည် ကွန်မြူနစ်ပါတီအား ဖျက်သိမ်းပစ်ရန် အားထုတ်ခဲ့သဖြင့် ဖဆပလနှင့် ကွန်မြူနစ်တို့ကြား ခွေးနွေးမှုမှာ ပျက်ပြားသွားခဲ့သည်။

×××××

## ဦးနုအစိုးရနှင့်သခင်သန်းထွန်း

ဦးနုသည် ကွန်မြူနစ်မဟုတ်သလို၊ ဆိုရှယ်လစ်တစ်ယောက်လည်း မဟုတ်ခဲ့ပေ။ သို့သော် သခင်သန်းထွန်းတို့နှင့် အနီးကပ်နေဖူးသဖြင့် ကွန်မြူနစ်ဝါဒအပေါ် ယိမ်းယိုင်ခဲ့ဖူးသည်။ ထိုအချိန်တွင် သခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ်များသည် ဆိုရှယ်လစ်များနှင့် အကြီးအကျယ် သဘောထားကွဲနေသည်။

သူ၏နေရာကို ဆက်ခံသော ဆိုရှယ်လစ် ဦးကျော်ငြိမ်းက လယ်ယာမြေ ဝေခြမ်းပေးရေးပြဿနာကို တရားဥပဒေအရ ဖြေရှင်းရန် တောက်ခံပြီး သူက လယ်ယာမြေများကို လျော်ကြေးတစ်စုံတစ်ရာ မပေးဘဲ သိမ်းယူချင်သည်။ (ထိုအချိန်က မြန်မာလယ်ယာမြေ သုံးပုံ၊ နှစ်ပုံနီးပါးမှာ ချစ်တီးများ၏ လက်ထဲတွင်ရှိသည်။)

ထို့အပြင် အစိုးရ၏ပေါ်လစီများတွင် ပုံရိပ်ထင်နေသော ဦးကျော်ငြိမ်း၏ အနေအထားသည် သခင်သန်းထွန်းအတွက် အရှုံးဖြစ်နေသည်။ ဆိုရှယ်လစ်များသည် စည်းရုံးရေးကြောင့် အင်အား

www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းလာသည်။ ဦးဗဆွေ ခေါင်းဆောင်မှုဖြင့် ဆိုရှယ်လစ်များသည် အလုပ်သမားထုအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည်။

ဦးနုသည် ကွန်မြူနစ်တစ်ယောက် မဟုတ်သော်လည်း မိတ်ဆွေ ဖြစ်ခဲ့သည့် သခင်သန်းထွန်း၏ ကွန်မြူနစ်များ ထောက်ခံမှု ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့် ဦးနုက "ကွန်မြူနစ်တွေက ဖြစ်နိုင်သမျှ နည်းလမ်းများနဲ့ ဖဆပလအကောင်အထည်ဖော်ဆောင်နေတဲ့ လွတ်လပ်ရေး အစီအမံတွေမှာ ကူညီမယ်လို့ သန်းထွန်းက အခိုင်အမာ ပြောဆိုပါတယ်" ဟု ထုတ်ဖော်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင် ဦးနုသည် ကွန်မြူနစ်တို့နှင့် ဆွေးနွေးညှိနှိုင်းရာတွင် မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဖဆပလအဖွဲ့ထဲသို့ ကွန်မြူနစ်များအား ပြန်လည်ဆွဲသွင်းရန် သူ၏ကြိုးပမ်းမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။

ထို့နောက် နှ-အက်တလီစာချုပ်၊ ချုပ်ဆိုပြီးနောက်ပိုင်းတွင် သခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ်များသည် ကြားဖြတ်အစိုးရအပေါ် ပေါ်ပေါ်ထင်ထင် ဆန့်ကျင်လာကြသည်။ သခင်သန်းထွန်းသည် ဦးနုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကွန်မြူနစ်မှုဟန်အရ ဆောင်ရွက်သည့် တော်လှန်ရေးကြိုးပမ်းမှုကို ကျေးခိုင်းစွန့်ခွာရာ ရောက်သည်ဟု ယူဆသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ လုပ်ရည်ကိုင်ရည် အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရေးဝါဒီ နိုင်ငံရေးသမားများမှာ ကွန်မြူနစ်အုပ်စုတွင် ရှိနေခြင်းကြောင့် ဦးနုနှင့် ဆိုရှယ်လစ်တို့အား ပညာပြနိုင်သည့် နိုင်ငံရေးကိုယ်စွမ်း၊ ကိုယ်စရှိသူများမှာ သူ့ဘက်တွင် ရှိနေသည်ဟု ထင်မှတ်ထားသည်။

သခင်သန်းထွန်းသည် နု-အက်ဘာလီစာချုပ်ပါ အချက်များဖြစ်သော

(၁) ဗြိတိသျှစစ်အတတ်သင် အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ပေးပါဟူသော တောင်းဆိုချက်နှင့်

(၂) နိုင်ငံခြားသားပိုင် ပစ္စည်းများကို အမျိုးသားပိုင်ပစ္စည်းအဖြစ် မြန်မာနိုင်ငံအစိုးရက သိမ်းယူသည့်အခါ သင့်တင့်သော လျော်ကြေးပေးရမည်

ဆိုသည့် အချက်ကို သဘောတူခဲ့သဖြင့် ဝေဖန်တိုက်ခိုက်ခဲ့ပြီး မကြာခင် လွတ်လပ်ရေးရတော့မည့် မြန်မာနိုင်ငံရေး လောကတွင် ချောင်ထိုးခံရမည့် အရေးကို ကြိုတင်သိမြင်ခဲ့သည်။ ထို့ကြောင့် ပုန်ကန်မှုကို စတင်ကြိုးစားခဲ့သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



## တောခိုသွားသော သခင်သန်းထွန်းနှင့် ကွန်မြူနစ်များ

ကွန်မြူနစ်စိတ်ဓာတ် ပြင်းထန်သည့် သခင်သန်းထွန်းသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကာလကတ္တားတွင် ပြုလုပ်သည့် အရှေ့တောင်အာရှ ဒီမိုကရက်တစ်လူငယ် ကွန်ဖရင့်နှင့် အိန္ဒိယ ကွန်မြူနစ်ပါတီကွန်ဂရက်သို့ သွားရောက်တက်ခဲ့သည်။



၁၉၄၉ ခုနှစ်တွင် တပ်မတော်မှ အရာရှိတချို့ တောခိုကာ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းခဲ့ကြသူများ

ထို့နောက် မြန်မာပြည်ကို ပြန်ရောက်သောအခါ ဦးနုနှင့် အခြားပုဂ္ဂိုလ်များအား "အတုအယောင် လွတ်လပ်ရေးကို လက်ခံလာသူများ ဖြစ်သည့်အားလျော်စွာ ဗြိတိသျှနယ်ချဲ့တို့၏ လက်ခုပ်ထဲက ရေသဖွယ်ဖြစ်ကြောင်း" စွပ်စွဲပြောဆိုခဲ့သည်။

ထိုအခါ ဦးနုကလည်း ကွန်မြူနစ်များသည် ဖဆပလအစိုးရ

www.burmeseclassic.com

www.burmeseclassic.com





၁၉၅၀ ပြည့်နှစ် ဗကာပ တပ်မတော်၏ ထိပ်ပိုင်းအရာရှိကြီးများ (ဝဲမှယာ) ခြောက်ဦးမြောက်အကျီအမည်းဖြစ်သူ ဘောင်းဘီအိတ်ထဲ လက်နှိုက်ထားသူမှာ သခင်သန်းထွန်း ဖြစ်သည်။

အား လက်နက်စွဲကိုင်သည့်နည်းဖြင့် ဖြုတ်ချရန် ပြည်ပ၏ညွှန်ကြားချက် ရှိသောကြောင့်၊ ဖဆပလအစိုးရအား ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

တစ်ချိန်က ဦးနုနှင့် သခင်သန်းထွန်းတို့သည် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ညီအစ်ကို မိတ်ဆွေများဖြစ်ခဲ့ဖူးသည်။ ထောင်ထဲတွင် အတူတကွ နေခဲ့ဖူးသလို လွတ်လပ်ရေးအတွက်လည်း အတူလက်တွဲပြီး ကြိုးစားခဲ့ဖူးကြသည်။

သို့သော် နောက်ပိုင်းတွင် ဂိုဏ်းဂဏကွဲပြားခြင်း၊ ခွဲတိုက်ထားခြင်းများကြောင့် စည်းလုံးညီညွတ်ခဲ့သော ဖတပလနှင့် ဖဆပလအလံအောက်တွင် ညီညွတ်မှု ပြိုကွဲခဲ့ရသည်။ မိတ်ဆွေမှ ရန်သူများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရသည်။ နိုင်ငံရေးသမားပီပီ၊ မိမိတို့ယုံကြည်သော အယူဝါဒကို စွဲကိုင်ပြီး တိုင်းပြည်နှင့်လူမျိုး ကောင်းစားရေးအတွက် ကြွေးကြော်ခဲ့ကြသည်။

ဤသို့ တစ်ဖက်နှင့်တစ်ဖက် ဝေဖန်ထိုးနက်မှုများ ပြင်းထန်လာချိန်တွင် သခင်သန်းထွန်း ခေါင်းဆောင်သော မြန်မာပြည်ကွန်မြူနစ်ပါတီသည် ဖေဖော်ဝါရီလတွင် ပြုလုပ်သော ဗဟိုကောင်စီအစည်းအဝေးမှ အကြမ်းဖက်လမ်းစဉ်ကိုလိုက်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဦးနုက "ကွန်မြူနစ်တွေဟာ အကြမ်းဖက်မှုကို ပြစ်တင်ရှုပ်ချနေကြပေမယ့် သူတို့ရဲ့ နောက်လိုက်တွေကို ဥပဒေနဲ့ ဆန့်ကျင်တဲ့ လက်နက်တွေကို ပြန်မအပ်ဖို့ တစ်ဖက်လှည့်နဲ့ လျှို့ဝှက်ညွှန်ကြားနေတယ်" ဟုဆိုကာ "စည်းလုံးချင်ပါတယ်လို့ ကွန်မြူနစ်တွေပြောနေတာတွေဟာ ဘာတစ်ခုမှ စိတ်ချစရာမရှိဘူး" ဟု ထုတ်ဖော်ကြေငြာခဲ့သည်။

လက်နက်စွဲကိုင် တော်လှန်ပုန်ကန်ရန် ဆုံးဖြတ်ထားပြီးဖြစ်သော ကွန်မြူနစ်ခေါင်းဆောင်များသည် အစိုးရက မိမိတို့အား ဖမ်းဆီးရန် ဆောင်ရွက်သည့် မည်သည့်အားထုတ်မှုကိုမဆို လက်နက်ကိုင် တော်လှန်မည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။

ထို့အပြင် သခင်သန်းထွန်းက "ဖဆပလတို့၏ အရိုးများဖြင့် ဗားဂရာချောက်ကို ဖို့ပစ်မည်" ဟု ကြုံးဝါးသည်။ ဦးနုနှင့် ဖဆပလအဖွဲ့ချုပ်သည် ကွန်မြူနစ်များနှင့် အပေးအယူ ပြုလုပ်ရန် ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ကွန်မြူနစ်များသည် ဖဆပလခေါင်းဆောင်များနှင့် မတွေ့ဆုံချင်ဘူးဟု ငြင်းဆန်ကြသည်။ သခင်သန်းထွန်းသည် မတ်လ၌ မြို့လုပ်သော ပျဉ်းမနားမြို့ အစည်းအဝေး၌ တောင်သူလယ်သမားအင်အား ခုနစ်သောင်းငါးထောင်ခန့် တက်ရောက်ကြသဖြင့် သူ့တွင် လူထုထောက်ခံမှု ရှိသည်ဟု ယုံကြည်ခဲ့သည်။

ဖဆပလခေါင်းဆောင်များသည် သူတို့ကို ကွန်မြူနစ်များက တွေ့ဆုံရန် ငြင်းဆန်သောအခါ သူတို့ကိုယ်တိုင် ကွန်မြူနစ်များဆီသို့ သွားရောက်ခဲ့သည်။ သို့သော် အစဉ်မပြေခဲ့ပေ။ ထိုအချိန်တွင် ပြည်သူ့ရဲဘော်အဖွဲ့က ,အစိုးရနှင့် ကွန်မြူနစ်တို့အကြား စိတ်ဝမ်းကွဲမှုကို ရင်ကြားစေ့ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

ထိုကမ်းလှမ်းချက်ကို ကြားသောအခါ ဦးနုက မိတ်ဆွေဟောင်း သခင်သန်းထွန်းနှင့် ပြန်လည်းစည်းလုံးချင်သဖြင့် လက်ခံချင်သော်လည်း ဖဆပလခေါင်းဆောင်များသည် လက်မခံကြပေ။ သူတို့က "ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ပါက သခင်သန်းထွန်းသည် အစိုးရအား တော်လှန်ရန် ပြင်ဆင်ချိန်ရသွားလိမ့်မည်" ဟု ဆိုကာ ကန့်ကွက်ကြသည်။

သို့သော် ဦးနုသည် ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်သော စိတ်ရှိသူပီပီ ပြည်သူ့ရဲဘော်တို့၏ ကမ်းလှမ်းမှုကို ဖဆပလခေါင်းဆောင်များ ကန့်ကွက်နေသည့်ကြားထဲမှာပင် လက်ခံခဲ့သည်။ ထိုအချိန်က

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ရဲဘော်တို့ အတိအလင်း ကြေငြာထားသော ရည်မှန်းချက် ပန်းတိုင်မှာ ကွန်မြူနစ်တို့အား သွေးထိုးလှုံ့ဆော်မှုများကို ရပ်တန့်က ရပ်စေရန်ဖြစ်ပြီး၊ အစိုးရအားလည်း ကွန်မြူနစ်တို့အား အရေးယူခြင်းကို ရွှေ့ဆိုင်းထားစေရန် ဖြစ်သည်။

ကွန်မြူနစ်တို့သည် သူတို့၏အင်အားကို ယုံကြည်နေသဖြင့် ညှိနှိုင်းဆွေးနွေးမည့်သူများကို အတွေ့မခံဘဲ အချိန်ကိုဆက်ကာ၊ ဆက်ကာ ရွှေ့ဆိုင်းခဲ့သည်။ မတ်လ ၁၇ ရက်နေ့သို့ ရောက်သောအခါ သခင်သန်းထွန်း ခေါင်းဆောင်သော အလံဖြူကွန်မြူနစ်တို့သည် ရန်ကုန်မြို့တွင်း၌ ကားများဖြင့် လှည့်လည်ကာ "နောက်လိုက်မရှိတဲ့ မျက်ကန်းမျိုးချစ်ပြည်သူ့ရဲဘော်တွေ၊ ကွန်မြူနစ်တွေကို ခြေထောက်ဖက်ဖို့ ကြိုးစားနေကြတယ်" ဟု အော်ဟစ်ကြသည်။

ထို့နောက် မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်တို့ အာဏာသိမ်းကြလိမ့်မည်ဟု အစိုးရက သတင်းရထားသဖြင့် ကွန်မြူနစ်ဌာနချုပ်ကို ပုလိပ်များက ဝင်ရောက်စီးနင်းကြသည်။ သို့သော် သခင်သန်းထွန်းနှင့် ကွန်မြူနစ်ခေါင်းဆောင်များ ထွက်ပြေးကာ တောခိုသွားကြသည်။ ကွန်မြူနစ်များ တောခိုရာတွင် သခင်သိန်းဖေ(မြင့်)သည် သခင်သန်းထွန်းနှင့် လိုက်ပါမသွားခဲ့ပေ။

×××××

www.burmeseclassic.com

www.burmeseclassic.com



## တောတွင်းရောက် သခင်သန်းထွန်းဘဝ

သခင်သန်းထွန်းသည် ပဲခူးရိုးမကိုပင် ပါတီဌာနချုပ်အဖြစ် အခြေပြုခဲ့သည်။ ထိုအချိန်က ပဲခူးရိုးမသည် ရန်ကုန်မြို့တော်နှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည် ဆက်သွယ်ရေး လမ်းမကြီးနှစ်သွယ် အကြားတွင်တည်ရှိသည်။ ထိုလမ်းမကြီး နှစ်သွယ်ကြားတွင် တည်ရှိနေခြင်းကိုပင် သခင်သန်းထွန်းသည် နှစ်သြိုက်ခဲ့သည်။

ထို့အပြင် ပဲခူးရိုးမ၏ အရှေ့ဘက်စောင်းတွင် ပျဉ်းမနားခရိုင်၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်တို့ တည်ရှိပြီး၊ အနောက်ဖက်စောင်းတွင်



၁၉၅၁ ခုနှစ်တွင် ပျဉ်းမနား(ယခု နေပြည်တော်) တောင်ညိုဒေသ ဘုရားတောင်ရှာ၌ ကျင်းပသော ဗကသ ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သူများ

www.burmeseclassic.com

www.burmeseclassic.com



သရက်ခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ ဖျာပုံခရိုင်တို့ ဆက်စပ်တည်ရှိလေသည်။ ပဲခူးရိုးမသည် အရှေ့ရိုးမ၊ အနောက်ရိုးမ များကဲ့သို့ မြင့်မားမှု မရှိသော်လည်း သက်နှ၊ ပံသုမြေဖြစ်ခြင်းကြောင့် စွတ်စိုသည်။ တောထူထပ်သည်။ လျှိုမြောင်စိမ့်စမ်းများပေါများသည်။ လမ်းကောင်းများ ရှားပါးပြီး အသွားခက်၊ အတက်အဆင်းခက်သော၊ လူသွားလမ်း၊ တောတိရစ္ဆာန်သွားလမ်းများသာပေါများသည်။

ထို့ကြောင့် လူသူအသွားအလာနည်းပြီး လျှို့ဝှက်ခိုအောင်းရန်ကောင်းလှသည်။ ပဲခူးရိုးမပေါ်တွင် နေထိုင်သူများမှာလည်း အများစုမှာ ကရင်အမျိုးသားများ ဖြစ်ကြသည်။ သူတို့သည် တောင်ယာခုတ်လုပ်ငန်းကို အဓိကလုပ်ကိုင်သည်။ ခေတ်နောက်ကျသည်၊ ရိုးသားသည်၊ ဖက်ဆစ်ဂျပန်တော်လှန်စဉ်က သူမတူအောင် သတ္တိပြောင်သော စောဘိုးစောနှင့် တော်လှန်ရေး အဆက်ဆက်တွင် သူရဲကောင်းပီသစွာ အသက်စွန့်သွားကြရှာသော ဖအိုဆဲ. စောထူးကေးတို့ကဲ့သို့ ကရင်အာဇာနည် သူရဲကောင်းများ ထွက်ပေါ်ရာ ဒေသလည်း ဖြစ်ခဲ့သည်။

ထိုအတူ ပဲခူးရိုးမ၏ အရှေ့နှင့်အနောက်၌ရှိသော ပျဉ်းမနားတောင်ငူ၊ ပဲခူး၊ သရက်၊ ပြည်၊ သာယာဝတီ၊ ဖျာပုံစသောခရိုင်များမှ တောင်သူလယ်သမားကြီးများမှာလည်း ဗမာပြည်နယ်ချဲ့ ပဒေသရာဇ် ဆန့်ကျင်သည့်တော်လှန်ရေးတွင် ခေတ်အဆက်ဆက်က ရှေ့တန်းက ပါဝင်ခဲ့ကြသည်။ ဆရာစံလယ်သမားသူပုန်၊ ၁၃၀၀ ပြည့်

www.burmeseclassic.com



ရေနံမြေအရေးတော်ပုံ၊ ဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေး ပြောက်ကျား စစ်ပွဲ (တောင်ငူပြောက်ကျား)တို့မှာ သမိုင်းတွင်ထင်ရှားခဲ့သည်။ ထိုသို့ တော်လှန်ရေး အစဉ်အလာကောင်းခြင်းကြောင့် သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ကို ပဲခူးရိုးမတွင် အခြေခံခဲ့ခြင်း ဖြစ်သည်။

xxxxx

## အပြောင်းအရွှေ့များသောဗဟိုဌာနချုပ်

သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီကို ပဲခူးရိုးမတွင် အခြေချထားချိန်၌ ဗဟိုဒေသသို့ အစိုးရတပ်များ အပြင်းတိုးစစ်ဆင်လာသဖြင့် ဆက်လက်မနေရဲတော့ဘဲ တရုတ်ပြည်နယ်စပ်နှင့် ကျောချင်းကပ်သည့် အထက်ဗမာပြည်ဘက်သို့ ပြောင်းရွှေ့ခဲ့သည်။

သို့သော် အစိုးရတပ်များသည် ပါတီဗဟိုဌာနချုပ်ရှိသည့် အထက်ဗမာပြည်သို့ ထိုးစစ်ကြီးများဖြင့် ဆက်တိုက်ထိုးနက်လာသောအခါ သခင်သန်းထွန်းသည် ခေါက်တည်ရာမရ ဖြစ်ခဲ့ရသည်။ ထို့နောက် လူအသုတ်လိုက်ခွဲကာ နည်းပေါင်းစုံဖြင့် ပဲခူးရိုးမသို့ ပြန်လည်ရွှေ့ပြောင်းလာကြသည်။

ထိုသို့ပြောင်းရွှေ့ရာတွင် သခင်သန်းထွန်းသည် စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ရွာမှတဆင့် ဧရာဝတီမြစ်ကြောင်းအောင်း ချိုတက်၍ လှေဖြင့်စုန်ဆင်းခဲ့သည်။ သူသည် ကိုယ်ရောင်ဖျောက် ရန်အတွက် ဆရာတော်ဦးသုရိယဘွဲ့ကို ခံယူကာ ...ဟန်းဝတ်ပြီး

www.burmeseclassic.com



အညာမှပြည်ရွှေဆံတော်သို့ ဘုရားဖူးကြွလာတော်မူသည့် ပုံစံကို ဖန်ဆင်းခဲ့သည်။

ထိုအချိန်က သခင်သန်းထွန်း၏ ကပ္ပိယအဖြစ် လိုက်ပါလာသူများမှာ ဗိုလ်မှူးတာတ်ရွှေနှင့် စစ်ကိုင်းခရိုင်ကော်မတီ ရဲဘော်မင်းသန်းတို့ ဖြစ်သည်။ ထို့နောက် သခင်သန်းထွန်းသည် ပဲခူးရိုးမဒေသတို့၌ ပါတီဌာနချုပ်ထားရန်အတွက် နိုင်မာသထက် နိုင်မာအောင် တည်ဆောက်ခဲ့သည်။

ယခင်က ပဲခူးရိုးမအနောက်ခြမ်း၌ရှိသော မော်ဘီခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်များ ပါဝင်သော ဒေသများကို အနောက်တိုင်းဟု ဖွဲ့စည်းထားပြီး၊ ပဲခူးတိုင်းအရှေ့ခြမ်းတွင်ရှိသော တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ဟံသာဝတီခရိုင်များ ပါဝင်သည့်ဒေသများကို အောက်ဗမာပြည်တိုင်းဟု သီးခြားဖွဲ့စည်းခဲ့သည်။

သို့သော် သခင်သန်းထွန်းသည် ယခုအခါ အခြေအနေအရ ပဲခူးရိုးမကို တစ်စုတစ်စည်းတည်း ဖြစ်စေရန် လိုအပ်လာသဖြင့် အနောက်တိုင်းနှင့် အောက်ဗမာပြည်တိုင်း (၂)တိုင်းကို ပေါင်းစည်းလိုက်ပြီး ပဲခူးတိုင်းအဖြစ် ဖွဲ့စည်းခဲ့သည်။

ထိုပဲခူးတိုင်း၏ ကော်မတီဝင်များမှာ -

(၁) ရဲဘော်မြ ဥက္ကဋ္ဌ

(၂) ရဲဘော်ဗိုလ်ရန်အောင် အတွင်းရေးမှူး

(၃) ရဲဘော်သက် တိုင်းကော်မတီဝင်

www.burmeseclassic.com

www.burmeseclassic.com



(၄) ရဲဘော်အုန်းကျော် တိုင်းကော်မတီဝင်
(၅) ရဲဘော်လှကြည် တိုင်းကော်မတီဝင်
(၆) ရဲဘော်မောင်မောင်သန်း အရံတိုင်းကော်မတီဝင်
(၇) ရဲဘော်အောင်ဖေ အရံတိုင်းကော်မတီဝင်

တို့ ဖြစ်ကြသည်။

xxxxx

## သခင်သန်းထွန်းနှင့် သုံးပါတီညီညွတ်ရေး

ဦးနုသည် သခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ်များနှင့် ညှိနှိုင်းဆွေးနွေးကာ ပြဿနာများ ဖြေရှင်းရန် မျှော်လင့်ထားနေခဲ့ဖြစ်သည်။ သခင်သန်းထွန်း၏ ကွန်မြူနစ်များ လက်နက်ချလာပါက တစ်လအတွင်း ရွေးကောက်ပွဲ ပြုလုပ်ပေးမည်ဟု ဆိုသည်။

သို့သော် ကွန်မြူနစ်များဘက်မှ ဦးနုအား အရင်ဖမ်းပြီး အမျိုးသားရေးကို သွေးဖယ်မှုဖြင့် ပြည်သူ့ခုံရုံးသို့ တင်မည်ဆိုသော ပြန်ကြားချက်ကိုသာ ရရှိခဲ့သည်။ ဦးနုသည် ကွန်မြူနစ်များအား ဆွဲဆောင်သိမ်းသွင်း၍ မရခြင်း၊ ကြားဖြတ်အစိုးရအဖွဲ့ထဲတွင် နေရာပေးရန် ကမ်းလှမ်းခြင်းနှင့် ရွေးကောက်ပွဲကို စောစောကျင်းပပေးမည်ဟု ကတိကဝတ်ပြုခြင်းတို့ကို ပြုလုပ်ခဲ့သော်လည်း ခေါင်းမာပြီး ယုံကြည်ချက်ခိုင်မြဲသော ကွန်မြူနစ်များက လက်မခံခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ဦးနုသည် သူ၏မိတ်ဆွေဟောင်း ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို လက်တွဲဆန့်ကျင်ခဲ့သည့် သခင်သန်းထွန်းအပေါ် မမုန်းတီးနိုင်ပေ။ သခင်သန်းထွန်းသည် မြန်မာပြည်သူ၊ ပြည်သားများ ကောင်းစားရေးကို အစစ်အမှန် လိုလားသူအဖြစ် ယုံကြည်ထားသည်။

အင်္ဂလိပ်၊ ဂျပန်တို့၏ အုပ်ချုပ်မှုကျွန်စနစ်မှ ရဲဝံ့စွန့်စားစွာ ထောက်ခံပြောဆိုသူ တစ်ယောက်အဖြစ်လည်း သတ်မှတ်ထားသည်။ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော သခင်သန်းထွန်းကဲ့သို့ လူတစ်ယောက်သည် မြန်မာပြည်ကောင်းစားရေးအတွက် ကျန်လူများနှင့် ပူးပေါင်းတိုက်ပွဲဝင်မည့်သူ ဖြစ်သည်ဟု ထင်မှတ်ထားသည်။

သို့သော် ထိုအချိန်က သခင်သန်းထွန်းသည် ယုံကြည်ချက်နှင့် ပါတီစွဲ ပြင်းထန်လွန်းသဖြင့် ဦးနုထင်သလို ဖြစ်မလာခဲ့ပေ။ သူသည် အစိုးရအား လက်နက်ကိုင် ပုန်ကန်ခြင်းဖြင့် ဖြုတ်ချရန် ကြံစည်ခဲ့ပြီး ကွန်မြူနစ်မြန်မာနိုင်ငံကို တည်ထောင်ရန် ကြိုးစားခဲ့သည်။

၁၉၅၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှစပြီး ဇက်တင်ဘာလ ၁၅ ရက်နေ့အထိ သခင်သန်းထွန်း ဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်အဖွဲ့ (ဝါစိပီ) တို့မှ ကိုယ်စားလှယ်တို့သည် တစ်စုတည်းသော ပါတီဖြစ်ပေါ်လာရေးအတွက် သုံးပါတီညီညွတ်ရေး ကွန်ဖရင့်တစ်ရပ်ကို ၇၅ ရက်တိုင် ကျင်းပခဲ့သည်။

ထိုပွဲတွင် ညွန့်ပေါင်းအစိုးရ၏ လမ်းစဉ်ကို ဆွေးနွေးကာ သဘောတူညီချက်များ ရရှိကြသည်။ ၎င်းသုံးပါတီညီညွတ်ရေး ကွန်ဖရင့်မှ

www.burmeseclassic.com

www.burmeseclassic.com



(၁) စစ်ရေးကော်မတီ

(၂) စည်းရုံးရေးကော်မတီ

(၃) အုပ်ချုပ်ရေးကော်မတီ

များ ဖွဲ့စည်းခဲ့သည်။ ထို့အပြင် ဘဏ္ဍာရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။

×××××

## ဆုငွေအထုတ်ခံရသော သခင်သန်းထွန်းနှင့် အပေါင်းပါများ

၁၉၅၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့သို့ ရောက်သော အခါ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သော သခင်သန်းထွန်းနှင့် ဗကပ ပေါလစ်ဗျူရိုဝင်များ ဖြစ်ကြသည့် သခင်ဗသိန်းတင် (ထားဝယ်)၊ သခင်တင်ထွန်း(ပျဉ်းမနား)၊ သခင်သန်းမြိုင်(ကျောက်ဆည်)၊ သခင်ဇင်(ဒိုက်ဦး)၊ သခင်ချစ်(သနပ်ပင်)၊ သခင်မြ(စစ်ကိုင်း)၊ ဂိုရှယ်(ခေါ်)ရဲဘော်ဘတင်(ခေါ်)ရဲဘော်သံဝိုင်(ခေါ်)ဦးစင်း တို့အား ဖမ်းဆီးပေးလျှင်သော်လည်းကောင်း (သို့မဟုတ်) ဖမ်းဆီး ရမိအောင် သတင်းပေးလျှင်သော်လည်းကောင်း ဆုတော်ငွေများ ချီးမြင့်မည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ကြေငြာချက်အမှတ်(၁)အဖြစ် ထုတ်ပြန်ခဲ့သည်။

ထိုအချိန်က ဆုတော်ငွေမှာ သခင်သန်းထွန်းအတွက် တစ်

www.burmeseclassic.com

www.burmeseclassic.com



သိန်း။ ပေါလစ်ဗျူရို အဖွဲ့ဝင် တစ်ဦးအတွက် ငါးသောင်းကျပ်စီ ဖြစ်သည်။ ဆုတော်ငွေကြေငြာချက်သည် ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိဖြစ်သည်။ သို့သော် ကွန်မြူနစ်ပါတီ အကြီးအကဲ ဥက္ကဋ္ဌဖြစ်သော သခင်သန်းထွန်းကို အစိုးရသည် မဖမ်းဆီးနိုင်ခဲ့ပေ။

xxxx

ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုကော်မတီဝင်များ


[illegible]


[illegible]


[illegible]


[illegible]


[illegible]


[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုကော်မတီဝင်များ











www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ဌာနချုပ်

သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်သည် တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်မှတဆင့် ပဲခူးရိုးမကို ဖြတ်ကျော်ပြီး ပြည်ခရိုင်မြောက်ပိုင်းမှ အဲလယ်နဝင်းချောင်းများတွင် စခန်းချထားလေသည်။

ထိုသို့ ပဲခူးရိုးမတောင်ခြေတွင် အခြေစိုက်ထားသောကြောင့် ဗဟိုဌာနချုပ်စခန်း၏ အနီးပတ်ဝန်းကျင်တွင် ကျေးရွာဟူ၍ တစ်ရွာမှ မရှိပေ။ ထိုဗဟိုဌာနချုပ်ကို တောင်ကျောကြီးများ၊ တောင်စွယ်ကြီးများက ဝိုင်းရံထားသည်။

ထိုသို့ လျှို့ဝှက်သိပ်သည်းပြီး ရောက်ရှိရန်ခဲယဉ်းသော ဗဟိုဌာနချုပ်စခန်း၌ အုံ့ညှို့မှိုင်းကောင်းလောက်အောင် လူဦးရေ ၁၈ ဦးသာ ရှိလေသည်။ ထိုအထဲတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင် သန်းထွန်း၊ ဗဟိုကော်မတီ အတွင်းရေးမှူး ရဲဘော်ဌေးနှင့် ပိုလစ်ဗျူရို လူကြီး ရဲဘော်ဘတင်(ဂိုရှယ်)တို့ သုံးဦးသာ ဗဟိုကော်မတီ၏

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေး စည်းရုံးရေး စစ်ရေးတို့ကို ဦးဆောင်နေသော အမြင့်ဆုံး အာဏာပိုင်အဖွဲ့ဖြစ်သည်။

ထိုဌာနချုပ်၌ပင် ဗဟိုရုံးအဖွဲ့၊ ဗဟိုကြီးမှဲကြေးနန်း ဆက်သွယ်ရေးအဖွဲ့၊ ဗဟိုဆေးအဖွဲ့နှင့် ဗဟိုလုံခြုံရေးအဖွဲ့(ဗဟိုကင်းအဖွဲ့) စသည်တို့ကို ဖွဲ့စည်းထားသည်။ ထိုသို့ ဖွဲ့စည်းထားသဖြင့် မြန်မာပြည် လွတ်လပ်ရေးမရခင်နှင့် ရပြီးသည့်နောက်ပိုင်းတွင် အစိုးရနှင့် အတိုက်အခံ ပြုလုပ်ကာ တောခိုခဲ့သည့် သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီကို အစိုးရသည် နည်းပေါင်းစုံဖြင့် နှိမ်နင်းရန် ကြိုးစားခဲ့သော်လည်း ကွန်မြူနစ်ပါတီမှာ ပျောက်ပျက်မသွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်အာဏာကို သိမ်းပြီးနောက် ကွန်မြူနစ်ပါတီ အပါအဝင် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်း အားလုံးအား လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ရန် ကမ်းလှမ်းခဲ့သည်။

xxxxx

## တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်

တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ခြင်းကို လိုက်လံရှာ လိုလားတောင့်တလျက် ရှိသည့်အလျောက်၊ ပြည်ထောင်စုအတွင်း နိုင်ငံရေးအရလည်းကောင်း၊ လက်နက်ကိုင် တိုက်ခိုက်နေကြသော တောတွင်းအဖွဲ့အစည်း အားလုံးတို့သို့ ပြည်တွင်းငြိမ်းချမ်းရေးကို လက်တွေ့တည်ဆောက်ကြရန်အတွက်

www.burmeseclassic.com



အောက်ပါကမ်းလှမ်းချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ပါသည်-

(၁) တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် တော်လှန်ရေး ကောင်စီနည်းတူ၊ ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည် ဆောက် လိုကြသည်ဆိုပါက ဤသို့တည်ဆောက်လိုပါလျက် နှင့် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟု ဆိုလျှင် (သို့မဟုတ်) အခြားအကြောင်းများ ရှိနေကြသေးလျှင် တော်လှန်ရေးကောင်စီသည် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဤ ပြဿနာ အဝဝကို ကူညီဖြေရှင်းလိုကြောင်း ကမ်းလှမ်းလိုက် ပါသည်။

(၂) ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဖက်စလုံးက မည်သည့်အချက် ကို အခြေခံ၍ ဆွေးနွေးလိုသည်ဟူသော ကြိုတင်စည်းကမ်း သတ်မှတ်ချက်မျိုးသည် မတွေ့ဆုံရမီကပင် တစ်ဖက်နှင့်တစ် ဖက် တင်းမာမှုသဘောကိုပြခြင်း၊ ဆွေးနွေးပွဲ၏ နယ်နမိတ် ဘောင်ကို အသေထုတ်ချို၍ ကျဉ်းမြောင်းသွားစေရာ ရောက် ခြင်းတို့ကြောင့် ငြိမ်းချမ်းရေး တည်ဆောက်မှုကို လက်တွေ့ အားဖြင့် အကျိုးပြုနိုင်သည်ထက် အဟန့်အတား ဖြစ်စေသည် ဟု တော်လှန်ရေးကောင်စီက အဆင်မြင်သဘော ရရှိပေသည်။

(၃) ဤသို့ တစ်ဖက်နှင့်တစ်ဖက် ကြိုတင်စည်းကမ်း သတ်မှတ်ချက် မျိုး အလျဉ်းမပါဘဲ တိုင်းပြည်၏ ပကတိအခြေအနေကို မျက် မှောက်ပြု၍ လက်တွေ့ကျကျ ဆွေးနွေးဖြေရှင်းသော နည်းကို

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင် တောတွင်းအင်အားစုများက သဘောတူလက်ခံကြမည် ဆိုပါက တော်လှန်ရေးကောင်စီသည် နိုင်ငံရေးကြောင့်လည်းကောင်း၊ လူမျိုးရေးကြောင့်လည်းကောင်း၊ မည်သည့်အကြောင်းနှင့်ပင်ဖြစ်စေ၊ တောတွင်း၌ ရောက်ရှိနေကြသော မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းများနှင့်မဆို တွေ့ဆုံဆွေးနွေးဖို့ အသင့်ရှိကြောင်း ထုတ်ပြန်ကြေငြာအပ်ပေသည်။

(၄) တွေ့ဆုံဆွေးနွေးကြရာဝယ် တော်လှန်ရေးကောင်စီက ထားရှိမည့် အခြေခံပင်မစိတ်ဓာတ်မှာ အတိတ်၏ အကြောင်းအရာများနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး အပြစ်ဖို့ခြင်းမျိုးကို ရှောင်ကြဉ်ပြီး အမြတ်ထွက်မှုဟူသော သဘောမျိုးမထားဘဲ အလုပ်သမား၊ လယ်သမားနှင့် လုပ်သားပြည်သူတို့၏ အကျိုးကိုသာ အာရုံစူးစိုက် လုပ်ကိုင်သွားဖို့ပင် ဖြစ်ပါသည်။

(၅) ဤသို့ လက်ခံတွေ့ဆုံ ဆွေးနွေးရန်အတွက် တောတွင်းအဖွဲ့အစည်းများက အလိုရှိပါလျှင် ၎င်းတို့ကိုယ်စားလှယ်များ၏ အသွားအပြန် ခရီးစဉ်တလျှောက်၊ လုံခြုံရေးအတွက် တော်လှန်ရေး ကောင်စီက တာဝန်ယူပါမည်။ အကယ်၍ ဆွေးနွေးပွဲ မအောင်မြင်သဖြင့် တောတွင်းသို့ ပြန်လိုကြပါလျှင် သွားလိုရာ ဒေသအထိ လိုက်ပို့ပေးမည်သာမက သုံးရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည် မဟုတ်ကြောင်း ကြေငြာအပ်ပါသည်။

xxxxx

www.burmeseclassic.com



## ဒွိဟာဖြစ်သွားသော သခင်သန်းထွန်း

တော်လှန်ရေးကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး သဘောထား ကြေငြာချက်ကို ကြားသိရသောအခါ သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ အထူးပင်အံ့ဩသွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုကြေငြာချက် ထွက်ပေါ်မလာခင် ၁၉၆၃ ခုနှစ် ဇွန်လ ပထမအပတ်အတွင်းမှာပင် ဗဟိုဌာနချုပ်စခန်း၌ ကျင်းပသည့် ပဲခူးရိုးမ ၅ ခရိုင် ကွန်ဖရင့် အစွေးအဝေးကြီးကို နိဂုံးချုပ်သည့် အစည်းအဝေးတွင် ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်းက

"မိန့် ဗမာပြည်မှာ ဒီမိုကရေစီ မိုးမှောင်ကြီးဟာ ကျနေပြီ ဒီလိုဖြစ်တာဟာ စစ်တပ်က အာဏာသိမ်းလို့ပဲ ပြီးတော့ ဗမာပြည် အုပ်စိုးသူ၊ နေရှင်လူတန်းစားမှာ အုပ်စုကြီး သုံးစုရှိတယ်။ ပထမ



တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်တော်လှန်ရေးကောင်စီ ခေါင်းဆောင်ပိုင်းအဖွဲ့ကို ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ပြီးနောက် တွေ့ရစဉ် (၁၂-၃-၆၄)

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုကတော့ သန့်ရှင်းဖြစ်တယ်။ ဒုတိယအုပ်စုကတော့ တည်မြဲဖြစ်တယ်။ တတိယအုပ်စုကတော့ စစ်တပ်အုပ်စု ဖြစ်တယ်။ ဒီမှာ အဆိုးဆုံးကတော့ တတိယအုပ်စုပါပဲ။ ပါတီအနေနဲ့ တတိယအုပ်စုဖြစ်တဲ့ စစ်တပ်ကို အဓိကဦးတည်တိုက်ခိုက်ရမယ်။ ချေမှုန်းရမယ်။ လူတန်းစားလက္ခဏာအရ သတ်မှတ်ရင် စစ်တပ်အုပ်စုဟာ ဖောက်ပြန်တဲ့ အမျိုးသား နေရှင်ကြီး လူတန်းစားဖြစ်တယ်။ အခုလို လက္ခဏာ သတ်မှတ်ချက်တွေအရပဲ ပြည်တွင်းငြိမ်းချမ်းရေးကို စေ့စပ်



ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးရန် ရဲဘော်ဌေး ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့ ပေါက်ခေါင်းမြို့အဝင် ကျပ်ကုန်းဇရပ်ခန်းသို့ ရောက်ရှိစဉ်
၂၈-၈-၁၉၆၃

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးတဲ့နည်းနဲ့ ရဖို့ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ ကနေ့ ဗမာပြည်မှာ ငြိမ်းချမ်းရေး အလားအလာဟာ အလွန်ကို နည်းသွားပြီဖြစ်တယ်။ ဒါကြောင့် ဒီအချက်ကို အထူးလေးနက်ထားဖို့လိုတယ်"ဟု ပြောခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သခင်သန်းထွန်းသည် သူထင်သလို မဟုတ်ဘဲ တော်လှန်ရေးကောင်စီက ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် ဖိတ်ခေါ်လိုက်သောအခါ ဒွိဟဖြစ်သွားခဲ့သည်။ ထို့နောက် ရဲဘော်တစ်ဦးချင်းဆီမှ သဘောထားထင်မြင်ချက်များကို လေ့လာပြီးသောအခါ . . .

"ကနေ့ ရန်သူဟာ သူဖောက် ပြန်တဲ့ အမျိုးသားနေရှင်ကြီးလူတန်းစားလက္ခဏာအရ ငြိမ်းချမ်းရေး အတွက် တွေ့ဆုံဆွေးနွေးရေးကို ဘယ်နည်းနဲ့မှ လုပ်မှာမဟုတ်ဘူး။ အခု ရန်သူရဲ့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ တွေ့ဆုံဆွေးနွေးရေး အတုအလိမ်သာ ဖြစ်မယ်။ ဒါကိုသေသေချာချာ လေ့လာပြီး လူထုအတွင်းမှာ အစွမ်းကုန် ဖွင့်ချသွားရမယ်။ ပြီးတော့ ရန်သူက ဘာလုပ်တယ်ဆိုတာလည်း စောင့်ကြည့်ရဦးမယ်။ တွေ့ဆုံ ဆွေးနွေးရေးဆိုတာ ဘယ်လိုတွေ့ဆုံဆွေးနွေးရေးလဲဆိုတာကို အတိအကျ ရှင်းလင်းအောင် လုပ်ရဦးမယ်"ဟု ထပ်မံပြောဆိုခဲ့သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## အင်အားတောင့်တင်းလာသော ဗဟိုဌာနချုပ်

သခင်သန်းထွန်း ခေါင်းဆောင်သော ဗဟိုဌာနချုပ်စခန်းတွင် လူဦးရေ ၁၅ ဦးသာရှိရာမှ ၁၉၆၃ ခုနှစ် ဩဂုတ်လ ၁၃ ရက် ညနေတွင် ပီကင်းပြန် ပထမအဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသို့ ရောက်ရှိလာလေသည်။

ထိုအခါ သခင်သန်းထွန်းသည် ဗဟိုစခန်းသို့ ဝင်ရောက်လာကြသော ပီကင်းပြန်များအား ဗဟိုစခန်းအနီးရှိ လမ်းခုလတ်တောင်ကျောပေါ်မှ အားရဝမ်းသာ ကြိုဆိုကာ တစ်ဦးချင်းဆီကို ဖက်ရမ်းနမ်းရှုပ်၍ နှုတ်ဆက်လေသည်။



တရုပ်ပြည်ပီကင်းမြို့မှတဆင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသော မတင်ဝေ (ခ) မစိန်လှ (ခ) မခင်ဆွေ နှင့် ခင်ခင်ကြည် (ခ) မမြသန့် (ခ) မစိန်ဝင်း တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မြို့သို့ရောက်ရှိနေသော ပီကင်းပြန်တို့အား ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ အမြန်ဆုံးရောက်ရန်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ကိုယ်စားလှယ်အဖြစ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသော ဗိုလ်ပုနှင့် ရဲဘော်ဘခက်တို့ ဖြစ်ပါသည်။

မြန်မာပြည် လွတ်လပ်ရေးအတွက် အင်အားကြီးမားသော အင်္ဂလိပ်နှင့် ဂျပန်တို့ကို မကြောက်မရွံ့ ခုခံတုဖက်ပြိုင်ခဲ့သော သခင်သန်းထွန်းသည် ပီကင်းပြန်များနှင့် တွေ့သောအခါ ခံစားချက်ကို မျိုသိပ်နိုင်တော့ဘဲ ဝမ်းသာမျက်ရည်များ စီးကျခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်က ဗဟိုဌာနချုပ်သည် တိတ်ဆိတ်ငြိမ်သက်နေသည် စကားပြောလျှင်လည်း တိုးတိုးသာ ပြောကြသည်။ ဝီကာင်းပြန်များ ရောက်လာသောအခါ တိတ်ဆိတ်ငြိမ်သက်ခဲ့သော ဗဟိုဌာနချုပ်သည် ဆူညံလာသည်။ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏ ဟားတိုက်ရယ်မောသံသည် ဗဟိုစခန်းတစ်ခုလုံးကို ပဲ့တင်ထပ်နေသည်။ လူ ၁၅ ဦးသာ ရှိသော ဗဟိုဌာနချုပ်သည် ဝီကာင်ပြန်များကြောင့် အင်အားတောင့်တင်းလာသည်။



ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပထမ / ဒုတိယဥက္ကဋ္ဌ သခင်ဘသိန်းတင်သည် မင်္ဂလာဒုံလေဆိပ်မှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ခရီးထွက်ခွာလာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် ကင်းတပ်မှ ရဲဘော်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား လိုက်လံပို့ဆောင်ရန်အတွက် စုဝေးနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သခင်သန်းထွန်းက "ရဲဘော်တို့ အခုအချိန် ရောက်လာကြတာဟာ ပါတီတစ်ရပ်လုံးနဲ့ တော်လှန်ရေးကို ကယ်လိုက်တာဖြစ်တယ်။ ကျွန်တော်တို့ကိုလည်း ကယ်လိုက်တာပဲ။ ကျွန်တော်တို့ဟာ ဇက်ကြိုးသလို ဖြစ်နေတာကြာပြီ ကြိမ်စာမိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယူလို ဖြစ်နေပြီး ခေါင်းမထောင်နိုင်အောင် ဖြစ်နေရတယ်။ အခုလည်း ပါတီတွင်းမှာ အကွဲကွဲအစိတ်စိတ် မဖြစ်ရအောင်လို့ ကျွန်တော်ပဲ ထိန်းနေရတယ်။ ကျွန်တော်သာ မထိန်းရင် အလံနီပါတီလို ဖြစ်နေတာ ကြာပြီပေါ့။ အခုတော့ ရဲဘော်တို့ ရောက်လာတာဟာ ကျွန်တော်တို့အတွက် အားဆေးကြီးကို စားလိုက်ရသလိုပါပဲဗျာ" ဟု အားရဝမ်းသာ ပြောကြားခဲ့သည်။

×××××

## ကွန်မြူနစ်ပါတီ (၂၄)နှစ်မြောက်နေ့တွင် ပြောကြားသော သခင်သန်းထွန်း၏မိန့်ခွန်း

သခင်သန်းထွန်းသည် ဗိုကင်းပြန်များ ရောက်ရှိပြီးနောက် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် (၂၄)နှစ်မြောက်နေ့နှင့် ကြုံကြိုက်သဖြင့် ဗဟိုဌာနချုပ်တွင် ပါတီနေ့ အခမ်းအနားကို ပျော်ရွှင်စွာ ကျင်းပပေးခဲ့သည်။

ထိုအခမ်းအနားတွင် ဥက္ကဋ္ဌကြီး သခင်သန်းထွန်းက ဗဟိုကော်မတီ၏ကိုယ်စား မိန့်ခွန်းပြောကြားရာတွင် "ကျွန်တော်တို့ ဒီနေ့ ဒီနေရာမှာ ပါတီရဲ့ (၂၄)နှစ်မြောက်နေ့ကို ကျင်းပတာဖြစ်တယ်။ ဗမာလူမျိုးတွေရဲ့ အယူအဆအရ ပြောရမယ်ဆိုရင် လူတစ်ယောက် ဘဝမှာ အပျော်ဆုံးနေ့ သုံးနေ့ရှိတယ်။ ရှင်လိပ်ပြန်တဲ့နေ့၊ အိမ်ထောင်ကျတဲ့နေ့၊ ထောင်ကလွတ်တဲ့နေ့လို့ ဆိုတယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အဖို့ပြောရင် ဒီနေ့ဟာ ပါတီရဲ့ သမိုင်းတစ်လျှောက်လုံးမှာ ကျွန်တော်ဘဝ တလျှောက်လုံးမှာ အထူးခြားဆုံး အပျော်ဆုံးနေ့ ဖြစ်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီနေ့ဟာ ကျက်သရေမင်္ဂလာ နှစ်ထပ်ကွမ်း ပေါင်းစုံတဲ့နေ့ဖြစ်လို့ပဲ - ပါတီရဲ့ (၂၄)နှစ်မြောက်နေ့နဲ့ ဝီကင်းပြန်ရဲဘော်တွေကို အလှိုက်လှဲတကာ အလှိုက်လှဲဆုံး ကြိုဆို



ရန်ကုန်မြို့တွင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ပထာမငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့ဝင်တို့သည် ပြည်သူ့ကော်မတီ ဗဟိုကော်မတီအဖွဲ့ဝင်တို့အား ဗမာပြည် ကွန်မြူနစ်ပါတီ၏ သဘောထားများကို တင်ပြရှင်းလင်းနေခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်ဟာ ပါတီဥက္ကဋ္ဌနဲ့ အဝေးရောက် ပါတီခေါင်းဆောင်တွေကို မိဘတစ်ဦးက ကျောင်းတော်ကြီးမှာ အောင်လက်မှတ်တွေ၊ ဒီဂရီတွေကို ထူးချွန်စွာ ရလာကြတဲ့ သားတွေ သမီးတွေကို ကြိုဆိုရတဲ့ အနေနဲ့လည်းကောင်း။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ကြတဲ့ ညီငယ်လေးတွေကို လုံးဝမမျှော်လင့်ဘဲ ပြန်ရောက်လာလို့ အစ်ကိုကြီးတစ်ယောက် အနေနဲ့ လှိုက်လှဲစွာ ကြိုဆိုတဲ့အနေနဲ့လည်းကောင်း၊ မဖော်ပြနိုင်တဲ့ ဝမ်းသာမှုနဲ့ အလှိုက်



ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပထာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့မှ ရှေ့ပြေးအဖွဲ့ ဖြစ်သော ဗိုလ်ဘဖြူ၊ ရဲဘော်ဘခက်၊ ရဲဘော်ညီနှင့် ရဲဘော်ထွန်းရီတို့သည် မင်္ဂလာဒုံလေဆိပ်သို့ရောက်ရှိလာခြင်း

www.burmeseclassic.com

www.burmeseclassic.com



လုံခဲ့သုံး ကြိုးဆိုကြောင်းကို အလွှလိုက်၊ အသဲလိုက် ပြောလိုတယ်။ အခုလို ပါတီတွင်းမှာ ဘက်ပေါင်းစုံက အကြပ်အတည်းတွေ တွေ့နေတဲ့အချိန်မှာ ရဲဘော်တို့တတွေ ပြန်ရောက်လာကြတာဟာ ပါတီနဲ့ ဗမာပြည်တော်လှန်ရေးကြီးကို ကယ်တင်လိုက်တာ ဖြစ်တယ်။ ရဲဘော်တို့ဟာ အကြီးမြတ်ဆုံးဖြစ်တဲ့ ဥက္ကဋ္ဌကြီး မော်စီတုန်း ရှေ့ဆောင်တဲ့ တရုတ်ပြည် ကွန်မြူနစ်ပါတီက အထူးလေ့ကျင့်ပျိုးထောင်မှု ပေးလိုက်တဲ့ အဖိုးတန်ဆုံးမျိုးစေ့ ရတနာတွေဖြစ်တယ်။ ရဲဘော်တို့



ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ဝင်တို့သည် စမ်းချောင်းရှစ်မိုင်ရှိ ရဲဘော်အောင်ကြီး၏ ဖခင်ဦးသိန်းဟန် အိမ်တွင် တည်ခင်းသော ထမင်းစားပွဲသို့ တက်ရောက်ရန် ရှိနေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသင်ကြားလာခဲ့ရတဲ့ စစ်မှန်တဲ့ မာ့က်စ်လီနင်ဝါဒ မဟာ မော်စီတုန်း အတွေးအခေါ်ဖြစ်တဲ့ တိုက်တိုင်းအောင် အတွေးအခေါ် တွေကို ပါတီအတွက် တော်လှန်ရေးအတွက် ဗမာပြည်လွတ်မြောက်ရေး အတွက် အရေးတော်ပုံအတွက် လက်တွေ့ကျကျ အသုံးချသွားနိုင်လိမ့်မယ်လို့လည်း ကျွန်တော်လုံးဝ ယုံကြည်တယ်" ဟု အားပါးတရ ပြောကြားခဲ့သည်။

တိုအချိန်က သခင်သန်းထွန်းသည် ဗမာပြည် အာဏာရ အစိုးရနှင့် စစ်တပ်ကို ရန်သူဟု သဘောထားကာ အမြစ်ပြတ်ချေမှုန်းဖို့ အားထုတ်ခဲ့သည်။ မလွတ်လပ်သေးသော နိုင်ငံအဖြစ်တည်ရှိနေဆဲဟု ယုံကြည်ခဲ့သည်။ နိုင်ငံရေးနှင့် တိုင်းပြည်ခေါင်းဆောင်များမှာလည်း တစ်ချိန်ကသူနှင့် မြန်မာ့လွတ်လပ်ရေး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ ဖြစ်သောကြောင့် အံတုဖက်ပြိုင်ရန် လုံးဝမကြောက်ရွံ့ခဲ့ပေ။

×××××

## အရှိန်အဝါကြီးမားသော ကွန်မြူနစ်ပါတီဥက္ကဋ္ဌ

သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် (၂၄)နှစ်မြောက် အခမ်းအနားဌ် မိန့်ခွန်းပြောကြားပြီးသော အခါ ပီကင်းပြန် ရဲဘော်များကိုယ်စား ရဲဘော်ချစ်မောင်က နှုတ်ခွန်းဆက် မိန့်ခွန်းကို ပြန်လည်ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် ဗမာပြည်

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏ အရှိန်အဝါကို တွေ့မြင်နိုင်သည်။

"ကြီးမြတ်တဲ့ ဥက္ကဋ္ဌကြီးနဲ့အတူ၊ ပါတီရဲ့ (၂၄)နှစ်မြောက် အခမ်းအနားကို တက်ရောက်ရလို့ အတိုင်းမသိ ဝမ်းသာလှပါတယ်။ ပြီးတော့ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော်တို့ ပီကင်းပြန် ရဲဘော်တွေကို အမြင့်မားဆုံး တန်ဖိုးဖြတ်ပြီး လိုက်လိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုလို့လည်း အလွန်ပဲ ဝမ်းသာအားတက်မိပါတယ်။ ကျွန်တော်တို့ ပီကင်းပြန်တွေဟာ ဖလ်ဘူးထဲမှာ ထည့်သိမ်းထားတဲ့ အလွန်အဖိုးတန်တဲ့ မျိုးစေ့တွေဖြစ်ပါတယ်။ အခုအခါမှာ အဲဒီမျိုးစေ့တွေဟာ အပြင်ကိုရောက်လာပြီးတော့ အစို့အညှောင့်ကလေးတွေဟာ မကြာမီမှာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနဲ့ ပါတီအတွက် ပင်စည်ပင်မကြီးတွေ မုချဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းအတွက် ဖြစ်ဖြစ်၊ ပါတီအတွက်ဖြစ်ဖြစ် ကျွန်တော်တို့ကို ပစ်တိုင်းထောင်လို့ လိုရာအသုံးပြုဖို့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနဲ့ ပါတီကို ပုံအပ်ပါတယ်။"

သခင်သန်းထွန်းသည် ပီကင်းပြန်ရဲဘော်များ၏ စကားကို ကြားသောအခါ အလွန်ဝမ်းသာ သွားလေသည်။ ထို့နောက် (၂၄) နှစ်မြောက် ပါတီနေ့ကို ကြွေးကြော်သံများဖြင့် အဆုံးသတ်လိုက်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## တော်လှန်ရေးကောင်စီနှင့်ဆွေးနွေးရန် ပထောမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းခြင်း

သခင်သန်းထွန်းသည် ၁၉၆၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့သို့ ရောက်သောအခါ ပီကင်းပြန်ဗဟိုကော်မတီဝင်များနှင့် ဗဟိုဌာနချုပ်ရှိ ဗဟိုကော်မတီဝင်များပါဝင်သော ပြည်တွင်းပြည်ပ အခြေအနေများကို အပြန်အလှန် အစီရင်ခံသည့် အစည်းအဝေးပွဲကို ပြုလုပ်ခဲ့သည်။

ထိုအစည်းအဝေး၌ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပထောမပြင်ဆင်ရေး ကိုယ်စားလှယ်အဖွဲ့ကို



ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထောမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရဲဘော်ဌေး၊ ဗိုလ်ဇေယျနှင့် ရဲဘော်အောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ စေလွှတ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုပထာမ ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်မှာ ရဲဘော်ဌေး ဖြစ်သည်။ ထိုအချိန်က ရဲဘော်ဌေးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူး ဖြစ်သည်။ ထို့နောက်

| | |
|---|---|
| ရဲဘော်အောင်ကြီး | ဗဟိုကော်မတီ |
| ဗိုလ်ဇေယျ | ဗဟိုကော်မတီနှင့်စစ်ဦးစီးဌာနချုပ်မှူး |
| ဗိုလ်စိုးမောင် | တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ် |
| ဗိုလ်ပု | တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီးဌာနချုပ် |
| ရဲဘော်သက်တင် | ပါတီဗဟိုဌာနချုပ် |

တို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့သည်။ ထိုပထာမ ကိုယ်စားလှယ်အဖွဲ့အတွက် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သာ တာဝန်ခံ ရွေးချယ်ကြသည်။ သူတို့၏ ရွေးချယ်မှုသည်သာ အတည်ဖြစ်သည်။

××××××

## ရဲဘော်ဌေး (ကိုယ်စားလှယ်ခေါင်းဆောင်)

ရဲဘော်ဌေးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူး ဆိုသော်လည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ပထာမကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နေရာကို မပေးချင်ကြပေ။ သူတို့ပေးချင်သော သူမှာ သခင်ချစ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ရဲဘော် ဗိုလ်မှူးအောင်

သို့သော် ထိုအချိန်က သခင်ချစ်သည် ဗဟိုဌာနချုပ်တွင် မရှိဘဲ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသဖြင့် ရဲဘော်ဌေးအား အဖွဲ့ ခေါင်းဆောင်နေရာကို ပေးလိုက်ရခြင်းဖြစ်သည်။ အမှန်စင်စစ် ပထာမ ကိုယ်စားလှယ် ခေါင်းဆောင် နေရာကို ရဲဘော်ဌေးအား ပေးရမည်သာဖြစ်သည်။

အဘာယ်ကြောင့်ဆိုသော် ရဲဘော်ဌေးသည် ၁၉၆၂ ခုနှစ် ဇွန်လတွင် ကျင်းပသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးမှ ဗဟိုကော်မတီအတွင်းရေးမှူးအဖြစ် တညီတညွတ်တည်း တင်မြှောက်ခံရသူဖြစ်သည်။

သို့သော် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ဌာနချုပ်တွင် သခင်ချစ် ရှိနေပါက ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး ပထာမကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နေရာကို သခင်ချစ်အား ပေးမည်ဖြစ်သည်။ ယခုသခင်ချစ်မရှိသဖြင့် ရဲဘော်ဌေးသည် ခေါင်းဆောင်နေရာရရှိခြင်းဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်စိုးမောင် နှင့် ဗိုလ်ပု

ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုတို့သည် စစ်တပ်မှလာကြသူများဖြစ်သည်။ သူတို့သည် ပဏာမကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် ပါဝင်လာရခြင်းမှာ သခင်သန်းထွန်းကိုယ်တိုင် ရွေးချယ်သင့်သည်ဟု သဘောထားပေးသောကြောင့် ဖြစ်သည်။

အချို့က ဗိုလ်စိုးမောင်၊ ဗိုလ်ပုတို့ နေရာတွင် ဝိုကင်းမြန် ဗိုလ်ထွန်းငြိမ်းအား ထည့်သွင်းလိုကြသည်။ သို့သော် သခင်သန်းထွန်းက "ဗိုလ်ပုနဲ့ ဗိုလ်စိုးမောင်တို့ဟာ ရန်သူစစ်တပ်ထဲမှာ ရင်းနှီးတဲ့ သူတွေရှိတယ်။ သူတို့ဩဇာလည်း တက်နိုင်တယ်။ ပြီးတော့ သူတို့ ကိုယ်တိုင်ကလည်း ရန်သူစစ်တပ်က လာကြသူတွေဆိုတော့ ဗိုပြီး မျက်နှာပန်းလှတယ်။ ရန်သူစစ်တပ်ကလာတဲ့ လူတွေကိုလည်း ကျွန်တော်တို့က နေရာပေးထားတယ်ဆိုတာ မြင်အောင်ပြရာ ရောက်တယ်" ဟု ဆိုခဲ့သည်။

ထို့ပြင် သခင်သန်းထွန်းသည် "ရန်သူနဲ့တွေ့ရ၊ ရင်ဆိုင်ရတဲ့ အခါမှာ၊ ပါတီဟာ အစစ အရာရာမှာ အဘက်ဘက်မှ ခန့်ညားဖို့ လိုတယ်။ မရှိတာကို ရှိအောင်လုပ်ရမယ်။ ဖန်တီးရမယ်။ ဒါမှ ရန်သူက လေးစားလာမှာ ဖြစ်တယ်"ဟူသော သူ၏အယူဝါဒအတိုင်း ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုကို ချက်ချင်းပင် "တပ်မှူးကြီး၊ ဗဟိုစစ်ဦးစီး ဌာနချုပ်"ဟု ခန့်အပ်တာဝန်ပေးလိုက်သည်။

အမှန်စင်စစ် ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုတို့သည် ဗဟိုဌာနချုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြပေ။ ကွန်မြူနစ်ပါတီ ရုပ်ပြည်နှယ်တော်မတီဝင်များ အဖြစ် ဗဟိုဌာနချုပ်သို့ ခေါ်နွေးရန် ယာယီရောက်နေသူများ ဖြစ်ကြသည်။ သူတို့ကိုပေးသော တပ်မှူးကြီး။ ဗဟိုဦးစီးဌာနချုပ် ရာထူးမှာလည်း သခင်သန်းထွန်း အရေးပေါ်ခန့်အပ်လိုက်သည့် စာရွက်ပေါ်မှ ရာထူးများ ဖြစ်ကြသည်။

အမှန် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် "ဗဟိုစစ်ဦးစီးဌာနချုပ်" ဟူ၍ ဖွဲ့စည်းထားခြင်း မရှိသလို တည်ထောင်ထားခြင်းလည်း မရှိပေ။ စစ်တပ်မှ ရှိသောလေးစား အထင်ကြီးရန် လတ်တလော သတ်မှတ်လိုက်သော ရာထူးသာဖြစ်သည်။

xxxxx

## ရဲဘော်သက်တင်

ရဲဘော်သက်တင်ကို ပထာမကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့မှ ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ သူ့ကိုရွေးချယ်ရခြင်းမှာ ရဲဘော်သက်တင်သည် အလံနီကွန်မြူနစ်ပါတီဗဟိုကော်မတီ ကိုယ်စားလှယ်အဖြစ် တရုတ်ပြည်သို့ ရောက်နေသူဖြစ်သည်။

ထို့နောက် တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်အရ ဗမာပြည် ကွန်မြူနစ်ပါတီသို့ ကူးပြောင်းလာခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ရန်ကုန်မြို့နှင့် ဗမာပြည် အနှံ့အပြားတွင်ရှိသော အလံနီအနွယ်များကို စည်းရုံးသိမ်းသွင်းရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ရဲဘော်သက်တင်ကို ရွေးချယ်ခဲ့သည်။

ရဲဘော်သက်တင်သည် ဝိကင်းပြန်ဖြစ်သဖြင့် အရှိန်အဝါလည်း ပိုမိုကြီးမားလိမ့်မည်ဟု တွက်ဆထားသည်။ သခင်သန်းထွန်းသည် အကြံအစည်ကြီးပြီး အမြော်အမြင်လည်းရှိသည်။ ပထာမကိုယ်စားလှယ်များကို ရွေးချယ်အသုံးချရာတွင် • • •

"တရုတ်ပြည်က ပြန်လာတဲ့ ခေါင်းဆောင်များကို ဗမာပြည်သူလူထုက အထင်ကြီးတယ်၊ စိတ်ဝင်စားနေကြတယ်၊ စစ်အစိုးရနဲ့ သူ့ရဲ့တပ်မတော်အတွင်းကလည်း ဝိကင်းပြန်တွေကိုသာ လေးစားကြတယ်။ တန်ဖိုးထားကြတယ်။ ဒါကြောင့် ပါတီရဲ့ အကျိုးအမြတ်ကို ကြည့်ပြီး ဝိကင်းပြန် ဗဟိုကော်မတီများကိုသာ ထည့်ရမယ်" ဟု ပြောခဲ့သည်။

ထိုအချိန်က ရဲဘော်ဘတင်(ဂိုရှယ်)က ဗမာပြည်တွင်းမှ အတွေ့အကြုံရှိ၍ ရင့်ကျက်မှုရှိသော ဗဟိုကော်မတီအချို့ကို ထည့်သွင်းလိုသည်။ ဗဟိုဌာနချုပ်၏ ပတ်ဝန်းကျင်တွင်ရှိသော ပဲခူးရိုးမတိုင်း ဥက္ကဋ္ဌ ဗဟိုကော်မတီ ရဲဘော်မြအား ပထာမကိုယ်စားလှယ် အဖွဲ့တွင် ထည့်သွင်းရန် လျာထားခဲ့သည်။

သို့သော် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် အပြင်းအထန် ကန့်ကွက်၍ ပယ်ချခဲ့သည်။ ထို့နောက် အဖွဲ့ဝင်များကို ရွေးချယ်ပြီးသောအခါ ပထာမကိုယ်စားလှယ်အဖွဲ့၏ ရုံးအဖွဲ့ကို ရွေးချယ်ရာတွင် ရုံးတာဝန်ခံမှာ ဝိကင်းပြန် ရဲဘော်အောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ရုံးအဖွဲ့ဝင်များမှာ ပီကင်းပြန် ရဲဘော်ညိုနှင့် ရဲဘော်ထွန်းရီ (ခေါ်) ထွန်းသာ တို့ဖြစ်ကြသည်။

ပဏာမကိုယ်စားလှယ်အဖွဲ့၏ ကာကွယ်ရေးတာဝန်ခံမှာ ပီကင်းပြန် ဗိုလ်ဘဖြူဖြစ်ပြီး အဖွဲ့ဝင်မှာ ပီကင်းပြန် ရဲဘော်မင်းအောင် ဖြစ်သည်။ ရဲဘော်ဘခက်မှာမူ ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက် လုပ်ငန်းများနှင့် ပဏာမကိုယ်စားလှယ်အဖွဲ့၏ မြေအောက်လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် အထူးရွေးချယ်လိုက်သည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

www.burmeseclassic.com

www.burmeseclassic.com



## အလုပ်များသော ဗဟိုဌာနချုပ်နှင့် ရန်ကုန်ရောက်အဖွဲ့များ

ပထာာမကိုယ်စားလှယ်အဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပြီးသောအခါ ဗမာပြည် ကွန်မြူနစ် ဗဟိုဌာနချုပ်သည် ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများအတွက် စီစဉ်ပေးရသဖြင့် အလွန်အလုပ်များသွားသည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည် ပထာာမကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများကို ရန်ကုန်မြို့တွင် ကြိုတင်၍ လျှို့ဝှက်ဆက်သွယ်ရေးများ ပြုလုပ်နိုင်ရန်အတွက် ရှေ့ပြေးတပ်ဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

ထိုအဖွဲ့တွင် ဗိုလ်ကင်းမြန် ရဲဘော်ညို၊ ဗိုလ်ကင်းမြန် ဗိုလ်ဘဖြူ၊ ရဲဘော်ဘခက်၊ ရဲဘော်ထွန်းရီတို့ ပါဝင်ကြသည်။ ရှေ့ပြေးအဖွဲ့သည် ၁၉၆၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဗဟိုဌာနချုပ်စခန်းမှ ပဲခူးရိုးမရွှေတောင်၊ ငွေတောင်စခန်းသို့ ရောက်ရှိလာပြီး ဩဂုတ်လ ၂၄ ရက်နေ့တွင် ရွှေတောင်၊ ငွေတောင်စခန်းမှ ဘားတောရပာတ် ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီးနောက်တွင် အထူးတာဝန်များကို ခွဲဝေပြီး ဆောင်ရွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့သို့ ရောက်သောအခါ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်များသည် ဗဟိုဌာနချုပ်စခန်းမှ ပြည်ခရိုင်၊ ပေါက်ခေါင်းသို့ ထွက်လာခဲ့ကြသည်။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ပြည်မြို့မှတဆင့် တပ်မတော် လေယာဉ်ဖြင့် ရန်ကုန်သို့ ရောက်ရှိလာခဲ့သည်။

xxxxx



ရန်ကုန်မြို့သို့ရောက်ရှိနေသော ဝီကင်းပြန်များ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ခရီးထွက်ရန်အတွက် မင်္ဂလာဒုံလေဆိပ်တွင် တပ်မတော် အရာရှိများမှ လိုက်လံပို့ဆောင်နေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com


www.burmeseclassic.com



## ပဏာမကိုယ်စားလှယ်အဖွဲ့၏လှုပ်ရှားမှုများ

ပဏာမကိုယ်စားလှယ်များ အဖွဲ့သည် ရန်ကုန်ရောက်ပြီး နောက်တွင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် သဘောဖြင့် မိဘဆွေမျိုး များနှင့် တွေ့ဆုံသည်။ ၁၉၆၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအိမ်၌ ဗမာပြည်ကွန်မြူနစ်ပါတီ၊ မြေအောက်ပါတီ တာဝန်ခံ ဆက်သားနှင့် တွေ့ဆုံပြီး လတ်တလော မြေအောက်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ပေးခဲ့သည်။

ထို့နောက် ပြည်သူလူထု တစ်ရပ်လုံးအား ဝါဒဖြန့်ချိရန်အတွက် မိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်လွမ်းသူပန်းခွေချ၍ ဗဟိုဌာနချုပ်မှ အသင့်



ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် အာဇာနည်ကုန်းသို့ သွားရောက်ပြီး လွမ်းသူပန်းခွေချ၍ အလေးပြုနေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးယူလာသော "ဗမာပြည်ကွန်မြူနစ်ပါတီ၏အမိန့်ညွှန်ချက်" ကို ဖတ်ကြားကာ အလေးပြုခဲ့သည်။

ထိုအချိန်က ရန်ကုန်ရောက် ဗမာပြည်ကွန်မြူနစ်ပါတီ ပထဗာမ ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်မြို့၌ အဓိကတာဝန်ကြီးနှစ်ရပ်ကို တာပြိုင်တည်းပြုလုပ်ခဲ့သည်။ ပထမတာဝန်မှာ ရန်ကုန်မြို့တွင်ရှိသော သံရုံးနှင့် ဆက်သွယ်၍ ပီကင်းနှင့် တရုတ်သံရုံးများမှ ညွှန်ကြားချက်များကို အဆက်မပြတ် ရယူခြင်းဖြစ်သည်။

ဒုတိယတာဝန်မှာ ဗမာပြည်ဒေသအသီးသီးမှ မြေပေါ်၊ မြေအောက် အဆက်အသွယ်များကိုယူပြီး စည်းရုံးရေးဒေသများကို တိုးချဲ့ရန် ဖြစ်သည်။ ကိုယ်စားလှယ်အဖွဲ့သည် ၁၉၆၃ ခုနှစ် စက်တင်ဘာ ၄ ရက် နေ့လည် ၁ နာရီ ၁၅ မိနစ် အချိန်တွင် ပြည်သူ့ကော်မတီနှင့် တွေ့ဆုံသည်။

စက်တင်ဘာ ၅ ရက်နေ့တွင် ပမညတ သဘာပတိအဖွဲ့နှင့် တွေ့ဆုံသည် စက်တင်ဘာ ၆ ရက်နေ့တွင် ပြည်သူ့တိုးတက်ရေးပါတီနှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုနေ့ နေ့လည် ၁ နာရီတွင် ကရင်အမျိုးသားအဖွဲ့ (အေဘီကေအို)နှင့် တွေ့ဆုံဆွေးနွေးသည်။

စက်တင်ဘာ ၁၁ ရက်နေ့တွင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော်နှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးသည့်ရည်ရွယ်ချက်မှာ မြေပေါ်တွင်ရှိသော လက်ဝဲနိုင်ငံရေး ပါတီအဖွဲ့အစည်းများကို စည်းရုံးရေးအရ၊ နိုင်ငံရေးအရ တစ်စုတစ်စည်းတည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာစေရန်အတွက် ဖြစ်သည်။ ထို့အပြင် တော်လှန်ရေး ကောင်စီနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း အကြပ်ကိုင် ဖိအားပေးနိုင်ရန်အတွက် ဖြစ်သည်။

xxxxx

## သခင်ဘသိန်းတင်အဖွဲ့ရောက်ရှိလာခြင်း

ဗမာပြည်ကွန်မြူနစ်ပါတီ ပထာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တွင် မြေပေါ်လာက်ဝဲ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးကာ နိုင်ငံရေး စည်းလုံးရေးအရ စုစည်းနေချိန်တွင် ပီကင်းမြို့မှ အဝေးရောက် ဗဟိုကော်မတီ၏ဥက္ကဋ္ဌ သခင်ဘသိန်းတင်



ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏
ပထာမငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပထမ ဒုတိယဥက္ကဋ္ဌ သခင်ဘသိန်းတင်သည် ရန်ကုန်မြို့တွင် သမီး(၃)ဦးအား တွေ့ဆုံနေစဉ်

ခေါင်းဆောင်သော အဖွဲ့သည် ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့တွင် အထူး လက်ရွေးစင်ကေဒါများ ပါဝင်ခဲ့သည်။ ၎င်းတို့မှာ-

၁။ သခင်ဘသိန်းတင် ၂။ ဗိုလ်တိုက်အောင်
၃။ ရဲဘော်မျိုးတင့် ၄။ ရဲဘော်သန်းဝင်း
၅။ ရဲဘော်မောင်ကို ၆။ ရဲဘော်ညွှန့်ကျော်
၇။ ရဲဘော်ထွန်းရှိန် (ခေါ်) မေငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



၈။ ရဲဘော်သိန်းထိုက် ၉။ ရဲဘော်ဖေသောင်း
၁၀။ ခင်ခင်ကြည် (ခေါ်) မမျိုးသန့်
၁၁။ မတင်ဝေ တို့ဖြစ်ကြသည်။

ထို့ကြောင့် ပထာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် အင်အားတောင့်တင်းလာသည်။

xxxxx

## ပထာမကိုယ်စားလှယ်အဖွဲ့၏ခံယူချက်

ပထာမကိုယ်စားလှယ်အဖွဲ့သည် ၁၉၆၃ ခုနှစ် စက်တင်ဘာလ (၆)ရက်နေ့တွင် ပြည်သူ့တိုးတက်ရေးပါတီ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သလို စက်တင်ဘာ ၁၇ ရက်နေ့တွင် ဆူလေဘုရားလမ်း အမှတ် ၂၂၂ အပေါ်ဆုံးထပ်တွင် နေထိုင်သော ဦးချစ်ဖေ (သခင်ချစ်၏အစ်ကို)၏ အိမ်၌ ဗမာပြည်ကွန်မြူနစ်ပါတီ အနွယ်များနှင့် ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ထိုဆွေးနွေးပွဲ၌ မြေအောက်စည်းရုံးရေး လုပ်ငန်းများ တိုးချဲ့ရန်နှင့် ပါတီ၏ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် သဘောထားများကို ရှင်းလင်းတင်ပြရန် ဖြစ်သည်။ ထိုဆွေးနွေးပွဲတွင် ရဲဘော်ဌေးနှင့် ရဲဘော်အောင်ကြီးတို့က . . .

"အခုငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် လာတာဟာ ပါတီအကျိုးအတွက် ပြည်သူတွေရဲ့ အကျိုးအတွက် လာတာဖြစ်တယ်။ ပါတီနဲ့ ပြည်သူ့အတွက် အကျိုးမရှိတဲ့ ငြိမ်းချမ်းရေးကို ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာမဟုတ်ဘူး။ တော်လှန်ရေးအတွင်း အသတ်ခံရတဲ့ ရဲဘော်တွေရဲ့ မျက်နှာကို အိုးမဲသုတ်မှာမဟုတ်ဘူး။ တော်လှန်ရေးရဲ့ အောင်သီး အောင်နှံတွေနဲ့ အသီးအပွင့်တွေကို အစွမ်းကုန်ထိန်းသိမ်းသွားမယ်။ ရှင်သန်ကြီးထွားအောင်လည်း ဆက်လက်လုပ်သွားမှာဖြစ်တယ်။ ဒီအခြေအနေမှာ မြို့ပေါ်မှာရှိတဲ့ ပါတီရဲ့ အင်အားစုတွေဟာ တစ်ညီတစ်ညွတ်တည်းနဲ့ စုစုရုံးရုံး ညီညွတ်ဖို့လိုတယ်" ဟု ခံယူချက်ကို ရှင်းရှင်းလင်းလင်း ပြောခဲ့သည်။

ပထဘာမကိုယ်စားလှယ်အဖွဲ့သည် တစ်ဘက်တွင် တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်း



ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထဘာမငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီပေါလစ်ဗျူရိုအဖွဲ့ဝင် သခင်ချစ်၏ သားနှင့်သမီးများကို တွေ့ဆုံ၍ အားပေးစကား ပြောကြားနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုင်သလို၊ တစ်ဘက်တွင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ နယ်မြေတိုးချဲ့ရေးနှင့် စည်းရုံးရေး အင်အားတောင့်တင်းရေးကို အစွမ်းကုန်ပင် လုံးပမ်းကာ စစ်မျက်နှာကို နှစ်ဖက်ဖွင့်ထားသည်။

xxxxx

## မအောင်မြင်ခဲ့သောဆွေးနွေးပွဲ

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထဘာမကိုယ်စားလှယ်အဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သော်လည်း တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးရန် အားတက်သရော မရှိခဲ့ပေ။


သူတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အကျိုးအတွက်သာ အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပထဘာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့၏ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရသည်။ ကိုယ်စားလှယ်အဖွဲ့သည် ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျော်နိုင်းပြီး တောတွင်းသို့ ပြန်ခဲ့သည်။

ထို့နောက် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဘော်ဘင်ရွာ၏ လက်တက်ဖြစ်သော တုံးမြောင်းစခန်းတွင် ပြောင်းရွှေ့ချထိုက်ထားသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုချုပ်၌ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ

www.burmeseclassic.com

www.burmeseclassic.com





ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့သည် ငြိမ်းချမ်းရေးကို ကျောခိုင်း၍ နဝင်းချောင်းကို ဖြတ်ကျော်နေကြခြင်း ဖြစ်ပါသည်။

ပျက်ပြားခြင်းနှင့် ပတ်သက်ပြီး သုံးသပ်ချက်တစ်ရပ်ကို ပေါလစ်ဗျူရို အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးကြလေသည်။ ထိုအစည်းအဝေး တွင် . ၁။ သခင်သန်းထွန်း

၂။ ရဲဘော်ဘတင်(ဂိုရှယ်)

၃။ သခင်ချစ်

၄။ ရဲဘော်ဒွေး

၅။ ရဲဘော်အောင်ကြီး

၆။ သခင်ပု

၇။ ဗိုလ်ဇေယျ တို့ တက်ရောက်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



# အများနှင့်အမှန်

ထိုပေါလစ်ဗျူရို ဆွေးနွေးပွဲတွင် ပါတီဥက္ကဋ္ဌကြီး သခင်သန်းထွန်းက "ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ရတာဟာ စစ်အစိုးရက အကြွပ်ကိုင်ပြီးတော့ အတင်းအဓမ္မ အညှဲခံနိုင်းလို့ ဖြစ်တယ်။ ဒါပေမယ့် ပါတီအတွက် အမြတ်တွေ အများကြီးရလိုက်တယ်" ဟူ၍ တော်လှန်ရေးအစိုးရအပေါ် အပြစ်ပုံချသည့် သုံးသပ်ချက်တစ်ရပ်ကို တင်ပြလေသည်။

ထိုအခါ သခင်သန်းထွန်း၏ သုံးသပ်ချက်နှင့် စင်ပြိုင်ရဲဘော်ဓာတင်(ကိုရှယ်)ကလည်း ပြည်တွင်းငြိမ်းချမ်းရေး ပျက်ရခြင်းနှင့် ပတ်သက်ပြီး သုံးသပ်ချက်တစ်စောင်ကို တင်သွင်းလေသည်။

ထိုသုံးသပ်ချက်မှာ "အခု ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ခဲ့ရတာဟာ ပါတီကြောင့်ဖြစ်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ်စားလှယ်အဖွဲ့ဟာ ရန်ကုန်ကိုသွားပြီးတော့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် လုံးပမ်းတာမဟုတ်ဘဲနဲ့ မြေအောက်စည်းရုံးရေးတွေ တိုးချဲ့ဖို့ ဆန္ဒပြပွဲတွေနဲ့ အစိုးရကို အကြွပ်ကိုင်ဖို့ဆိုပြီး ဆန့်ကျင်ရေး ဆန္ဒပြတွေကိုလုပ်ပြီး အခွင့်အရေးမယူသင့်တာတွေကို ယူပြီးလုပ်ခဲ့ကြတယ်၊ ဒီအခြေအနေမှာ ဒါမျိုးတွေကို လုံးလုံးမလုပ်သင့်ဘူး။ ဒါတွေပဲ ဆက်တိုက်လုပ်တော့ နားလည်မှု မလွဲသင့်တာတွေဟာ ပိုပိုပြီး လွဲကုန်တာ ဖြစ်လာတယ်၊ ဒါတွေကြောင့် တကယ်တော့ အခုငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ရတာကို အဓိကတာဝန်ယူရမှာက

www.burmeseclassic.com

www.burmeseclassic.com



တော့ ပါတီကယူရမှာပဲ၊ ဒါတွေကို မလေးနက်ရင် ပါတီရဲ့ရှေ့မှာ ချမှတ်မယ့် လမ်းစဉ်၊ ပေါ်လစီတွေကလည်း ဘယ်နည်းနဲ့မှကို မှန်ကန်မှာ မဟုတ်ဘူး။ အထူးသဖြင့် အခုလို မဖြစ်သင့်တာတွေ ဖြစ်လာရတာဟာ သခင်သန်းထွန်းနဲ့ ကိုအောင်ကြီးတို့မှာ အလွန်ကြီးမားတဲ့ တာဝန်တွေရှိတယ်၊ ပြီးတော့ ရန်ကုန်ကိုသွားပြီးတော့ လက်ဝဲအလွန်အကျွံ သဘောထားတွေနဲ့ မြေအောက်လုပ်ငန်းတွေကို ရှေ့ဆောင်ပြီး ညွှန်ကြားတဲ့ သခင်ချစ်ရဲ့ တာဝန်ကလည်း မသေးငယ်ဘူးဆိုတာ တွေ့ရမယ်" ဟူ၍ ဖြစ်သည်။

ဤသို့ ရဲဘော်ဘတင်(ဂိုရှယ်)က ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ရခြင်းနှင့် ပတ်သက်ပြီး သုံးသပ်ချက်တစ်စောင်ကို သခင်သန်းထွန်းနှင့် စင်ပြိုင်တင်သွင်းသောအခါ အစည်းအဝေးတွင် ဘယ်သူမှားပြီး ဘယ်သူမှန်သလဲဆိုတာကို အပြန်အလှန် အပြင်းအထန် ဆွေးနွေးကြသည်။ ရဲဘော်ဌေးနှင့် ဗိုလ်ဇေယျတို့မှာလည်း အမှား အမှန်ကို မခွဲခြားနိုင်ဘဲ တွေဝေနေသည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်း မချမှတ်နိုင်သောကြောင့် ဝိကင်း၏ အဆုံးအဖြတ်ကို ခံယူရန်အတွက် သုံးသပ်ချက်များကို တရုတ်ပြည်သို့ ပေးပို့လိုက်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ဗီကင်းမှပြန်လည်ပေးပို့သောစာတမ်း

ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်းတို့သည် ဗီကင်း၏ ဆုံးဖြတ်ချက်များကို ခံယူရန်အတွက် သုံးသပ်ချက်များကို တရုတ်ပြည်သို့ ပေးပို့ပြီးနောက်ပိုင်းတွင် တရုတ်ပြည်၏ ဆုံးဖြတ်ချက်ကို စောင့်မျှော်နေခဲ့သည်။

ထို့နောက် ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်ပြည်ကွန်မြူနစ်ပါတီမှ ဗမာပြည်ကွန်မြူနစ်ပါတီသို့ "စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်သော မိမိတို့၏ တင်ပြချက်"ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ကို ပေးပို့လိုက်သည်။

ထိုစာတမ်းကို ဗဟိုကော်မတီဝင်များအတွက်သာ ထိပ်တန်းလျှို့ဝှက်အဖြစ် ဘတ်မှတ်ပြီး ပါတီတွင်းတွင် လုံးဝအသိမပေးရ လုံးဝဖော်ထုတ်ခြင်း မပြုရဟု တင်းကြပ်စွာတားမြစ်ထားသည်။ ထို့ကြောင့် ဗဟိုကော်မတီဝင်များအတွင်းသို့ ဖြန့်ချိရာတွင် တရုတ်ပြည်မှ ပေးပို့သော စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်သော မိမိတို့၏ တင်ပြချက်ဟူသော စာတမ်းအား စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်သော ဥက္ကဋ္ဌ၏ မူလတင်ပြချက်ဟူ၍ အမည်လွှဲပြောင်းလိုက်လေသည်။

ထိုစာတမ်းမှာ-

(၁) ကျွန်ုပ်တို့သည် အတိတ်နှင့် ပတ်သက်၍ မှန်ကန်သော ကောက်ချက်များချနိုင်ရန် လိုအပ်ပေသည်။ သို့ရာတွင် အတိတ်အပေါ် အာရုံစိုက်လွန်းခြင်း၊ အနာဂတ်အလားအလာနှင့် တာဝန်များကို

www.burmeseclassic.com

www.burmeseclassic.com



အလေးထားခြင်းက ပိုပြီးကောင်းမွန်ပေသည်။ ဥပမာအားဖြင့် နိဝင်ဘာလ ၁၀ ရက်နေ့ လူထုအစည်းအဝေး ဖြုတ်လုပ်ခြင်းသည် မှန် မမှန်၊ မဒညတ အနေနှင့် စေ့စပ်ဆွေးနွေးခြင်းသည် မှန် မမှန်ဆိုသော ကိစ္စများအပေါ် အချိန်များစွာ ဖြုန်းနေခြင်းဖြင့် ပါတီညီညွတ်ရေးအတွက် အကျိုးမရှိပေ။ ယခုအားလုံး သဘောတူညီချက် မရသေးလျှင် ရွှေ့ဆိုင်းထားပြီး နောက်မှပင် ဆွေးနွေးသင့်ပေသည်။ အချိန်နှင့်ဘဝ ဖြစ်ရပ်များက ဤပြဿနာကို အဖြေ ပေးသွားပေလိမ့်မည်။

(၂) စေ့စပ်ရေးအတွင်း ပါတီ၏ရပ်တည်မှု နည်းပရိယာယ်နှင့် လုပ်ရပ်များကို ယေဘုယျအားဖြင့် ကျွန်ုပ်တို့အတည်ပြုပေသည်။ စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားရခြင်းအတွက် အုပ်စိုးသော လူတန်းစားများအပေါ်၌သာ တာဝန်လုံးလုံး ကျရောက်ပေသည်။ စေ့စပ်ဆွေးနွေးရေးအတွင်း ပါတီသည် ရန်သူအပေါ် ကြီးမားသော အောင်မြင်မှုများ ရလိုက်သည်။ စေ့စပ်ဆွေးနွေးပွဲ၏ ရလာဒ်အားလုံးကို ခြုံကြည့်လျှင် ကျွန်ုပ်တို့၏ အမြတ်သည် ကျွန်ုပ်တို့ ရှုံးဆုံးမှုထက် များစွာပင် အလေးသာပေသည်။ စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားရခြင်းအတွက် အဓိကအကြောင်းရပ်မှာ

၁။ အုပ်စိုးသော လူတန်းစားများအတွင်း ငြိမ်းချမ်းရေးဆန့်ကျင်သော အင်အားစုများက ယာယီအပေါ်စီးရလာခြင်းနှင့်

၂။ အုပ်စိုးသော လူတန်းစားက လူထုအား ကြောက်လန့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ဖြစ်ကြသည်။

ပါတီခေါင်းဆောင်မှုနှင့် ပါတီတစ်ရပ်လုံးသည် စစ်တစ်ခုလုံးကို မည်ကဲ့သို့ ခေါင်းဆောင်ရမည်ဟူသော အချက်နှင့် ချေမှုန်းရေး တိုက်ပွဲများ မည်ကဲ့သို့ ဆင်နွှဲရမည်ဟူသော အချက်များကို လေ့လာရန်လိုပေသည်။

(၃) စေ့စပ်ဆွေးနွေးပွဲ မတိုင်မီ ဆွေးနွေးနေစဉ်အတွင်းနှင့် ဆွေးနွေးပွဲ အပြီးတွင် ကွန်မြူနစ်တို့ပါတီ၌ ချွတ်ယွင်းချက်အချို့ ရှိချင်ရှိလိမ့်မည်၊ သို့ရာတွင် တစ်ခုလုံးခြုံကြည့်လျှင် ပါတီ၏ ရပ်တည်မှု နည်းပရိယာယ်နှင့် လုပ်ဆောင်ချက်များသည် အခြေခံအားဖြင့် မှန်ကန်ပေသည်။ စေ့စပ်ဆွေးနွေးပွဲ ပျက်ရခြင်း အတွက် အထက်တွင် ဖော်ပြခဲ့သော ပြည်တွင်းအကြောင်း နှစ်ရပ်အပြင်၊ ပြည်ပအကြောင်းရင်းအနေနှင့် နိုင်ငံတကာ ပြန်မြင်ရေးများ ပါဝင်သည့် အခန်းကိုလည်း ထည့်တွက်ရမှာ ဖြစ်သည်။ အတိုချုပ်အားဖြင့် ဆိုပါမူ နယ်ချဲ့သမားများ၊ ပြည်တွင်းဖောက်ပြန်ရေးသမားများ၏ ပူးပေါင်းကြံစည်မှုဖြင့် ရန်သူသည် စေ့စပ်ဆွေးနွေးပွဲကို တမင်ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်။ ကွန်မြူနစ်တို့သည် ရန်သူက စေ့စပ်ဆွေးနွေးပွဲ ဖျက်ပစ်ခြင်းကို မှများမစွန့်လွှတ်ရဘဲ တားဆီးနိုင်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့ကြပေသည်။

(၄) အောက်ပါတို့ကား ကွန်မြူနစ်တို့၏ အောင်မြင်ချက်တချို့နှင့် ကျော်ချက် အချို့ပင်တည်း-

www.burmeseclassic.com

www.burmeseclassic.com



၁။ ကျွန်ုပ်တို့တွင် ဆုံးရှုံးမှုအချို့ပင် ရှိလင့်ကစား၊ တစ်ခုလုံး ခြုံပါက အလွန်ကြီးမားသော အောင်မြင်ချက်ပင် ဖြစ်သည်။

၂။ ကျွန်ုပ်တို့ အဝေးရောက်တပ်အား အချို့ကို ပြန်ခေါ်နိုင်ခဲ့ပေသည်။

၃။ ကျွန်ုပ်တို့သည် အကောင်းဘက်၊ အဆိုးဘက် အတွေ့အကြုံများပါ ရရှိခဲ့သည်။

၄။ နေဝင်း၏ အတုအယောင် ငြိမ်းချမ်းရေးကို ဖွင့်ချနိုင်သည်။

၅။ နေဝင်း၏ အတုအယောင် ဆိုရှယ်လစ်စနစ်ကို ဖွင့်ချနိုင်သည်။

၆။ ကျွန်ုပ်တို့သည် ပြည်တွင်းပြည်ပ ပြန်ပြင်ရေးဝါဒကို ပြန်လည် တိုက်ခိုက်နိုင်ပြီး ကျော်လွှန်နိုင်ခဲ့သည်။

၇။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေး တကယ်လိုလားပြီး ငြိမ်းချမ်းရေးအတွက် ရိုးရိုးသားသား ဆောင်ရွက်ခဲ့ကြောင်း ပြည်သူများအား ပြသနိုင်သည်။

၈။ ကျွန်ုပ်တို့သည် ပါတီ၏ငြိမ်းချမ်းရေး ကြွေးကြော်သံအောက်တွင် ရန်သူနယ်မြေရှိ လက်ဝဲအင်အားစုများကို စုစည်းနိုင်သည်။

၉။ ကျွန်ုပ်တို့သည် ရန်သူနှင့်ဆက်ဆံရာတွင် ရဲတင်းရန် ဆိုအပ်သည်၊ အရေးအကြီးဆုံးမှာ အခွင့်ကောင်းများကို ရယူ

www.burmeseclassic.com

www.burmeseclassic.com



ရန်နှင့် ရန်သူ၏ အားနည်းချက်များကို အသုံးချရန် လုံလောက်သော ရဲရင့်ပြတ်သားမှုရှိရမည်။

၁၀။ ကျွန်ုပ်တို့သည် ပြောင်လုပ်ငန်းနှင့် မြေအောက်လုပ်ငန်းများကို ကျွမ်းကျင်စွာ ပေါင်းစပ်တတ်ရန် လေ့ကျင့်ရမည်။

၁၁။ ရန်သူနှင့် ဆက်ဆံမှုတွင် လိမ်မာကျွမ်းကျင်ရမည်။ တစ်ခါတစ်ရံတွင် လူထုလှုပ်ရှားမှုကို အသုံးပြုရန်နှင့် ကြိုးကိုင်ရန် လိုအပ်သည်။

၁၂။ တစ်ခါတစ်ရံတွင်မူ လူထုလှုပ်ရှားမှုကို ပြောင်လုပ်ဆောင်ရန် မလိုအပ်ဘဲ လူထုများကို လျှို့ဝှက်စည်းရုံးရန်သာ လိုအပ်သည်။

၁၃။ ကျွန်ုပ်တို့သည် မဒညတကို ဖြိုခွဲပစ်ရန် ကြိုးပမ်းချက်ကို တားဆီးနိုင်ခဲ့သည်။ မဒညတ က ပါတီနှင့်အတူ ရပ်တည်ခြင်းသည် ပါတီအတွက်သော်လည်းကောင်း လူမျိုးစုများ အတွက်သော်လည်းကောင်း ကြီးမားသော အောင်မြင်ချက်ကြီး ဖြစ်ပေသည်။

၁၄။ တစ်ခါတရံတွင် ကျွန်ုပ်တို့အနေနှင့် ပထမစေ့စပ်ဆွေးနွေးပြီး နောက်မှပင် မဒညတသို့ တိုးချဲ့ယူသင့်သည်။ တစ်ခါတစ်ရံ ပြောင်းပြန်လုပ်သင့်သည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် စေ့စပ်ဆွေးနွေးရေး အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ရန်အတွက် ကောင်းမွန်သော အခြေအနေကို ဖန်တီးပေးရန်ဖြစ်ပြီး ဤရည်မှန်းချက်ရောက်ရန်အတွက် တိကျသော သီးခြားအခြေအနေများနှင့် ဘယ်ပုံသဏ္ဌာန်များသည် အဆီလျော်ဆုံးဖြစ်သည်ကို တွေ့ရမည်။

၁၅။ ရန်သူသည် ကျွန်ုပ်တို့ထံမှ ငြိမ်းချမ်းရေး အလံတော်ကို လုမယူနိုင်ခဲ့ပေ။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေး အလံတော်ကို မြင့်မားစွာ လွှင့်ထူနိုင်ခဲ့သည်။

၁၆။ စေ့စပ်ဆွေးနွေးရေးကာလ ၅ လကို အသုံးပြုပြီး ကျွန်ုပ်တို့သည် လူထုကိုလည်းကောင်း၊ ပါတီလက်နက်ကိုင် အင်အားစုများ လူထုအဖွဲ့အစည်းများကိုလည်းကောင်း စုစည်းနိုင်ခဲ့ပြီး ပါတီညီညွတ်ရေးကိုလည်း တစ်စုံတစ်ရာ တည်ဆောက်နိုင်ခဲ့သည်။

၁၇။ ယနေ့လက်ငင်းအခြေအနေများအရ ဗမာပြည်တွင် ဆိုရှယ်လစ် စနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းရန် မဖြစ်နိုင်ပေ။

၁၈။ ရန်သူအပေါ် အောင်ပွဲခံနိုင်ရန်အတွက် ကျွန်ုပ်တို့၏ လက်နက်ကိုင် အင်အားစုများကို တိုးချဲ့ရန် အကြွင်းမဲ့ လိုအပ်သည်။

၁၉။ ပစ္စုပ္ပန်အတွက်ရော အနာဂတ်အတွက်ပါ ကျွန်ုပ်တို့တွင် အခက်အခဲများ ရှိနိုင်ပေသည်။ သို့ရာတွင် ဗမာပြည်တွင် ကောန်မှုချ တော်လှန်ရေး အောင်ပွဲခံရမည်။ ဤတစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရန်သူက စေ့စပ်ရေးကို ဖျက်လိုက်သဖြင့် အနာဂတ်တွင် ငြိမ်းချမ်းရေး အလားအလာ မရှိတော့ဟု ကောက်ချက်ချ ပါက မှားယွင်းလိမ့်မည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့ သည် ငြိမ်းချမ်းရေး စိတ်ကူးယဉ်မှု မရှိသင့်ပေ။ အနာ ဂတ် စေ့စပ်ဆွေးနွေးပွဲများ အောင်မြင်ဖို့ အာမခံချက် ရှိစေရန် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးအလံကို မြင့်မားစွာ လွှင့်ထူခြင်းနှင့် တပြိုင်တည်း နိုင်ငံရေးရော၊ စစ်ရေးရော ထိုးစစ်ဆင်ရမည်။ ပါတီသည် အခွင့်ကြုံတိုင်း အကြိမ်ကြိမ် ငြိမ်းချမ်းရေး ခေါ်သင့်ပေသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com





[illegible]



[illegible] ၃ ဦး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

www.burmeseclassic.com

www.burmeseclassic.com



## လမ်းစဉ်မရှိချွတ်ချုံကျနေသောပါတီ

သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားပြီးနောက် တိကျသော လမ်းစဉ်တစ်ရပ် ဟူ၍ မရှိသော ကွန်မြူနစ်ပါတီ ဖြစ်နေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်လည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားရသည့်မှာ "သူ့ကြောင့်၊ ငါ့ကြောင့်" ဟူ၍ တရားခံရှာပွဲကြီးကို သူ့ထက်ငါအပြိုင်ပင် ဆွေးနွေးငြင်းခုံနေကြပေသည်။

ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအနေနှင့် နိုင်ငံရေးလမ်းစဉ်တစ်ရပ်ကို ချမှတ်နိုင်ရန်အတွက် အပူတပြင်း လို အပ်နေပေသည်။ သို့သော်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ် ဗျူရိုအဖွဲ့ (နိုင်ငံရေးဦးဆောင်အဖွဲ့) အနေနှင့် ပါတီ၏ နိုင်ငံရေး လမ်းစဉ်တစ်ရပ်ကို ခိုင်မာစွာ ချမှတ်နိုင်စွမ်းမရှိပေ။

ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံရေး စည်းလုံးရေး စစ်ရေး တို့တွင် ချွတ်ခြုံကျ၍ နေလေသည်။ ဤကဲ့သို့ အခြေအနေတွင်

www.burmeseclassic.com

www.burmeseclassic.com



ဝီကင်းမှလည်း နိုင်ငံရေး စည်းရုံးရေး စစ်ရေးလမ်းစဉ်တို့ကို ရေးဆွဲ၍ ပေးပို့မည်ဖြစ်ကြောင်း အကြောင်းကြားလိုက်လေသည်။

ထို့နောက် ၁၉၆၄ ခုနှစ် ဧပြီလ စတုတ္ထပတ်အတွင်းမှစ၍ ဝီကင်းမှ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် နိုင်ငံရေး စည်းရုံးရေး စစ်ရေးလမ်းစဉ်တို့ကို ပို့ပေးသည်။ ဤသို့ ဝီကင်းမှ နိုင်ငံရေး စည်းရုံးရေး စစ်ရေးလမ်းစဉ်တို့ကို ရရှိလိုက်သည်နှင့် တစ်ပြိုင်နက် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပေါ်လစ်ဗျူရိုအဖွဲ့သည် ဗဟိုကော်မတီ အစည်းအဝေးကို အလျှင်အမြန် ကျင်းပရန် စီစဉ်တော့သည်။

၁၉၆၄ ခုနှစ် ဇွန်လတွင် ဗဟိုကော်မတီ အစည်းအဝေး အတွက် ကြိုတင်ပြင်ဆင်သည့် နိုင်ငံရေးဦးဆောင်အဖွဲ့၏ အစည်း အဝေးကို ကျင်းပလေသည်။ ထိုအစည်းအဝေးတွင် ဝီကင်းမှ ပေးပို့ ခဲ့သော လမ်းစဉ်ပေါ်လစီဆိုင်ရာ ပြဿနာများကို ကြိုတင်ညှိနှိုင်း ခဲ့သည်။

ထို့အပြင် မကြာမီကျင်းပမည့် ဗဟိုကော်မတီ အစည်းအဝေး တွင် ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းအနေဖြင့် နိုင်ငံရေး အစီရင်ခံစာကို ဟောင်သွင်းရန်အတွက် ဝိုင်းဝန်းဆွေးနွေးကာ ပြင်ဆင် ပေးကြလေသည်။ ထို့နောက် သခင်သန်းထွန်းသည် ဝီကင်းမှ ပေးပို့သော လမ်းစဉ်ပေါ်လစီများကို ဥက္ကဋ္ဌ၏မူလတင်ပြချက် ဟူသော အမည်ဖြင့် ဗဟိုကော်မတီအစည်းအဝေးသို့ အစီရင်ခံရန် ဆုံးဖြတ် လေသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ဗဟိုကော်မတီ အစည်းအဝေး

ဗဟိုကော်မတီအစည်းအဝေးကို ၁၉၆၄ ခုနှစ် စက်တင်ဘာ ၉ ရက်၊ ၉ နာရီ အချိန်တွင် ဗှာနချုပ်၌ စတင်ကျင်းပခဲ့သည်။ ထို့ကြောင့် သခင်သန်းထွန်းနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သော သခင်ချစ်တို့က "တို့ရဲ့ ၆၄ ခုနှစ် လမ်းစဉ်ဟာ (၉)လ (၉)ရက်၊ (၉) နာရီမှာ စတင်ကျင်းပပြီး ချမှတ်တဲ့ လမ်းစဉ်ဖြစ်တယ်။ ဒါ့ကြောင့် တိုက်တိုင်းအောင်တဲ့ (၉)နဝင်းကြေလမ်းစဉ်ဖြစ်တယ်" ဟု ပြောကြားခဲ့သည်။

ထိုဗဟိုကော်မတီ အစည်းအဝေးကို တက်ရောက်ကြသည့် ပုဂ္ဂိုလ်များမှာ-

| | | |
|---|---|---|
| (၁) | သခင်သန်းထွန်း | ဗဟိုဌာနချုပ် |
| (၂) | သခင်ချစ် | ဗဟိုဌာနချုပ် |
| (၃) | ရဲဘော်ဘတင်(ဂိုရှယ်) | ဗဟိုဌာနချုပ် |
| (၄) | ရဲဘော်ဌေး | ဗဟိုဌာနချုပ် |
| (၅) | သခင်တင် | မဒညတဗဟို |
| (၆) | သခင်တင်ထွန်း | မဒညတဗဟို |
| (၇) | ရဲဘော်အောင်ကြီး | ဝိကင်းပြန် |
| (၈) | သခင်ပု | ဝိကင်းပြန် |
| (၉) | ဗိုလ်ဇေယျ | ဝိကင်းပြန် |

www.burmeseclassic.com

www.burmeseclassic.com



(၁၀) ရဲဘော်မြ ပဲခူးရိုးမတိုင်း

(၁၁) ရဲဘော်စိုးသန်း မြစ်ဝကျွန်းပေါ်တိုင်း

တို့ဖြစ်ကြသည်။

ဗဟိုကော်မတီ အစည်းအဝေးတွင် သဘာပတိမှာ သခင်သန်းထွန်းဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ရဲဘော်ဌေး ဖြစ်သည်။ ဗဟိုကော်မတီ အစည်းအဝေးတွင် အစီအစဉ် (၁၇) ခု ပါဝင်သည်။

xxxxx

## ဗဟိုကော်မတီ အစည်းအဝေးတွင် ပါဝင်သော အချက်(၁၇)ချက်

ဗဟိုကော်မတီ အစည်းအဝေးတွင် ပါဝင်သော အချက် (၁၇) ချက်မှာ -

၁။ အလံတော်အလေးပြု၊ ကျဆုံးလေပြီးသော ရဲဘော်များအား အလေးပြု။

၂။ နိုင်ငံတော်သီချင်းဖြင့် အစည်းအဝေးဖွင့်။

၃။ ဗဟိုကော်မတီဥက္ကဋ္ဌ၏ အစည်းအဝေးဖွင့် မိန့်ခွန်း။

၄။ နိုင်ငံရေးအမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဥက္ကဋ္ဌ၏ အစီရင်ခံစာ (သခင်သန်းထွန်း)

၅။ လမ်းစဉ်လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ ကာလလိုက် ဆွေးနွေးလေ့လာရရှိချက်များ အစီရင်ခံစာ (ရဲဘော်အောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



၆။ မျက်မှောက်ကမ္ဘာ့ ကွန်မြူနစ် လှုပ်ရှားမှုနှင့် ပတ်သက်သော အစီရင်ခံစာ (ရဲဘော်ဗိုလ်ဇေယျ)
၇။ ဉက္ကဋ္ဌ အစီရင်ခံစာအပေါ် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း
၈။ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုဆိုင်ရာ ပြဿနာများ ဆွေးနွေး ဆုံးဖြတ်ခြင်း
၉။ စစ်ရေးဆွေးနွေးဆုံးဖြတ်ခြင်း
၁၀။ မြေယာဆွေးနွေးဆုံးဖြတ်ခြင်း
၁၁။ လူမျိုးစုပြဿနာဆွေးနွေးဆုံးဖြတ်ခြင်း
၁၂။ ပါတီစည်းရုံးရေး ဆွေးနွေးဆုံးဖြတ်ခြင်း
၁၃။ ရန်သူဒေသပါတီစည်းရုံးရေး
၁၄။ ဘဏ္ဍာရေးအစီရင်ခံနှင့် ရှင်းတမ်းဆွေးနွေးခြင်း
၁၅။ ဗဟိုကော်မတီပြဿနာများနှင့် တာဝန်ခွဲဝေမှု
၁၆။ အထွေထွေ
၁၇။ နိုင်ငံတကာသီချင်းဖြင့် အစည်းအဝေး ရုပ်သိမ်းခြင်း

စသည်တို့ဖြစ်သည်။

ထိုအစီအစဉ် (၁၇)ခုတွင် အရေးကြီးသည့် နံပါတ်(၃)နှင့် (၄)ကို သခင်သန်းထွန်းက တာဝန်ယူ တင်ပြဆွေးနွေးပြီး အစီအစဉ် နံပါတ် (၅)နှင့် (၆)ကို ဝိကာင်းပြုန်များ ဖြစ်ကြသော ရဲဘော်အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့က အသီးသီးတာဝန်ယူ၍ ဦးဆောင်တင်ပြဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သခင်သန်းထွန်းသည် ဗိကင်းမှ တိုက်ရိုက်လာသော ဥက္ကဋ္ဌ၏မှာလတင်ပြချက်များ ဟူသော နိုင်ငံရေး အစီရင်ခံစာကို တင်သွင်းရာ ဗဟိုကော်မတီအစည်းအဝေးမှ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်ဖြစ်သော ရဲဘော်ဘတင်(ဂိုရှယ်)က ဥက္ကဋ္ဌ၏ နိုင်ငံရေး အစီရင်ခံသည် ရောကျော်ဝါဒ၊ စုပေါင်းစပ်ပေါင်းဝါဒဖြစ်သည်ဟု ဆိုကာ အတိအလင်း ကန့်ကွက်ခဲ့သည်။ ထို့နောက် ဗဟိုကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၃၂)ချက်ကို ချပြီးနောက် အောက်တိုဘာ ၁၄ ရက်နေ့တွင် နိုင်ငံတကာ ချစ်ကြည်ရေး သီချင်းဖြင့် ရုပ်သိမ်းခဲ့သည်။

×××××

## ဗဟိုမာ့က်စ်လီနင်ဝါကျောင်း

သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၆၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ပထမပတ်ဖြစ်သော ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကို သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ်၊ တောင်ညိုဒေသ၊ ဆင်သေရွာ၏ အရှေ့ဘက် (၂)မိုင်အကွာတွင် ဖွင့်လှစ်ခဲ့သည်။

ထိုကျောင်း၏ ကျောင်းဆရာအဖွဲ့ကို ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့က ကျင်းပခဲ့သည့် ဗိကင်းပြန်များ၏ အထူးတွေ့ဆုံပွဲ အစည်းအဝေးမှ ရွေးချယ်သတ်မှတ်ခဲ့သည်။ ကျောင်းအုပ်အဖြစ် တာဝန်ပေးခံရသူမှာ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ငွေး ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတစ်ခုလုံး၏ တာဝန်ခံအဖြစ် တာဝန်ပေးခံရသူမှာ ဗိုလ်ကြီးမြင့် ရဲဘော်မျိုးတင့်ဖြစ်သည်။

သို့သော် ကျောင်းအုပ်အဖြစ် လက်တွေ့ဝင်ရောက် ဆောင်ရွက်ရသူမှာ ရဲဘော်အောင်ကြီး ဖြစ်သည်။ ထို့ကြောင့် ရဲဘော်အောင်ကြီးကို တရားဝင် ကျောင်းအုပ်ဖြစ်သော ရဲဘော်ငွေး၏ အထက်မှ "ဂုဏ်ထူးဆောင် -နာယကကျောင်းအုပ်ကြီး" အဖြစ် အမည်မှည့်ခေါ်ခဲ့သည်။ ထိုကျောင်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ

၁။ အဘိဓမ္မာဘာသာရပ်

၂။ ဘောဂဗေဒဘာသာရပ်

၃။ ပါတီတည်ဆောက်ရေးဘာသာရပ်

၄။ တပ်မတော်တည်ဆောက်ရေး ဘာသာရပ်

တို့ဖြစ်ကြသည်။

ပထမအပတ်တွင် တက်ရောက်မည့် သင်တန်းသားများကို ပေါ်လစ်ဗျူရိုအဖွဲ့က အသေးစိတ်၊ စိစစ်ရွေးချယ်ခဲ့သည်။ ထိုသို့ ရွေးချယ်ရာတွင် ပါတီသက်တမ်း၊ နိုင်ငံရေးအတွေ့အကြုံ၊ ခေါင်းဆောင်မှု အစဉ်အလာများကို အဓိကထားခဲ့သည်။

ထို့အပြင် ဗဟိုကော်မတီများ၊ တိုင်းကော်မတီများ၊ ခရိုင်ကော်မတီများသာ တက်ရောက်ခွင့်ပြုသည်။ ပထမပတ် ဗဟိုမဲ့ကျင်းလီနင်ဝါဒကျောင်းကို "ဗမာပြည်သစ်အတွက် အလှည့်အပြောင်းနှင့်ဆက်ထုံး" ဟူ၍ ဖော်ပြကြသည်။ ထိုကျောင်းတွင် ပထမဦးဆုံး

www.burmeseclassic.com



အကြိမ် တက်ရောက်သင်ကြားခွင့် ရရေးမှာ ရတောင့်ရခဲ အခွင့်အရေး ဖြစ်သည်။

xxxxx

## ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း တက်ရောက်ခွင့်ရသူများ

ပထမပတ် ဗဟိုမက်ဲ့က်စ်လီနင်ဝါဒကျောင်းကို တက်ရောက်ခွင့် ရသူများမှာ -

| | |
|---|---|
| ၁။ ဗိုလ်ရန်အောင် | ဗဟိုကော်မတီ |
| ၂။ ဗိုလ်ဘုန်းကျော် | ပဲခူးရိုးမတိုင်းစစ်ရေးတာဝန်ခံ |
| ၃။ ရဲဘော်လှကြည် | ပဲခူးရိုးမတိုင်းကော်မတီနှင့် ပြည်ခရိုင်ပါတီအတွင်းရေးမှူး |
| ၄။ ရဲဘော်ဗိုလ်အေး | ပြည်ခရိုင်ကော်မတီ |
| ၅။ ဆလိုင်းသာဦး | ပြည်ခရိုင်ကော်မတီ |
| ၆။ ရဲဘော်ကျော်ညွန့် | သာယာဝတီခရိုင်၊ ပါတီအတွင်းရေးမှူး |
| ၇။ ရဲဘော်ဗိုလ်စိန်မင်း | သာယာဝတီခရိုင်၊ စစ်ရေးတာဝန်ခံ |
| ၈။ ဗိုလ်ရဲလွင် | သာယာဝတီခရိုင်၊ ဦးကုန်းမြို့နယ် |
| ၉။ ရဲဘော်ဘခက် | ဗဟိုဌာနချုပ်၊ ပါတီကော်မတီ |
| ၁၀။ ဗိုလ်တင်မောင် | ဗဟိုဌာနချုပ်၊ ပါတီကော်မတီ |
| ၁၁။ ဗိုလ်သန်းမောင် | ဗဟိုဌာနချုပ် |

www.burmeseclassic.com

www.burmeseclassic.com



၁၂။ ရဲဘော်အေးလွင် ဗဟိုဌာနချုပ်

၁၃။ မရင်ရင်(ခ)မစိန်အေး ဗဟိုဌာနချုပ် တို့ဖြစ်ကြသည်။

ထို့နောက် တိုင်း၊ ခရိုင်၊ ကော်မတီများ မဟုတ်ကြသလို စစ်ရေး နိုင်ငံရေး အတွေ့အကြုံ နုနယ်သေးသည့် ကျောင်းသားများလည်း ထူးထူးခြားခြား ပါဝင်လာခဲ့သည်။ ထိုကျောင်းသား ခေါင်းဆောင်များမှာ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ တောခိုလာပြီးနောက် ဗဟိုဌာနချုပ်သို့ ရောက်ရှိလာကြသော ရန်ကုန်တက္ကသိုလ်တပ်ဦးမှ မောင်သက်(ခေါ်) မင်းနွယ်၊ မောင်စိုးဝင်း (ခေါ်) ရဲဘော်ထွန်းကျော် (လှုထုဦးလှ၊ ဒေါ်အမာတို့သား) မောင်အောင်ဝင်း (ခေါ်) စိုးနိုင်တို့အား ပါတီ၏ အထူးမြေအောက်လုပ်ငန်း တာဝန်များကို ထမ်းဆောင်စေရန်အတွက် ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်သင်ကြားလေ့လာရန် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့က ရတ်တရက် ဆုံးဖြတ်စီစဉ်ခဲ့ကြသည်။

×××××

## အဘိဓမ္မာဘာသာရပ်

အဘိဓမ္မာဘာသာရပ်ကို သင်ကြားပို့ချသူမှာ ရဲဘော်မျိုးတင့် ဖြစ်သည်။ ရဲဘော်မျိုးတင့်သည် တရုတ်ပြည်၌ "အရှေ့တိုင်း နိုင်ငံရေး တက္ကသိုလ်"တွင် အဘိဓမ္မာဘာသာရပ်ကို အထူးလေ့လာခဲ့သူ ဖြစ်သည်။ ထိုအဘိဓမ္မာဘာသာရပ်၏ ဟောပြောချက် ခေါင်းစဉ်များမှာ -

www.burmeseclassic.com

www.burmeseclassic.com



၁။ နိဒါန်းပေဘာပြောချက်

၂။ ကမ္ဘာကြီး၏ ရုပ်လက္ခဏာဆောင်မှု၊ ရုပ်ဝတ္ထုတည်ရှိနေမှု သဘာဝနှင့် ၎င်း၏တရားဆောင်မှုများ

၃။ ရုပ်ဝတ္ထုနှင့် ဉာဏ်သိ၏ဆက်ဆံမှုပြဿနာ

၄။ အမှန်တရား(သစ္စာတရား)နှင့်ပတ်သက်၍ မာ့က်စ်လီနင်ဝါဒ အဘိဓမ္မာခံယူချက်

၅။ အနုပဋိလောမ၏ အခြေခံတရားများ

၆။ ရုပ်ဝါဒအနုပဋိလောမ၏ အယူအဆ(ပညတ်)များ

၇။ သမိုင်းရုပ်ဝါဒအပိုင်း

၈။ လူမှုရေးအခြေခံအုတ်မြစ်နှင့် အပေါ်ယံအဆောက်အအုံ

၉။ လူတန်းစားနှင့် လူတန်းစားတိုက်ပွဲ

၁၀။ အမျိုးသားနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ

၁၁။ သမိုင်းတွင် လူထုပါတီနှင့် ခေါင်းဆောင်ပုဂ္ဂိုလ်တို့အကြားရှိ ဆက်ဆံမှုပြဿနာ

၁၂။ ကြွံခိုင်ပြတ်သားသည့် ပစ္စည်းမဲ့လူတန်းစား ရုပ်တည်မှုရှိရန် သိပ္ပံနည်းကျ အနုပဋိလောမရုပ်ဝါဒအမြင်နှင့် လုပ်နည်းလုပ်ဟန်များရှိရန် မိမိတို့ကိုယ်ကို မိမိအမြဲမပြတ် မွေးမြူသွားကြရမည်

စသည်တို့ ဖြစ်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ဘောဂဗေဒဘာသာရပ်

ဘောဂဗေဒဘာသာရပ်ကို သင်ကြားပို့ချသူမှာ ရဲဘော်ရှိန်ဖြစ်သည်။ ရဲဘော်ရှိန်သည် တရုတ်ပြည် အရှေ့ပိုင်း နိုင်ငံရေး တက္ကသိုလ်၌ မာ့က်စ်လီနင်ဝါဒ ဘောဂဗေဒ ဘာသာရပ်ကို အထူးပြု၍ လေ့လာခဲ့သူဖြစ်သည်။ ထိုဘောဂဗေဒ ဟောပြောချက်ခေါင်းစဉ်များမှာ -

၁။ နိုင်ငံရေးဘောဂဗေဒနိဒါန်း

၂။ အရင်းရှင်စနစ်မတိုင်မီ ထုတ်လုပ်နည်းများ

၃။ ကုန်စည်ထုတ်လုပ်ရေးနှင့် အရင်းရှင်ထုတ်လုပ်ရေးမှလာအစ

၄။ ဖလှယ်ရေးနှင့် တန်ဘိုးသဏ္ဍာန်များ ဖြစ်ပေါ်တိုးတက်ပုံ

၅။ အရင်းရှင်သွေးစုတ်မှု၏ အနှစ်သာရ

၆။ အရင်းရှင်လုပ်ခစနစ်နှင့် အလုပ်သမားလူတန်းစား မွဲပြာကျခြင်း

၇။ သွေးစုတ်သော လူတန်းစားများအကြား အစွန်းထွက်တန်ဖိုး ခွဲဝေခြင်းနှင့် အမျိုးသားဝင်ငွေ

၈။ မြေယာလုပ်ငန်းအတွင်းရှိ အရင်းရှင်စနစ်

၉။ ပြန်လည်ထုတ်လုပ်ရေးနှင့် အရင်းရှင်စနစ်၏ ကြပ်တည်းမှု

၁၀။ နယ်ချဲ့အရင်းရှင်စနစ်၊ အမြင့်ဆုံးအဆင့်၊ ပစ္စည်းမဲ့လူတန်းစား၏ ဆိုရှယ်လစ်တော်လှန်ရေး အကြိုကာလ

www.burmeseclassic.com

www.burmeseclassic.com



၁၁။ နယ်ချဲ့ကိုလိုနီစနစ်ဟောင်း ပြိုကွဲခြင်းနှင့် ကိုလိုနီစနစ်သစ်

၁၂။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒနှင့် အတုအယောင် ဆိုရှယ်လစ် ဝါဒ စသည့်ခေါင်းစဉ်များ ဖြစ်ကြသည်။

xxxxx

## ပါတီတည်ဆောက်ရေးဘာသာရပ်

ပါတီတည်ဆောက်ရေး ဘာသာရပ်ကို သင်ကြားပို့ချသူမှာ ရဲဘော်စိုးဝင်း (ခေါ်) ဒွေးအောင် ဖြစ်သည်။ သူသည် တရုတ်ပြည်တွင် ဖွင့်လှစ်သည့် အရှေ့တိုင်းနိုင်ငံရေးတက္ကသိုလ်တွင် ပါတီတည်ဆောက်ရေး ဘာသာရပ်ကို အထူးလေ့လာသင်ကြားခဲ့သူဖြစ်သည်။ ထိုပါတီတည်ဆောက်ရေး ခေါင်းစဉ်များမှာ -

၁။ မာ့က်စ်လီနင်ဝါဒပါတီ၏ ကြွန်အင်လက္ခဏာများ

၂။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်တွင် တစ်ခုတည်းသော စစ်မှန်သည့် မာ့က်စ်လီနင်ဝါဒပါတီ (ဝါ) တစ်ခုတည်းသော အလုပ်သမားလူတန်းစား တပ်ဦးပါတီ ဖြစ်သည်။

၃။ ပါတီတည်ဆောက်ရေးတွင် ပစ္စည်းမဲ့လူတန်းစား အတွေးအခေါ်တည်ဆောက်ရေးသည် ထိပ်တန်းကျသော လုပ်ငန်း ဖြစ်သည်။

၄။ ပါတီတွင်း ဒီမိုကရေစီအရ ဗဟိုချုပ်ကိုင်မှုစနစ်

www.burmeseclassic.com

www.burmeseclassic.com



၅။ ပါတီဝင် တစ်ယောက်၏ ဝတ္တရားနှင့် အခွင့်အရေး

၆။ ပါတီ၏ အခြေခံ အဖွဲ့အစည်း

၇။ ပါတီ၏ ကောဒါပြဿနာ

၈။ ပါတီ၏ လူထုလမ်းစဉ်

၉။ ပါတီတွင်းတိုက်ပွဲ၊ ပါတီတွင်းဝေဖန်ရေးနှင့် မိမိကိုယ်ကို ဝေဖန်ရေး စသည့်ခေါင်းစဉ်များ ဖြစ်ကြသည်။

xxxxx

## တပ်မတော်တည်ဆောက်ရေးဘာသာရပ်

တပ်မတော်တည်ဆောက်ရေးဘာသာရပ်ကို သင်ကြားပို့ချသူမှာ ဗိုလ်ထွန်းငြိမ်းဖြစ်သည်။ သူသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အနောက်တောင်ပိုင်း စစ်ဒေသကြီး၏ ဌာနချုပ် ပြည်နယ်၊ ချုံကင်းမြို့တွင် ဖွင့်လှစ်သော စစ်တက္ကသိုလ်တွင် မာ့က်စ် လီနင်ဝါဒ စစ်ရေးစစ်ရာများကို အထူးလေ့လာသင်ကြားခဲ့သူ ဖြစ်သည်။

မဟာမော်စီတုန်း၏ စစ်ရေးသေနင်္ဂဗျူဟာ ပြဿနာများနှင့် စစ်ရေးနည်းပရိယာယ် ပြဿနာများကိုလည်း အထူးကျွမ်းကျင်စွာ လေ့ကျင့်ခဲ့သူဖြစ်သည်။ ထို့အပြင် ချင်ထူးမြို့ စစ်ဒေသတွင်ရှိသော ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တပ်မကြီး (၉၁၃၁)၊ တပ်မဟာ(၁)တွင် ဒုတပ်မဟာမှူးကြီး တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထိုတပ်မတော်တည်ဆောက်ရေး ဘာသာရပ်ခေါင်းစဉ်များမှာ -

www.burmeseclassic.com

www.burmeseclassic.com



၁။ နိဒါန်းပေးပြောချက်နှင့် ချေမှုန်းရေးစစ်

၂။ တော်လှန်သော စစ်အတွေးအခေါ်များ ထွန်းကားရေး

၃။ ပါတီက လုံးဝခေါင်းဆောင်ထားသည့် အမျိုးအစားသစ်ဖြစ်သော လက်နက်ကိုင် ပြည်သူ့တပ်မတော် တစ်ရပ် တည်ဆောက်ရေး

၄။ တပ်မတော်အတွင်း နိုင်ငံရေးလုပ်ငန်း

၅။ တပ်မတော်ရဲ့ လုပ်ငန်းတာဝန် သုံးရပ်

၆။ တပ်မတော်ရဲ့ စည်းလုံးမှုစည်းကမ်း တည်ဆောက်ရေး စသည့်ခေါင်းစဉ်များ ဖြစ်ကြသည်။

×××××

## ပါတီဥက္ကဋ္ဌကြီးသခင်သန်းထွန်း၏ကျောင်းဖွင့်မိန့်ခွန်း

သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်သမိုင်းတစ်လျှောက်လုံးတွင် ယခုအကြိမ် ဖွင့်လှစ်သည့် ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကဲ့သို့ စနစ်ကျသော အဆင့်မြင့်သော နိုင်ငံရေးကျောင်းဟူ၍ မရှိခဲ့ဘူးကြောင်း။ မကြာခဏ ထုတ်ဖော်ပြောကြားခဲ့သည်။ သူသည် ၁၉၆၅ ခုနှစ် မတ်လ ၂၅ ရက်နေ့၌ ဖွင့်လှစ်သော ကျောင်းဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင်

"ဒီနေ့ ဗမာပြည်ရဲ့ သမိုင်းရေးဖြစ်ပေါ် တိုးတက်မှုကို အခဆုံး အဖြတ် ပေးနေတဲ့ အကြောင်းခြင်းရာဟာ ကွန်မြူနစ်ပါတီက ရေ့

www.burmeseclassic.com



ဆောင်နေတဲ့ ပြည်သူတွေရဲ့ တော်လှန်တဲ့ စစ်ဖြစ်တယ်၊ အဲဒီလို အတွေ့အကြုံများပြီး ပြည်သူလူထုအတွင်းမှာ ဩဇာတိက္ကမ ကြီးမား တာ အမှန်ဖြစ်ပေမယ့် ဒီကနေ့ ဗမာပြည်ရဲ့ သမိုင်းကို အဆုံး အဖြတ်ပေးတဲ့ အခန်းမှာ ရောက်နေတဲ့ ပါတီပင်ဖြစ်ပေမယ့် ကိုယ့် ကိုယ်ကိုယ် မညာတမ်းပြောရရင် အတွေးအခေါ်ပိုင်းမှာတော့ အား နည်းတာ အမှန်ပဲ၊ ကျွန်တော်တို့အနေနဲ့ အတွေးအခေါ်ပိုင်းမှာ အားထုတ်တာ အတော်နည်းတယ်၊ အတွေ့အကြုံပေါ်မှာ အားသန် တယ်၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရခဲ့တဲ့ အတွေ့အကြုံတွေကို သဘောတရား ဖြစ်လာအောင်အထိ ကျွန်တော်တို့ရဲ့ အသိပညာကို မတိုးမြှင့်နိုင်ခဲ့ဘူး။ ဒါကိုကျွန်တော်တို့ ပေါ့ပေါ့တန်တန် စဉ်းစားလို့ မဖြစ်ပါဘူး။ ဒါဟာနေရှင် အတွေးအခေါ် လွှမ်းမိုးမှု တစ်မျိုးပဲလို့ အလေးအနက် မြင်ဖို့လိုပါတယ်။ ပစ္စည်းမဲ့လူတန်းစားပါတီနဲ့ မအပ် စပ်ပါဘူး။ ဒီလိုဖြစ်တဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ဟာ တရား သေ ဝါဒရဲ့ သားကောင်ဖြစ်လိုက်၊ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ အလှည့်စားခံရလိုက်၊ ဖြစ်တာတွေ ရှိပါတယ်။ တရားသေဝါဒရဲ့ သားကောင်ဖြစ်တဲ့ အတွေ့အကြုံ၊ ပြန်လည်ပြင်ဆင်ရေး ဝါဒရဲ့ အလှည့်စားခံရတဲ့ အတွေ့အကြုံတွေ ကျွန်တော်တို့ ပါတီသမိုင်းမှာ မနည်းပါဘူး။ ဒီအတွေးအခေါ်ကို ပြောင်းပြန်လှန်ပစ်ဖို့ ကျွန်တော်တို့ မနားအနေ အားထုတ်ရပါမယ်" ဟု မိန့်ခွန်းရှည်ကြီးကို ပြောကြား ခဲ့သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(ဂ)

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ လေးနှစ်စီမံကိန်း

သခင်သန်းထွန်းသည် ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့သို့ ရောက်သောအခါ လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်းမူကြမ်း တစ်စောင်ကို ရေးဆွဲခဲ့သည်။ ထိုစီမံကိန်း၏ ခေါင်းစဉ်မှာ "စစ်နိုင်ရေး တစ်ပြည်လုံးအတွက် ပုံကြမ်းနှင့် ပဲခူးရိုးမတိုင်းအတွက်" ဟူ၍ ပေးထားသည်။

၎င်းစီမံကိန်းကို ဗမာပြည် တစ်ပြည်လုံးအတွက် သေနင်္ဂဗျူဟာဆိုင်ရာ စီမံကိန်းအဖြစ် ရေးဆွဲထားသဖြင့် စီမံကိန်းမူကြမ်းကို ဗဟိုနိုင်ငံရေး ဦးဆောင်အဖွဲ့အတွင်းမှာသာ ထားရှိရန် စစ်ရေးဆိုင်ရာ ထိတ်တန်းလျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထားသည်။

ထိုစီမံကိန်းတွင် "မိမိအားတည်ဆောက်ရေး ရည်မှန်းချက်၊ ချေမှုန်းရေးရည်မှန်းချက်၊ ပါတီ၏အင်အားတိုးမြှင့်ရေး အခြေခံစခန်းပန်းတိုင်များ" ဟူ၍ ပါရှိသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



## မိမိအား တည်ဆောက်ရေး ရည်မှန်းချက်

မိမိအား တည်ဆောက်ရေး ရည်မှန်းချက်တွင် -

ရန်သူတွင် လက်နက်ကို တပ်တစ်သိန်းရှိသည်။ ဤနေရာတွင် ပုလိပ်တပ်များကို ထည့်မထား။ ရန်သူ၏တစ်သိန်းတပ်ကို ချေမှုန်းပစ်ရေးသည် ငါတို့စစ်တပ်တစ်ခုလုံး၏ ရည်ရွယ်ချက်ဖြစ်သည်။ ဤရန်သူတစ်သိန်းတပ်ကို ချေမှုန်းနိုင်သော ငါတို့၏ လက်နက်ကိုင်အားကို တည်ဆောက်ခြင်းသည် ငါတို့၏ ရည်ရွယ်ချက်ဖြစ်သည်။ ပထမအဆင့်တွင် သေနင်္ဂဗျူဟာ သဘောအရ ရန်သူအား ထိုးစစ်ဆင်နိုင်သောအားကို တည်ဆောက်ပြီး ထိုအင်အားတည်ဆောက်မိသည့်အခါ ထိုးစစ်ဆင်ရန်ဖြစ်သည်။

တရုတ်ပြည်တော်လှန်ရေး အတွေ့အကြုံအရ ရန်သူလေးသန်း မိမိက တစ်သန်းကျော်၊ ရန်သူ၏လေးချိုး တစ်ချိုး အင်အား တည်ဆောက်နိုင်သည့်အခါ ထိုးစစ်ဆင်သည်။ ရန်သူအနေနှင့် လက်ရှိတစ်သိန်းရှိသည်။ ရန်သူအနေနှင့် နှစ်သိန်းခန့်အထိ စုဆောင်းနိုင်သည်ဟု ခန့်မှန်းထားသင့်သည်။ လက်ရှိအခြေအနေတွင် ရှိသည့်အတိုင်း မတည်တွက်ချက်ရမည်။

ရန်သူ၏ တကာယ်တိုက်အားမှာ ငါးဆယ်ရာခိုင်နှုန်းသာ ရှိသည်။ ရန်သူတွင် လက်ရှိတိုက်ခိုက်ရေး တပ်ရင်း(၁၀၅)ရင်း ရှိသည်။ ပျမ်းမျှတစ်ရင်းလျှင် ၅၀၀ စုစုပေါင်း ၅၂,၅၀၀ ရှိသည်။ ၎င်းမှာ စစ်မြေပြင်တွင် တကာယ်သုံးနိုင်သော အားဖြစ်သည်။ တရုတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးနှင့် အခြားတော်လှန်ရေးများ နောက်ဆုံးတောင် ဗီယက်နမ် အတွေ့အကြုံအရ ရန်သူ၏ အင်အားလေးချိုးတစ်ချိုး တည်ဆောက်နိုင်လျှင် ဆေနဂ်ဗျူဟာ သဘောဆောင်သော ထိုးစစ်ကို ပြုလုပ်နိုင်သည်။

ဗမာပြည်တွင် ငါတို့ပါတီက တိုက်ရိုက်ရှေ့ဆောင်သော လက်နက်ကိုင် တပ်အင်အား တစ်သောင်း တည်ဆောက်လျှင် ဆေနဂ်ဗျူဟာ သဘောဆောင်သော ထိုးစစ်ပြုလုပ်နိုင်သည်။ ငါတို့အနေနှင့် နိုင်ငံရေး စစ်ရေးတပ်ဆင်ထားသော တစ်သောင်းတပ်ဖွဲ့ရေးကို ဦးတည်ကြိုးပမ်းရမည်။

xxxxx

## ချေမှုန်းရေး ရည်မှန်းချက်

ချေမှုန်းရေး ရည်မှန်းချက်တွင် -

တစ်နှစ်လျှင် ရန်သူအင်အား တစ်သောင်းအထိ ချေမှုန်းနိုင်ရန် ကြိုးပမ်းရမည်။ လက်ရှိအနေအထားအရ ပြောလျှင် တော်လှန်ရေး အင်အားစုအားလုံးအနေနှင့် ချေမှုန်းနိုင်စွမ်း လေးဆ၊ ငါးဆ အထိ မြင့်တင်ရမည်။ ၎င်းမှာ ယေဘုယျသာဆိုခြင်း ဖြစ်သည်။ ပါတီအနေနှင့် ဒီထက်မက ကြိုးစားရမည်။

၆၄ ခုနှစ်တွင် ပါတီ၏ ချေမှုန်းနိုင်အားမှာ ၅၀၀ ခန့်ရှိသည်။ ပါတီအနေနှင့် တစ်နှစ်လျှင် သီးခြားအားဖြင့် ၄၀၀၀ ခန့် အထိ ချေမှုန်းနိုင်ရန် ဦးတည်ကြိုးပမ်းရမည်။ ဤဖက်မှကြည့်လျှင် ပါတီ၏

www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းနိုင်စွမ်းကို ရှစ်ဆအထိ မြှင့်ရမည်။

ပါတီ၏ ချေမှုန်းနိုင်စွမ်း ဆိုရာ၌ လက်နက်ရရေး အကျုံးဝင်သည်။ သို့မှသာ ငါတို့မျှော်မှန်းသော တစ်သောင်းတပ်ကို ဖွဲ့စည်းတည်ဆောက်နိုင်မည်။

×××××

## ပါတီ၏အင်အားတိုးမြှင့်ရေး

လက်ရှိအခြေအနေတွင် -

| | | |
|---|---|---|
| ပါတီဝင် | ၁၅၀၀ | (ချိန်ပြည့်) |
| လက်နက်ကိုင်တပ် | ၂၅၀၀ | |
| ချိန်ပြည့်တပ်သား | ၄၅၀၀ | |

ခန့် ရှိသည်ဟု တွက်ချက်ရသည်။

၆၄ ခုနှစ် နိဝင်ဘာလ ပေါ်လစ်ဗျူရို ဆုံးဖြတ်ချက်အရ ၆၇ ခုနှစ်တွင် လာမယ့်နှစ်အတွင်း အင်အားကို တပြန်စီတိုးရန် ဆုံးဖြတ်ပြီး ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ပါတီဝင် | ၃၀၀၀ | (ချိန်ပြည့်) | | |
| တပ် | ၄၀၀၀ | နှင့် | ၅၀၀၀ | |
| ချိန်ပြည့် | ၈၀၀၀ | နှင့် | ၉၀၀၀ | |

နောက်ထပ် နှစ်နှစ်အတွင်း ဆိုလိုသည်မှာ လေးနှစ်အတွင်း နောက်တပြန်တိုးရေးကို ကြိုးပမ်းရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်မှာ -

| | |
|---|---|
| ပါဝါဝင် (ချိန်ပြည့်) | ၆၀၀၀ |
| လက်နက်ကိုင်တပ် | ၁၀၀၀၀ |
| ချိန်ပြည့် | ၁၅၀၀၀ |

xxxxx

## အခြေခံစခန်း

အခြေခံစခန်းတွင် -

ကျေးလက်တောရွာတွင် ကျွန်တော်တို့ ဩဇာအာဏာအောက်တွင် ရွာ ၄၀၀၀ ခန့် ရှိသည်ဟု ခန့်မှန်းထားသည်။

လာမည့် နှစ်နှစ်အတွင် လက်ရှိကျေးလက်တောရွာ ၄၀၀၀ တွင် ပြည်သူ့အာဏာ နိုင်ခန့်အောင် တည်ဆောက်၊ ၈၀၀၀ အထိ တိုးချဲ့ရန်။

လာမည့်လေးနှစ်အတွင်း ဩဇာအာဏာသက်ရောက်ပြီး ရွာ ၈၀၀၀ တွင် ပြည်သူ့အာဏာကို နိုင်ခန့်အောင် တည်ဆောက်ပြီး ရွာ ၁၅၀၀၀ အထိ တိုးချဲ့ရန်။

လာမည့်လေးနှစ်အတွင်း ဩဇာအာဏာအောက်ရောက်ပြီး ရွာ ၈၀၀၀ တွင် ပြည်သူ့အာဏာကို နိုင်ခန့်အောင် တည်ဆောက်ပြီး ရွာ ၁၅၀၀၀ အထိ တိုးချဲ့ရန်။

ဒေသများကို အောက်ပါအတိုင်း သတ်မှတ်သွားရန်-

www.burmeseclassic.com

www.burmeseclassic.com



၁။ အဓိကဒေသများ

ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်

အနောက်မြောက်တိုင်း၊ ရခိုင်ပြည်နယ်

၎င်းနေရာတွင်ပင် ပဲခူးရိုးမကို အဓိကထဲမှ အဓိကထားပြီး လုပ်သွားရန် (အနောက်မြောက်တိုင်းဒေသကို နံပါတ်-၁ ထားသော မူလဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်)

၂။ မြောက်ကျားဒေသများ

တနင်္သာရီ/သီးခြားကင်းလွတ်သော မြောက်ကျားဒေသ အဖြစ် ဆက်လက်ကြီးထွားစေရန်

ဗမာပြည်အလယ်ပိုင်း၊ ဗမာပြည်အထက်ပိုင်း၊ မြောက်ကျား ဒေသအသစ်ဖွင့်လှစ်ရန်

၃။ ရေရှည်အခြေခံစခန်း

မြစ်ဖျားဒေသ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် ၎င်းနှစ်နေရာတွင် ရှမ်းပြည်နယ် နံပါတ်(၁)ထားရန်၊ ၆၄ ဆုံးဖြတ်ချက်အတိုင်း အတိအကျ ဖြစ်လာစေရန်။

၄။ ရန်သူ့ဒေသစည်းရုံးရေး

ရန်သူ့ဒေသ လူထုတိုက်ပွဲများသည် လက်နက်ကိုင် တိုက်ပွဲအား အထောက်အကူပြုသည့်အတိုင်း သီးခြားစီးမံကိန်းများဖြင့် ဆောင်ရွက်သွားရန် ဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ပန်းတိုင်များ

ပန်းတိုင်များတွင် -

၁။ (က) ပါတီလက်ရှိ ၁၅၀၀၊ လက်မဲ့နှစ်နှစ် ၃၀၀၀၊ လာမယ့်လေးနှစ် ၆၀၀၀၊ ချိန်ပြည့်ပါတီဝင်ကိုသာ ဆိုသည်။ ချိန်ပိုင်းကို သတ်သတ်ပြုစုရမည်။

(ခ) တပ်၊ လက်ရှိ ၂၅၀၀ လာမယ့်နှစ်နှစ် ၅၀၀၀ လာမယ့်လေးနှစ် ၁၀၀၀၀။

(ဂ) ချိန်ပြည့်တပ်သား လက်ရှိ ၄၅၀၀၊ လာမယ့်နှစ်နှစ် ၈၀၀၀ မှ ၉၀၀၀ လာမယ့်လေးနှစ် ၁၅၀၀၀

၂။ ရန်သူချေးမှုန်းရေး

လက်ရှိတစ်နှစ် ၅၀၀၊ လာမယ့်လေးနှစ်ကြာလျှင် ၄၀၀၀၊ လက်ရှိ တပ်စိပ်လိုက်ချေမှုန်းရေး၊ လာမယ့်နှစ်နှစ် တပ်စုလိုက် ချေမှုန်းရေး၊ လာမယ့်လေးနှစ် တပ်ခွဲလိုက်ချေမှုန်းရေး။

၃။ ပြည်သူ့အာဏာ

ဆင်းရဲသားသမဂ္ဂ ပြည်သူ့စစ်ကို အကျုံးဝင်ပြီးဖြစ်၊ လက်ရှိ ကျေးရွာ ၄၀၀၀ လာမယ့်နှစ်နှစ် ၈၀၀၀ လာမယ့်လေးနှစ် ၁၅၀၀၀။

၄။ အာဏာလွှမ်းမိုးရာဒေသ

လက်ရှိတောင်ပေါ်နှင့် တောင်ခြေဒေသများ

www.burmeseclassic.com

www.burmeseclassic.com



လာမယ့်နှစ်နှစ်အတွင်း အဓိက ဒေသများတွင် လမ်းမကြီးဘေး အထိ ရောက်ပြီး မြို့ကလေးများကို ပိုင်းရုံထားရန်။

လာမယ့်လေးနှစ်အတွင်း တပြည်လုံးတွင် ကျေးလက်ဒေသပိုင်း ကို စီးပိုရန်၊ မြို့များကို ဝိုင်းရံထားရန်၊ လမ်းများကို ဖြတ်တောက် ထားရန်၊ ရန်ကုန်ကို ဝိုင်းထားရန်။

xxxxx

## နှစ်နှစ်အတွင်းပန်းတိုင်များ

သခင်သန်းထွန်းသည် လေးနှစ်အတွင်း ပန်းတိုင်ကို ရေးဆွဲ ပြီးသောအခါ နှစ်နှစ်ပန်းတိုင်ကို ရေးဆွဲခဲ့သည်။ ထိုနှစ်နှစ်အတွင်း ပန်းတိုင်များမှာ-

၁။ (က) ပါတီ(ချိန်ပြည့်) လက်ရှိ ၁၅၀၀၊ လာမယ့် နှစ်နှစ်အတွင်း ၃၀၀၀။

(ခ) လက်နက်ကိုင်တပ် လက်ရှိ ၂၅၀၀၊ လာမယ့် နှစ်နှစ် အတွင်း ၅၀၀၀

(ဂ) ချိန်ပြည့်တပ်သား လက်ရှိ ၄၅၀၀ လာမယ့် နှစ်နှစ် ၈၀၀၀ နှင့် ၉၀၀၀ ကြား။

(ဃ) ချိန်ပိုင်း ပါတီဝင်စာရင်းမရှိ စာရင်းစနစ်တကျ ကောက်ခံ ပြီး လျာထားချက်များလုပ်ရန်

၂။ တစ်တိုင်းလျှင် နှစ်စုမှ တစ်ခွဲရှိသော တိုင်းတပ်၊

တစ်ခရိုင်လျှင် နှစ်စုမှ တစ်ခွဲရှိသော ခရိုင်တပ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့နယ်လျှင် တစ်စုမှ တစ်ခွဲရှိသော မြို့နယ်တပ်များကို လာမယ့်နှစ်နှစ်အတွင်း ဦးတည်ဖွဲ့စည်းရန်တို့ ဖြစ်သည်။

×××××

## ပဲခူးရိုးမတိုင်းစီမံကိန်း

ကွန်မြူနစ်ဝါဒကို အကြွင်းမဲ့ ယုံကြည်ပြီး ကွန်မြူနစ်နိုင်ငံကို တည်ထောင်လိုသော သခင်သန်းထွန်းသည် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းကို ရေးဆွဲရာတွင် ပဲခူးရိုးမတိုင်းအတွက် စီမံကိန်းကို အထူးအလေးထားပြီး ရေးဆွဲခဲ့သည်။ ထိုပဲခူးရိုးမတိုင်း စီမံကိန်းမှာ -

၁။ ပဲခူးရိုးမတိုင်းကို ဗဟိုက အဓိကအာရုံစိုက်ရာဒေသအဖြစ် အတိအကျ သတ်မှတ်ရန် (အနောက်မြောက်တိုင်းသို့ ရွှေ့ရေးဟူသော ၆၄ ဗဟိုကော်မတီ ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားရန်)

၂။ ပဲခူးရိုးမတိုင်းအတွင်း၌ ဗဟိုတည်ရာဒေသကို အတိအကျ သတ်မှတ်ရန်။

သာယာဝတီမြောက်၊ ပြည်အရှေ့ တောင်ငူအနောက်ခြမ်းတို့ သတ်မှတ်ရန်။

တောင်ငူမြောက်၊ ရေတာရှည်ဒေသကို အရံဒေသအဖြစ် သတ်မှတ်ရန်။

ရင်းဒေသတွင် အထူးလက်နက်ကိုင် စည်းရုံးရေးအဖွဲ့တစ်ခု ထားရန်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဗဟိုနိုင်ငံရေးကျောင်း

၆၆ ခုနှစ်အတွင်း နှစ်ကျောင်းဖွင့်နိုင်ရန် ကြိုးပမ်းရန်။ ဒုတိယအပတ်ကျောင်း ၆၆ ခု နှစ်ဦး ကျောင်းတွင် သာယာဝတီ ပြည်မှ ခရိုင်ကော်မတီအားလုံး သင်တန်းတက်ပြီးဖြစ်မည်။ ပဲခူး တောင်ငူ၊ သရက်မှ တစ်ဝက်စီ သင်တန်းတက်ပြီး ဖြစ်သည်။ တတိယပတ် ၆၆ ခုနှစ်၊ ဒုတိယပိုင်းကျောင်းတွင် ပဲခူးရိုးမ တိုင်းတစ်ခုလုံး၏ ခရိုင်ကော်မတီအားလုံး သင်တန်းတက်ပြီး ဖြစ်မည်။ ထို့နောက် ၆၇ ခုနှစ် ဗဟိုကော်မတီ အစည်းအဝေး ချိန်တွင် ဗဟိုကော်မတီအတွင်း အလုည့်အပြောင်း လုပ်ပြီးခြင်း။ ပဲခူးရိုးမတိုင်းတွင် ပါတီတပ် အခြေခံစခန်းများကို အတော်အတန် ခိုင်မာအောင် တည်ဆောက်ပြီးခြင်း။ ပါတီတစ်ရပ်လုံးတွင် အတွေး အခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ အခြေခံအားဖြင့် တည်ဆောက်ပြီး ဖြစ်မည်ဟု ခန့်မှန်းသည်။

သခင်သန်းထွန်းသည် ၁၉၅၀ ခုနှစ်တုန်းကလည်း နှစ်နှစ်အတွင်း အပြတ်တိုက်ရေး စီမံကိန်းကို ချမှတ်ခဲ့ဖူးသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်းကို ဝေဖန်ခြင်း

ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သော သခင်သန်းထွန်းသည် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းကို ရေးဆွဲပြီးသော အခါ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယအပတ်တွင် ပေါလစ်ဗျူရို အဖွဲ့အစည်းသို့ တင်ပြလေသည်။ ထိုအခါ သခင်သန်းထွန်းနှင့် အယူအဆ၊ အမြင်ခြင်းကွဲပြားနေသော ရဲဘော်ဘတင်(ဂိုရှယ်)က-

"အခု ပေါလစ်ဗျူရို အစည်းအဝေးမှာ တင်ပြထားတဲ့ ဦးသောင်း(သခင်သန်းထွန်း၏လျှို့ဝှက်အမည်)ရဲ့ ဗမာတစ်ပြည်လုံးကို လေးနှစ်အတွင်း အာဏာသိမ်းရေးဆိုတဲ့ တင်ပြချက်ဟာ ကနေ့ ဗမာပြည်ရဲ့ အခြေအနေနဲ့ ပြောရရင် ဘယ်လိုမှ မဖြစ်နိုင်တာကြီးပဲ။ ဦးသောင်းက ဘိုးဘိုးအောင် ဝ တိုးသလို နှစ်ဆတိုးလိမ့်မယ်၊ လေးဆတိုးလိမ့်မယ် ဆိုတာမျိုး ဖော်ပြထားတယ်။

ကွန်မြူနစ်ပါတီဟာ ဘိုးဘိုးအောင်ပါတီ မဟုတ်ဘူးဆိုတာ နားလည်ဖို့လိုတယ်။ တကယ်ကတော့ အဲဒီစီမံကိန်းဟာ ၅၀ ပြည့်နှစ်က ချမှတ်ခဲ့တဲ့ နှစ်နှစ်အတွင်း အပြတ်တိုက်ရေးရဲ့ မွေးစားသားလေးပဲ။ ခင်ဗျားတို့ အဲဒီအတိုင်းသာ ဆက်ပြီးလုပ်ကြရင် ကွန်မြူနစ်ပါတီဟာ မပျက်စီးဘူးဆိုရင် ကျွန်တော်ကို လုပ်ချင်တိုင်းသာ လုပ်ကြပေတော့၊ အခု ဦးသောင်း တင်ပြထားတဲ့ စီမံကိန်းကို မညာတမ်းပြောရမယ်ဆိုရင် အရှူးအိပ်မက် မက်နေတာပဲ လို့ပြောရင်

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆုံး ဖြစ်လိမ့်မယ်ထင်တယ်။

ခင်ဗျားတို့ဟာ လုပ်ချင်ပြီဆိုရင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အတင်းလုပ်ဖို့ပဲ ကြိုးစားကြတယ်။ ခင်ဗျားတို့ရဲ့ လေးနှစ်အပြုတ်တိုက်ရေးကြီးဟာ 'ခလာတော့ အောက်ခြေကို တက်ကြွအောင် လုပ်လို့ ရချင်ရမယ်။ ဒါပေမယ့် ချက်ချင်းပဲ ခင်ဗျားတို့ကို ပြန်ထိမှာ သေချာတယ်။ ခင်ဗျားတို့က ကြီးကြီးကျယ်ကျယ် ဘယ်နှစ်နှစ်အတွင်းမှာ အပြုတ်တိုက်မယ်လေး ဘာလေးနဲ့၊ တကယ်တော့ ကျွန်တော်တို့မှာ အေးအေးဆေးဆေးနဲ့ တစ်ညဝင်ပြီး အိပ်နိုင်တဲ့ရွာ ဘယ်မှာရှိသေးလို့လဲ။

ကိုယ့်အခြေအနေတွေကိုလည်း ကိုယ်မှန်မှန်ကန်ကန် နားလည်မှ ဖြစ်မယ်။ ကိုယ့်အမျိုးအကြောင်းလည်း ကိုယ်သိမှဖြစ်မယ်။ ကျွန်တော်အခုလို ပြောနေတာက စိမ်ကိန်းနဲ့ချပြီး မလုပ်ရဘူးလို့ ပြောနေတာမဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့ အခြေအနေမှာ ဖြစ်နိုင်တာကစပြီး လုပ်ဖို့ကိုသာ တင်ပြနေတာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဦးသောင်းက ပဲခူးရိုးမတိုင်းအတွက် လုပ်ငန်းတွေကိုလည်း အသေးစိတ်တွေပါ လိုက်ပြီး ချေးကာအစ သေးကာအစ ချပေးနေတယ်။ တကယ်က အဲဒါတွေကို ကိုမြလုပ်နိုင်ပါတယ်။ ကိုမြဟာ ဒီတိုင်းရဲ့ ဗဟိုကော်မတီခေါင်းဆောင်ပဲ အခုတော့ ကိုမြလုပ်စရာမရှိတော့ဘူး။ ဒါကတော့ လုပ်နည်းကိုသာ ကျွန်တော်က ပြောတာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နောက်ဆုံး ပြောချင်တာက ဘယ်လိုပဲဖြစ်ဖြစ် ကာနေ့ အခြေအနေနဲ့ လုံးဝမကိုက်ညီတဲ့ ခင်ဗျားတို့ရဲ့ လေးနှစ်အပြုတ်တိုက်ရေး စီမံကိန်းကိုတော့ ပေါလစ်ဗျူရိုအနေနဲ့ ဘယ်နည်းနဲ့မှ ဆုံးဖြတ်ချက် မချဖို့ ကျွန်တော်လေးလေးနက်နက် တင်ပြလိုပါတယ်" ဟု၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုလေသည်။

xxxx

## ယုံကြည်ချက်ကို မစွန့်လွှတ်သော သခင်သန်းထွန်း

သခင်သန်းထွန်းသည် သူ၏စီမံကိန်းကို မည်သူက မည်သို့ပင် ဝေဖန်၊ ရှုံချ၊ ကန့်ကွက်စေကာမူ ယုံကြည်ချက်ကို မစွန့်လွှတ်ခဲ့ပေ။ သူသည် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းကို ပေါလစ်ဗျူရို အဖွဲ့၏ အဆုံးအဖြတ်ဟုဆိုကာ ထိုစီမံကိန်းအတိုင်း ဗမာပြည်တစ်ပြည်လုံးနှင့် ပဲခူးရိုးမတိုင်းအား တိုက်ရိုက်ဦးစီး ကွပ်ကဲကာ အစွမ်းကုန် အကောင်အထည်ဖော်ခဲ့သည်။

သူသည် တို့ဗမာအစည်းအရုံး သခင်ဘဝမှစပြီး ဖဆပလ အတွေအတွေအတွင်းရေးမှူး ဘဝတွင်လည်း ယုံကြည်သည့်လမ်းကို လျှောက်ခဲ့သူဖြစ်သည်။ ဝေဖန်တိုက်ခိုက်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများ ကိုလည်း ဂရုမစိုက်ပေ။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်လေ ချိန်မှာလည်း သူ၏ရင်ထဲတွင် အစိုးရနှင့် မပူးပေါင်းဘဲ အာဏာ သိမ်းယူနိုင်ရေးသာ စဉ်းစားခဲ့သည်။

ထို့ကြောင့် ရဲဘော်ဘတင်(ဂိုရှယ်)နှင့် သဘောထားကွဲလွဲခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါကလည်း ရဲဘော်ဘတင်(ဂိုရှယ်)သည် အပိုင်းငါးပိုင်း ပါဝင်သော "ဗဟိုကော်မတီအဖွဲ့ဝင် ရဲဘော်များသို့ ၁၉၆၅ ခုနှစ် ဇွန်လ ပေါလဗျူရို ဆုံးဖြတ်ချက်အပေါ် ကျွန်တော်၏အမြင် တင်ပြချက်" အား လုံးဝလက်မခံဘဲ ရဲဘော်ဘတင်ရဲ့ အလိုအရ ဗိုလ်နေဝင်းရဲ့ စီးပွားရေးပေါ်လစီဟာ တိုင်းရင်းသားဓနရှင်ကြီးတွေရဲ့ ပစ္စည်းတွေ သိမ်းတာဖြစ်တယ်။

ပါတီရဲ့ ပေါ်လစီဟာ တိုင်းရင်းသားဓနရှင်ကြီးတွေကို ပစ္စည်းပြန်ပေးရေးဖြစ်တယ်လို့ ပါတီရဲ့ပေါ်လစီကို သရုပ်ဖျက်ထားတယ်။ ဗိုလ်နေဝင်းရဲ့ ပေါ်လစီကို ကာကွယ်ရာမှာ အလှူချယ်ပေးရာမှာပဲ ဖြစ်ဖြစ်၊ ပါတီရဲ့ ပေါ်လစီကို သရုပ်ဖျက်ရာမှာပဲဖြစ်ဖြစ်၊ ရဲဘော်ဘတင်ရဲ့ အပေါ်ကစာပိုဒ်ကတော့ စံတင်လောက်ပါပေတယ်။

ဗိုလ်နေဝင်းရဲ့ ပေါ်လစီဟာ တိုင်းရင်းသား အရင်းရှင်ကြီးတွေ တိုက်တာဖြစ်တယ်လို့ ရဲဘော်ဘတင်က ဖွင့်ဆိုချင်ပေမယ့် ဗိုလ်နေဝင်းရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ သန်းပေါင်းများစွာသော ဆင်းရဲသားတွေကို ပိုပြီးမွဲပြာကျစေကာ အလုပ်လက်မဲ့ ဖြစ်စေတာတွေကတော့ အမှန်ပါ။

၁၉၆၃ ခုနှစ် အကုန်မှာ လုပ်လိုက်တဲ့ ဗျတ်ထိုးခေါင်းရှုက်တွေရဲ့ အလုပ်ကို သိမ်းပိုက်တဲ့လုပ်ငန်းဟာ လူနှစ်သန်းကျော် အလုပ်လက်မဲ့ ဖြစ်စေခဲ့တယ်။ အရောင်းအဝယ် လုပ်နေတဲ့ လူနှစ်သန်း နေရာမှာ လူရှစ်သောင်းနဲ့ လုပ်နေတယ်လို့ ကုန်သွယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ခံတစ်ဦးဖြစ်တဲ့ ဒုဗိုလ်မှူးကြီးရဲမြင့်က ၁၉၆၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ ပြောပါတယ်။

ဒီနှစ်သန်းကျော်ဟာ တိုင်းရင်းသား ဓနရှင်ကြီးတွေ မဟုတ်ပါဘူး။ ဒီလိုအခြေအနေမျိုးမှာ သန်းပေါင်းများစွာသော ဖျတ်ထိုးခေါင်းရှက်ဈေးသည်တွေဖက်က ရပ်တည်မလား။ လက်ဝါးကြီးအုပ်သိမ်းပိုက်နေတဲ့ အခွင့်ထူးခံ စစ်ဗိုလ်တွေဘက်က ရပ်တည်မလား။ ပါတီကတော့ အခွင့်ထူးခံ စစ်ဗိုလ်တွေကို ဆန့်ကျင်ပြီး သန်းပေါင်းများစွာသော လက်လုပ်၊ လက်စားတွေဘက်က ရပ်တည်ပါတယ်။ ရဲဘော်ဘတင်ရဲ့ ရပ်တည်မှုကတော့ ပါတီရဲ့ ရပ်တည်မှုနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်" ဟူ၍ စသည့်အချက်အလက်များ ပါဝင်သော ဝေဖန်ချက်များအပြင် ရဲဘော်ဘတင် တင်ပြတဲ့ နည်းပရိယာယ်ဟာ

၁။ အမိကရန်သူဖြစ်တဲ့ ဗိုလ်နေဝင်းအစိုးရကို အမိကရန်သူအဖြစ် သဘောမထားတဲ့နည်း ပရိယာယ်တွေဖြစ်တယ်။

၂။ အမိကရန်သူနဲ့ ပူးပေါင်းလုပ်ရေး လမ်းစဉ်ဖြစ်တယ်။

၃။ အမိကရန်သူကို ဆန့်ကျင်တိုက်ခိုက်ရေး မဟုတ်ဘဲ အမိက ရန်သူကို ထောက်ခံရေးအပေါ်မှာ အလေးတင်ထားတဲ့ လမ်းစဉ်ဖြစ်တယ်။

၄။ အမိကရန်သူနဲ့ သေရေးရှင်ရေး တိုက်နေတဲ့အခါမှာ အမိကရန်သူ လုပ်နေတာကို စောင့်ကြည့်နေရမယ့် ပါတီ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြည်သူတွေက မလှုပ်မရှက် အသေကောင်ဖြစ်နေရမယ့် ပါတီနဲ့ ပြည်သူတွေကို လက်နက်မဲ့စေတဲ့ လမ်းစဉ်ဖြစ်တယ်။

၅။ ပြည်သူရဲ့ အဓိကတိုက်ပွဲဖြစ်တဲ့ တော်လှန်တဲ့ လက်နက်ကိုင် တိုက်ပွဲကို ဖျက်သိမ်းပြီး အဓိကရန်သူ့ဆီမှာ ကျွန်ခံရေး လမ်းစဉ်ဖြစ်တယ်။

၆။ ရဲဘော်ဘတင်ရဲ့ လမ်းစဉ်အရဆိုရင် ပါတီအနေနဲ့ ပြည်သူတွေနဲ့အတူ တော်လှန်စစ်ကို ဆင်နွှဲနေစရာ မလိုတော့ဘူး။ ပါတီအနေနဲ့ လက်နက်ကိုင်တိုက်ပွဲ ရပ်စဲလိုက်ပြီဖြစ်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီကို ဖျက်သိမ်းလိုက်ကြောင်း ကြေငြာပြီး မဆလပါတီမှာ လက်ခံဖို့ တစ်ဦးချင်း လျှောက်လွှာတင်ကြဖို့ပဲ ရှိတယ်။ ဒါကတော့ ပါတီတစ်ရပ်လုံး ဘယ်နည်းနဲ့မှ မလုပ်ဘူးဟူ၍ ဝေဖန်ပြောဆိုခဲ့သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



[illegible]



နောက်တန်း (ဝဲမှ) – [illegible]

ရှေ့တန်း (ဝဲမှ) – [illegible]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်း၏ မပြီးဆုံးသေးသော စီမံကိန်း

ဗမာပြည် ကွန်မြူနစ် ခေါင်းဆောင်ကြီး သခင်သန်းထွန်း၏ မပြီးဆုံးသေးသော စီမံကိန်းများတွင် ပဲခူးရိုးမတိုင်း၏ နှစ်နှစ်စီမံကိန်းလည်း ပါဝင်ခဲ့သည်။ ၁၉၆၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ပဲခူးရိုးမတိုင်းကော်မတီ အစည်းအဝေးကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းဖြစ်သည့် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၊ ကွင်းစမ်းစခန်းတွင် ကျင်းပလေသည်။

ထိုအစည်းအဝေးတွင် တိုင်းကော်မတီဝင်များ အစုံအညီ တက်ရောက်ကြသည့်အပြင် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းမှ ကျောင်းဆရာအဖွဲ့ဝင်တို့သည်လည်း တက်ရောက်ကြသည်။ ထိုအခါ အစည်းအဝေးသဘာပတိဖြစ်သော ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းက

"အခု အစည်းအဝေးမှာ ၆၅ ပေါလစ်ဗျူရို အစည်းအဝေးရဲ့ စိတ်ဓာတ်အောက်မှာ ကျင်းပရတာဖြစ်တယ်၊ ကျွန်ုပ်တို့ရဲ့ လမ်းစဉ်ရဲ့ ရည်ရွယ်ချက်ဟာ ရန်သူချေမှုန်းရေး ဖြစ်တယ်၊ ဒါဟာ သေနင်

www.burmeseclassic.com



ဗျူဟာ လုပ်ငန်းရဲ့ အဓိကဦးတည်ချက်ပဲ ရန်သူကို ချေမှုန်းရင်း ကိုယ်အားကို ရန်သူအားထက်သာအောင် အစွမ်းကုန် တည်ဆောက်ရမယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် သခင်သန်းထွန်းသည် ဗဟိုဌာနချုပ်၏ လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်းအရ ပဲခူးရိုးမတိုင်း၏ သေနင်္ဂဗျူဟာဆိုင်ရာ တာဝန်နှင့်အလုပ် လမ်းညွှန်ကို အသေးစိတ်ချမှတ်ပေးခဲ့သည်။

xxxxx

## ပဲခူးရိုးမတိုင်း နှစ်နှစ်စီမံကိန်း

၁။ ရန်သူစစ်အင်အားကို များများချေမှုန်းပစ်ရမည်။

၂။ ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်း မှန်သမျှ ဖြတ်တောက် ဖျက်ဆီးပစ်ရမည်။

၃။ ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်၌ အခါအားလျော်စွာ လှုပ်ရှားပြီး ခြိမ်းခြောက်မှုများကို ပြုလုပ်ပေးရမည်။

၄။ အခြားသော တိုင်းများနှင့် ဆက်စပ်မိရေးအတွက် လမ်းဖွင့်ပေးရမည်။

၅။ ပဲခူးရိုးမ ပြောက်ကျားအခြေခံစခန်းကို ပိုမိုကြံ့ခိုင်ရေး ပိုမိုကျယ်ပြန့်သော ပြောက်ကျား စစ်ဆင်ရေးဒေသနှင့် ပြောက်ကျား ဒေသသစ်များဖွင့်ပြီး ရန်သူဒေသကို ကြဲ့ဝင်သွားအောင် လုပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ မိမိအင်အားကို စီမံကိန်းအရ တိုးချဲ့တည်ဆောက်ရမည်။

၇။ တိုင်းရင်းသားလူမျိုးများနှင့် ညီညွတ်ရေးကို ပိုမိုခိုင်ခံ့အောင် တည်ဆောက်ရမည်။

×××××

## စီမံကိန်း၏ ရည်ရွယ်ချက်

၁။ ၆၄ ခုနှစ် လမ်းစဉ်အပေါ်တွင် အတွေးအခေါ် လှည့်ပြောင်းရေး လုပ်ရမည်။

၂။ ရန်သူကို တစ်ဆင့်တက်ပြီး ချေမှုန်းရမည်။ ဖြိုခွဲရမည်။

၃။ မိမိအင်အားကို နှစ်ဆတိုးချဲ့ပြီး တည်ဆောက်ရမည်။

၄။ ပဲခူးရိုးမတိုင်း၏ အခြေခံစခန်းကို ပိုမိုတောင့်တင်းစေရမည်။

၅။ ရန်သူ၏ဆက်သွယ်ရေးလမ်းကြောင်း အသွယ်သွယ်ကို တဆင့်တက်ပြီး ဖျက်ဆီးဖြတ်တောက်ပစ်ရမည်။ ရန်ကုန်မြို့ကို ဂယက်ရိုက်နေစေရအောင် ခြိမ်းခြောက်ထားရမည်။

၆။ ပဲခူးရိုးမတိုင်းအတွင်း၌ရှိသော မြို့ကြီး မြို့လေးများကို နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးအရ ထိုးဖောက်၍ ခိုင်ခံ့ထားစေရမည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## စီမံကိန်းအကောင်အထည်ဖော်ရေးပေါ်လစီ

ပဲခူးရိုးမတိုင်း တစ်ခုလုံးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်တွင် မြေယာတိုက်ပွဲလုပ်ငန်းများကို အခြေခံလုပ်ရင်းဖြင့် လက်နက်ကိုင်တပ်မတော်သည် တည်ဆောက်ရေးကို အဓိကပြုလုပ်သွားရန် ဖြစ်သည်။

ထို့အပြင် စီမံကိန်း အကောင်အထည် ဖော်ရေးအတွက် လုပ်နည်းလုပ်ဟန်မှာ–

၁။ ပိုင်းဖြတ်မှုနှင့် လုပ်ရမည်။

၂။ အခိုင်အမာ စူးစမ်းလေ့လာပြီးမှ လုပ်ရမည်။

၃။ လူထုလူ့ပ်ရှားမှုနှင့်လုပ်ရမည်။

၄။ ယေဘုယျနှင့်တိကျသော ခေါင်းဆောင်မှုတို့ ပေါင်းစပ်လုပ်ရမည်။

၅။ စမ်းသပ်ကွက်၊ အလေးထားကွက်တို့ကို သတ်မှတ်လုပ်ရမည်။

၆။ ကေ့ဘ်ာရိုးများကို မွေးမြူပြီးလုပ်ရမည်။

၇။ ဖြေရှင်းရာ၌ အချက်အခြာကို ရှာပြီးဖြေရှင်းရမည်။

၈။ အောက်ခြေ၏ အတွေ့အကြုံကို အသုံးချပြီး လုပ်ရမည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ငန်းအသီးသီး၏ ဦးတည်ချက်နှင့်လမ်းညွှန်

၁။ အရင်းရှင်စစ်ရေး အတွေးအခေါ် မှန်သမျှကို တိုက်ဖျက်ပြီး ပစ္စည်းမဲ့ပါတီက အကြွင်းမဲ့ ခေါင်းဆောင်သည့် တပ်မတော်ကို တည်ဆောက်ရမည်။

၂။ တပ်စိပ်လိုက် ချေမှုန်းရေးကို မြှင့်မြှင့်ဆင်နွှဲရင်း တပ်စုလိုက် ချေမှုန်းရေးကို တက်လှမ်းကြရမည်။

၃။ ကျေးလက်မှ ဆင်းရဲခေါင်းဆောင်မှု ထူထောင်ပြီး ကျေးလက် လူတန်းစား ပေါ်လစီကို ကျင့်သုံးကြရမည်။

၄။ မြေဝေရေးအတွက် သတ်မှတ်ချက်နှင့် ကြိုးပမ်းကြရမည်။

၅။ စစ်နိုင်ရေးအတွက် လယ်သမားတိုက်ပွဲတွေ လှုပ်ရှားမှုတွေကို တိုးချဲ့စည်းရုံးကြရမည်။

၆။ ပါတီကို ဗိုလ်ရှီဗစ်ပါတီ ပီသအောင် တည်ဆောက်ကြရမည်။

၇။ ရာသက်ပန် တော်လှန်ရေးသမားများ ဘဝကို ခံယူကြရမည်။

၈။ ပါတီတည်ဆောက်ရေးအတွက် လှုပ်ရှားမှုကြီး(၃)ခုကို လုပ်ရမည်။

(က) ဘဝပြောင်းတိုင်လှုပ်ရှားမှု

(ခ) ပါတီအသိမြင့်တင်ရေးလှုပ်ရှားမှု

(ဂ) ဒီမိုကရေစီလှုပ်ရှားမှု တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၉။ တပ်တွင်းရှိ အမျိုးသမီးများနှင့် လူငယ်မျိုးဆက်သစ်များကို စမ်းသပ်မွေးမြူရမည်၊ စနစ်တကျ တိုးချဲ့ပေးရမည်။

၁၀။ ညီညွတ်နိုင်သမျှသော မဟာမိတ်များကို တိုးချဲ့စည်းရုံးရမည်။

၁၁။ တော်လှန်ရေးထဲသို့ ကျောင်းသားများ၊ အမျိုးသမီးများ၊ လူငယ်များ၊ မြို့နေစနေရှင်ပေါက်စများအားလုံး ပါလာစေရန် နည်းအမျိုးမျိုးဖြင့် စည်းရုံးသွားရမည်။

၁၂။ မဒညတ အတွင်းတွင် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုကို နည်းမျိုးစုံဖြင့် ထူထောင်ရမည်။

၁၃။ ရန်သူဒေသ လူထုတိုက်ပွဲများသည် စစ်နိုင်ရေးအတွက် စစ်အစိုးရကို အပြတ်တိုက်ကြဟူသော ကြွေးကြော်သံဖြင့် စည်းရုံးသွားရမည်။

၁၄။ မြို့ကြီးလေးမြို့များတွင် ပါတီကလပ်စည်းများကို ဖြစ်နိုင်သည့် နည်းဖြင့် ဖြစ်နိုင်သည့်ပုံစံဖြင့် ဖော်ထုတ်သွားရမည်။

ထို့နောက် သခင်သန်းထွန်းသည် ၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အစည်းအဝေးကို အဆုံးသတ်ပြီး "ပဲခူးရိုးမသည် ရန်သူအမျိုးမျိုးကို မြေမြှုပ်သင်္ဂြိုဟ်မည့် အောင်မြေသာဖြစ်စေရမည်"ဟု ကြွေးကြော်ခဲ့သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



# သခင်သန်းထွန်းနှင့် ၆၄ လမ်းစဉ် အာဏာနိုတည်ဆောက်ရေး

သခင်သန်းထွန်းသည် အာဏာသိမ်းယူသွားသော စစ်အစိုးရအား ရန်သူလို သဘောထားပြီး အပြီးပြတ်ချေမှုန်းရေးအတွက် စီမံကိန်းအမျိုးမျိုးကို ရေးဆွဲပြီးနောက်တွင် ၆၄ လမ်းစဉ်အား စစ်နိုင်ရေး အာဏာသိမ်းရေးလမ်းစဉ် (သို့မဟုတ်) အပြတ်တိုက်ရေးလမ်းစဉ်အဖြစ် ဗမာတစ်ပြည်လုံးသို့ ဝါဒဖြန့်ခဲ့သည်။

ထိုဝါဒဖြန့်ရာတွင် "ဝါးကိုခုတ်လိုလျှင် ဝါးတက်ကို အရင်ရှင်းရမည်" ဟူသော ပေါ်လစီကို ချမှတ်ထားသည်။ အဓိပ္ပါယ်မှာ "နေဝင်းကြီးကို အပြတ်တိုက်နိုင်ရေးအတွက် ကျေးလက်နေဝင်းလေးများကို အပြတ်ရှင်းလင်းရမည်" ဟု ဆိုသည်။

ထို့ကြောင့် ကျေးရွာများတွင် ဖွဲ့စည်းထားသော (လလသသ) များ၊ (မယက)များ၊ (ရလက)များကို အလစ်ဝင်ရောက်၍ တိုက်ခိုက်ကြသည်။ ထို့အပြင် ကျေးရွာများတွင်ရှိသော ပါတီကိုတက်ကြွစွာ ထောက်ခံခြင်း မပြုသူများကိုလည်း "အာဏာနို" တည်ဆောက်ရေး၏ အန္တရာယ်များ အဖြစ်လည်းကောင်း၊ အတားအဆီးများ အဖြစ်လည်းကောင်း အရေးယူကြသည်။

ထို့နောက် ပဲခူးရိုးမတိုင်း၏ "နှစ်နှစ်စီမံကိန်း" များအရ ကျေးလက်အာဏာနို တည်ဆောက်ရေး စီမံကိန်းကို ခရိုင်အသီးသီးတွင် အပြိုင်အဆိုင် အကောင်အထည် ဖော်ကြသည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



အာဏာနီတည်ဆောက်ရေး ဖော်ဆောင်ရာတွင် သခင်သန်းထွန်းသည် "အာဏာနီတည်ဆောက်ရေး၏ ပြယုဂ်သည့်ပေါက်ခေါင်း" ဖြစ်သည် ဟု ပြောကြားခဲ့သည်။

ပြည်ခရိုင်သို့ ပေးစာတွင် ပေါက်ခေါင်းလမ်းကြောင်းနှင့် ပတ်သက်ပြီး သခင်သန်းထွန်းက "ရှာပုတိုက်ပွဲဆိုတဲ့ စစ်ဆင်ရေးအောင်ပွဲကြီးရဲ့ ဩဇာဂယက်အောက်မှာ ပြည်ခရိုင်လယ်သမားထုကြီးဟာ မကြုံစဖူး အုံကြွလာပြီး နေ့ဝင်းရဲ့ အထောက်တော်တွေကို ဖမ်း၊ သတ်၊ နေဝင်းရဲ့ ဒေါက်တိုင်တွေဖြုတ်၊ မြေရှင်ချမ်းသာတွေရဲ့ ဩဇာကို ဖြိုချ၊ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်မှုအောက်မှာ ဆင်းရဲအခြေခံပြီး အသက်နဲ့ခိုင်မြဲစွာ မဟာမိတ်ဖွဲ့ထားတဲ့ အာဏာနီကို အခိုင်အမာ တည်ဆောက်ကြတယ်။ ဒီလိုနဲ့ ပေါက်ခေါင်းလယ်သမားလှုပ်ရှားမှုဆိုတာ ကမ္ဘာမှာ ဟိုးဟိုးကျော်ခဲ့တယ်။ ရန်သူတပ်ကို ချေမှုန်း၊ ဖောက်ပြန်တဲ့ အာဏာကို ဖြိုချ၊ တော်လှန်တဲ့ အာဏာနီ တည်ထောင်၊ ဒါဟာပေါက်ခေါင်းလမ်းဆိုပြီး တစ်ပြည်လုံးအဖို့ လမ်းညွှန်ဖြစ်ခဲ့တယ်" ဟု ရေးသားထားသည်။

ထို့အပြင် အာဏာနီတည်ဆောက်ရေးကို ပဲခူးရိုးမ၏ အရှေ့ခြမ်းဖြစ်သော တောင်ငူခရိုင်တွင်လည်း အကောင်အထည် ဖော်ခဲ့သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ကွန်မြူနစ်တို့၏ ဘဝဟာစ်တိုင်

ဘဝဟာစ်တိုင် လှုပ်ရှားမှုဆိုသည်မှာ ပစ္စည်းမဲ့ လူတန်းစား နိုင်ငံရေးပါတီသည် မိမိ၏ပါတီဝင်များကို အသိပညာပေးရာ၌ အခြေခံ အကျဆုံး၊ လူတန်းစား အသိပညာပေးရေးဖြစ်သည်။ တစ်နည်းအားဖြင့် ဘဝဟာစ်တိုင် လှုပ်ရှားမှုသည် မော်စီတုန်း အတွေးအခေါ်၏ ဖန်တီးမှုတစ်ခုပင် ဖြစ်သည်။

ထို့အပြင် မာ့က်စ်လီနင်ဝါဒသမိုင်း၊ ရုပ်ဝါဒအမြင်နှင့် လူတန်းစား ပညာပေးရေး လှုပ်ရှားမှုတစ်ခုပင်ဖြစ်သည်။ အမှန်စင်စစ် ဘဝဟာစ်တိုင် လှုပ်ရှားမှုသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းတွင် မရှိခဲ့ဘူးပေ။ တရုတ်ပြည်တွင် ရောက်ရှိနေကြသည့် အဝေးရောက် ပါတီဝင်များသည် တရုတ်ပြည်တွင် ,ဘဝဟာစ်တိုင်, လှုပ်ရှားမှုများ၌ ပါဝင်လေ့ကျင့်ခဲ့သည်။

ထို့နောက် "ဘဝဟာစ်တိုင်လှုပ်ရှားမှု"ကို ဗမာပြည်ကွန်မြူနစ် ပါတီ၏ လုပ်ငန်းအားလုံး၏ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လုပ်ရမည့် အလုပ်အဖြစ် သတ်မှတ်လိုက်ကြသည်။ ဘဝဟာစ်တိုင် လှုပ်ရှားမှုကို ဗမာပြည်တစ်ပြည်လုံး၏ စံပြလှုပ်ရှားမှုအဖြစ် ဗမာပြည် ကွန်မြူနစ်ပါတီဌာနချုပ်တွင် စတင်လိုက်သည်။

ထိုအချိန်က ဗဟိုဌာနချုပ်သည် သစ်ထုတ်လုပ်ရေး တပ် မတော် ကင်းစခန်းနှစ်ခုကြား ကွင်းစမ်းစခန်းတွင် အခြေစိုက်ထား လေသည်။ ဌာနချုပ်၏ အရှေ့တောင်ဘက်တွင် "ဘောဘင်"ကင်း

www.burmeseclassic.com

www.burmeseclassic.com



စခန်း တည်ရှိပြီး နှစ်မိုင်ခန့်ဝေးသည်။ ဌာနချုပ်၏ အနောက်မြောက်ဘက်တွင်လည်း "အိမ်ကုန်းကြီး"ကင်းစခန်း တည်ရှိပြီး နှစ်မိုင်ခွဲခန့်သာ ဝေးသည်။

ထိုအချိန်တွင် ဌာနချုပ်၌ ဒုတိယအုပ်ချုပ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ရန် သင်တန်းသားများ ရောက်ရှိနေသလို ရန်ကုန်တက္ကသိုလ်မှ တောခိုလာကြသော ကျောင်းသားများအမှုထမ်းများလည်း ရောက်ရှိနေကြသည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်တိုင်းမှ ဗဟိုဌာနချုပ် ကင်းတပ်သို့ တာဝန်ပေးလိုက်သော ရဲဘော်များလည်း ရှိနေသည်။ ထို့ကြောင့် ဗဟိုဌာနချုပ်တွင် နယ်ပေါင်းစုံမှ ရဲဘော်များ၊ ရဲဘော်သစ်များနှင့် စုစုစည်းစည်း ဖြစ်နေသည်။

xxxxx

## ဘဝဟာစ်တိုင်၏ပထမအဆင့်

ဘဝဟာစ်တိုင်လှုပ်ရှားမှု ပထမအဆင့်သည် ဟောပြောချက်ငှလေးစောင်ကို ဟောပြောပို့ချခြင်းဖြစ်သည်။ ထိုဟောပြောချက် လေးစောင်မှာ -

၁။ ကိုလိုနီခေတ်၊ ဗမာပြည်သူများ၏ ဘဝနှင့် တိုက်ပွဲသမိုင်း

၂။ ဗမာပြည်အလုပ်သမား လယ်သမားတို့၏ ဘဝနှင့် တိုက်ပွဲသမိုင်း

www.burmeseclassic.com

www.burmeseclassic.com



၃။ ဆယ်နှစ်ပြည်တွင်းစစ်ကာလ မြို့နေ၊ ဆင်းရဲသားပြည်သူများနှင့် ကျောင်းသားလူငယ်များ၏ ဘဝနှင့် တိုက်ပွဲသမိုင်း

၄။ ဆယ့်ရှစ်နှစ် ပြည်တွင်းစစ်ကာလနှင့် အစဉ်အဆက် အာဏာရ မှုန်ရှင်များ အုပ်စိုးမှုအောက်ရှိ ပြည်သူများ၏ ဘဝနှင့် တိုက်ပွဲသမိုင်း စသည်တို့ ဖြစ်သည်။

ကိုလိုနီခေတ် ဗမာပြည်သူများ၏ ဘဝနှင့်တိုက်ပွဲသမိုင်းကို ဟောပြောချက်ကို နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဖြစ်သော သခင်ချစ်မှ တာဝန်ခံပြုစုရေးသားသည်။

ဗမာပြည် အလုပ်သမားလူတန်းစား၊ ဘဝနှင့်တိုက်ပွဲသမိုင်းဟူသော ဒုတိယဟောပြောချက်ကို ဗဟိုကော်မတီဝင်များဖြစ်သော ဗိုလ်ရန်အောင်မှ တာဝန်ခံပြုစု ရေးသားသည်။

ဆယ်နှစ်ပြည်တွင်း စစ်ကာလမြို့နေ ဆင်းရဲသားပြည်သူများနှင့် ကျောင်းသားလူငယ်များ၏ ဘဝနှင့်တိုက်ပွဲသမိုင်းဟူသော တတိယ ဟောပြောချက်ကို ရန်ကုန်တက္ကသိုလ် ကျောင်းသားတပ်ဦး ခေါင်းဆောင်ဖြစ်သော ရဲဘော်တင်ထွန်း(ခေါ်) မြမောင်နှင့် ဘုတ်နှင့် ကော်ပိုရေးရှင်း အမှုထမ်းပေါင်းစုံအဖွဲ့ချုပ်မှ ခေါင်းဆောင်တစ်ဦး ဖြစ်သော ရဲဘော်ခင်ရွှေ(ခေါ်)ရဲဘော်ထွန်းမြင့်တို့က တာဝန်ခံ ပြုစု ရေးသားခဲ့သည်။

ဆယ်ရှစ်နှစ်ပြည့် ပြည်တွင်းစစ်ကာလနှင့် အစဉ်အဆက်

www.burmeseclassic.com

www.burmeseclassic.com



အာဃာတရမနရှင်များ အုပ်စိုးမှုအောက်ရှိ ပြည်သူများ၏ ဘဝနှင့် တိုက်ပွဲသမိုင်းဟူသော စတုတ္ထမြောက် ဟောပြောချက်ကို ဗဟိုကော် မတီ အတွင်းရေးမှူး ရဲဘော်ဌေးက ပြုစုရေးသားခဲ့သည်။ ထို့နောက် ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ပညာပေးဟောပြောချက်များကို ပြုစုရေး သားသူ ကိုယ်တိုင်ပင် ဟောပြောပို့ချကြသည်။ ထိုအရာသည် ဘဝဟာစ်တိုင်လှုပ်ရှားမှု၏ ပထမအဆင့်ဖြစ်သည်။

xxxxx

## ဘဝဟာစ်တိုင်၏ဒုတိယအဆင့်

ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ ဒုတိယအဆင့်မှာ စွဲချက်တင် တိုက်ပွဲဖြစ်သည်။ ထိုသို့စွဲချက်တင် တိုက်ပွဲဆင်ရာတွင် ရဲဘော် တစ်ဦးစီသည် မိမိဘဝအတွင်းမှ ရန်သူကို နက်နက်ရှိုင်းရှိုင်း အမြစ် တူး ရှာဖွေ၍ စွဲချက်တင်တိုက်ပွဲဆင်ရခြင်းဖြစ်သည်။

ထိုကာလများတွင် ဘဝဟာစ်တိုင် လှုပ်ရှားမှု အခမ်းအနားများ ကို အနီရောင်များ၊ အနက်ရောင်များဖြင့် အထူးပင် ရွေးချယ်၍ ပြင်ဆင်ထားရသည်။ အလွန်ဝမ်းနည်းဖွယ်ရာ ကြေကွဲဖွယ်ရာများ ဖြစ်နေစေရန်အတွက်လည်း မွမ်းမံထားသည်။ ထို့အပြင် ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ ခန်းမဆောင်အတွင်း၌လည်းကောင်း၊ အရပ်လေးမျက်နှာ ပတ်ဝန်းကျင်၌လည်းကောင်း ကြွေးကြော်သံအမျိုးမျိုးကိုလည်း ရေးဆွဲ၍ ကပ်ထားသည်။ ထိုကြွေးကြော်သံတို့မှာ -

• အမေရိကန် နယ်ချဲ့သမားကို ချေမှုန်းပစ်

www.burmeseclassic.com



ပဒေသရာဇ် မြေရှင်စနစ်ကို ချေမှုန်းပစ်

စစ်တပ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ချေမှုန်းပစ်

နေဝင်း စစ်အာဏာရှင်အစိုးရကို တိုက်ဖျက်ပစ်

ဖက်ဆစ်စစ်တပ်ကို ချေမှုန်းပစ်

ဥက္ကဋ္ဌကြီးမဟာမော်စီတုန်း သက်တော်ရာကျော်ရှည်ပါစေ

ဗမာပြည်ကွန်မြူနစ်ပါတီ အစွန့်ရှည်ပါစေ

ဥက္ကဋ္ဌကြီးသခင်သန်းထွန်း သက်တော်ရာကျော် ရှည်ပါစေ စသည်တို့ ဖြစ်သည်။

ထိုပာစ်တိုင်လှုပ်ရှားမှု၏ ဒုတိယအဆင့်တွင် စခန်းအတွင်း၌ ရေဒီယိုနားထောင်ခြင်း မပြုရ၊ သီချင်းမဆိုရ၊ လေချွန်ခြင်းမပြုရဟု တားမြစ်ထားသည်။ ထို့အပြင် အမျိုးသမီးများကိုလည်း ပန်းမပန်ရ၊ သနပ်ခါးမလိမ်းရ၊ အလှမပြင်ရဟု တင်းကြပ်စွာတားမြစ်ထားသည်။ ပျော်ရွှင်ခြင်းအားလုံးကို လုံးဝပင်ခွင့်မပြုပေ။

ထို့ကြောင့် ရဲဘော်များအားလုံးသည် ဝမ်းနည်းခြင်း၊ နာကျည်းခြင်း စသော အမူအယာများဖြင့်သာ ရှိနေကြသည်။ အထူးသဖြင့် အမျိုးသမီးလေးများ၏ ဆံပင်များသည် ဖွာလံကြဲ၍ ပွပုံပွားနေကြသည်။ ဒေါသကြောင့်လည်း မျက်လုံးအစုံတို့မှာ မှိုမောက်၍ နေကြသည်။ ထို့နောက် ဘဝပာစ်တိုင်လှုပ်ရှားမှု၏ ဒုတိယအဆင့်တွင် ရဲဘော်အသီးသီးတို့သည် မိမိတို့ ခံစားနေရသော နာကြည်း

www.burmeseclassic.com



ချက်၊ မကျေနပ်ချက်များကို မရှက်မကြောက် ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောကာ စွဲချက်တင်တိုက်ပွဲ ဆင်နွှဲကြလေသည်။

xxxxx

## မခင်ဝင်း၏စွဲချက်တင်တိုက်ပွဲ

စွဲချက်တင်တိုက်ပွဲဝင်ရာတွင် တစ်ယောက် အပါအဝင်ဖြစ်သော မခင်ဝင်းက -

"ကျွန်မအဖေဟာ ကျွန်မကိုယ်ဝန်ရှိတော့ နေ့စေ့၊ လစေ့ ဖြစ်လာတော့ ကျွမရဲ့ လေးလေးအိမ်ရှေ့မှ မကျည်းပင်အောက်မှာပဲ တဲလေးဆောက်ပြီးနေတယ်၊ ကျွမကို မီးဖွားတယ်၊ ကျွမ အမေဟာ ဝါးခုတ်ရအောင်သွားနေတဲ့အချိန်မှာ ကျွမရဲ့အမေကို မုဒိန်းကျင့်ပြီး ထားပစ်ခဲ့တယ်၊ ဒီအခါမှာ ကျွမရဲ့အမေဟာ သွေးအိုင်ကွက်ထဲမှာ လဲပြီး သေခဲ့ရတယ်၊ ဒီအခါမှာ ကျွမရဲ့ အဖေဟာ ရင်ကွဲပက်လက် ဖြစ်ပြီး ကျွမကိုချီပြီးတော့ ကျွမအစ်မနဲ့ အဖေဟာ ပြေးခဲ့ရတယ်၊ ဒီအခါမှာ ကျွမဟာ နှစ်ရက်သမီးကလေး ရှိသေးတယ်၊ နှစ်ရက်သမီးမှာ အမေဟာ ရန်သူစစ်တပ်က မုဒိန်းကျင့်ပြီးတော့ သတ်ပစ်လိုက်တာဖြစ်တယ်၊ ကျွမအစ်မဟာ ကျွမနှစ်ခါလည်သမီးမှာ ရန်သူ နေဝင်းရဲ့ မုဒိန်းတပ်က စော်ကားခဲ့တယ်၊ ကျွမရဲ့ အစ်မဟာ ကိုယ်ဝန်ရှိပြီးတော့ ကျန်ရစ်ခဲ့တယ်၊ မီးမဖွားနိုင်လို့ သေသွားခဲ့ရတယ်၊ ဒါကအစ်မတစ်ယောက်၊ နောက်ကျွမရဲ့အစ်မ မကြည်သန်းဟာ ရန်သူတပ်က လှည်းလမ်းကြောင်းမှာ နွားလိုက်ရင်း နေဝင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



မုဒိန်းတပ်က မုဒိန်းကျင့်ပြီး သတ်ပစ်ခဲ့တယ်၊ ဒါကို ကျွမအနေနဲ့တော့ မကျေဘူး။ ကျွမလက်စားချေရမယ်၊ ကျွမဟာ နေဝင်းရဲ့လည်ချောင်းသွေးကို ခြေဆေးမယ်၊ ကမ္ဘာမကြေဘူး နောက်ကျွမရှစ်နှစ်သမီးမှာ ငှက်ပျောတောက ဦးရှိန်က ကျွမကို မုဒိန်းကျင့်တယ်၊ အခုဆိုရင် သူက လလသသ လူကြီးပဲ၊ သူက ချမ်းသာတဲ့လယ်သမား တစ်ယောက်ဖြစ်တယ်၊ ဒီအချိန်မှာ ကျွမဟာ မြောနေတယ်၊ ကျွမအဖေဟာ ပြန်လာတော့ ရင်ကွဲပက်လက်ဖြစ်ပြီးကျွမကို ရွာထဲထမ်းပြီးသွားတော့ ကျွမသတိရတစ်ချက်၊ မရတစ်ချက်နဲ့ပဲ ဆေးကုခဲ့ရတယ်၊ အခုကျွမနေခဲ့တဲ့ အိမ်မှာထားခဲ့ပြီးတောင်ယာကို သွားရပြန်တယ်၊ ကျွမဟာ ကျန်းမာလာပြီးတော့ကျွမအဖေကို ရန်သူက နှိပ်စက်ပြီးထားခဲ့တယ်၊ ဒီမှာဆိုရင် ယာသမားတွေက ထမ်းပြီးလာတော့ ကျွမဟာ ကျွမအဖေရဲ့ အသက်ကို မမှီတော့ဘူး။ နေဝင်းဟာ ကျွမရဲ့ အဓိကရန်သူဖြစ်တယ်" ဟုပြောကာ မခင်ဝင်းသည် စွဲချက်တင်ရင်းနဲ့ပင် စကားကို ဆက်၍ပြောဆိုနိုင်ခြင်း မရှိတော့ပေ။ နာကျည်းလွန်း၍ ဆို့နစ်သွားလေသည်။ နာကျည်းချက်ရှိသော ရဲဘော်များကလည်း မခင်ဝင်းလိုပင်ပြောဆိုကာ စွဲချက်တင်ကြသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## ဘဝဟာစ်တိုင် တတိယအဆင့်

ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ တတိယအဆင့်မှာ ရန်သူအပေါ် သွေး-ချွေး စာရင်းကိုတွက်၍ ရန်သူကို တဆင့်တိုး ဖွင့်ချစွဲချက် တင် တိုက်ပွဲဆင်ရခြင်းဖြစ်သည်။ ထိုသို့ သွေး-ချွေးစာရင်း တွက် ချက်ရာတွင် မိဘများ ခံစားခဲ့ရသော သွေး-ချွေးစာရင်းနှင့် မိမိ ကိုယ်တိုင် ခံစားခဲ့ရသော သွေး-ချွေးစာရင်းကို ရဲဘော်တိုင်းမှ တွက် ချက်ကြရသည်။

သွေးစာရင်းတွက်ရာတွင် အဓိကကျသော ခေါင်းစဉ်များမှာ နိုင်ငံရေးအရ ဖမ်းဆီးချုပ်နှောင်ခံရသူများ။ မီးရှို့ဖျက်ဆီးခံရမှုများ။ ပစ္စည်းဥစ္စာများလုယက်ခံရသူများ။ လူမှုရေးအရ ရိုက်နှက်ခံရမှုများ။ မုဒိမ်းကျင့်စော်ကားခံရမှုများ ဖြစ်သည်။

ချွေးစာရင်းတွက်ရာတွင်လည်း သီးစားခဖြင့် သွေးစုတ်ခံရ သော စာရင်း။ လုပ်အားသွေးစုတ်ခံရသောစာရင်း။ အတိုးကြီးစား သွေးစုတ်ခံရသောစာရင်း။ အရောင်းအဝယ်နည်းဖြင့် သွေးစုတ်ခံရ သော စာရင်းများကို ထည့်သွင်း၍ တွက်ချက်လေသည်။

xxxxx

## ဘဝဟာစ်တိုင် စတုတ္ထအဆင့်

ဘဝဟာစ်တိုင် လှုပ်ရှားမှု၏ စတုတ္ထ(နောက်ဆုံး)အဆင့်မှာ ရဲဘော်တစ်ဦးစီက အတွေးအခေါ်နယ်ပယ်တွင် ရန်၊ မိတ်ရန်သူ၊

www.burmeseclassic.com

www.burmeseclassic.com



မိမိ) စည်းခွဲခြားခြင်းနှင့် လူတန်းစားစိစစ်ရေးတို့ကို ပြုလုပ်ကြရသည်။ နောက်ဆုံးတွင် ရာသက်ပန် တော်လှန်ရေးသမားအဖြစ် အစိတ္တာန်ပြုခြင်းကို ရဲဘော်တစ်ဦးစီမှ ပြုလုပ်ကြရသည်။ ထို့နောက် အစီအစဉ်ပြီးသောအခါ ပါတီဥက္ကဋ္ဌဖြစ်သော သခင်သန်းထွန်းက နိဂုံးချုပ် မိန့်ခွန်းရှည်ကြီးကို ပြောကြားခဲ့သည်။

xxxxx



[illegible]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

www.burmeseclassic.com

www.burmeseclassic.com



# သခင်သန်းထွန်းနှင့် လူငယ်စီမံကိန်း

သခင်သန်းထွန်းသည် ဘဝဟာစ်တိုင် လှုပ်ရှားမှုအပြီးတွင် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေး စီမံကိန်း၌ ပါဝင်သော စည်းရုံးရေးကိစ္စများတွင် လူငယ်များကို ရေရှည်စီမံကိန်းအဖြစ် မွေးမြူသွားရန် ဆုံးဖြတ်ခဲ့သည်။

သူသည် လူငယ်များအား ဗမာပြည်ကွန်မြူနစ် အရေးတော်ပုံ၏ အားသစ်များအဖြစ် သဘောထားသည့် မျိုးဆက်သစ်များအဖြစ်လည်း သတ်မှတ်သည်။ ဗမာပြည်တော်လှန်ရေး၏ အမြုတေများဖြစ်လာရလိမ့်မည်ဟူ၍ မျှော်လင့်ယုံကြည်ထားသည်။

ထို့ကြောင့် သခင်သန်းထွန်းသည် ရဲဘော်အောင်ကြီး၊ သခင်ပု၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့်၊ သခင်ချစ်တို့နှင့် စုဝေးဆွေးနွေးကာ ဗဟိုဌာနချုပ်တွင်ရှိသော လူငယ်များအား ပါတီတွင်းတိုက်ပွဲ၌ စံပြကျောက်များအဖြစ် လေ့ကျင့်ပေးရန်၊ အားသစ်များအဖြစ်မွေးမြူရန်၊ ရေရှည်စီမံကိန်းတစ်ရပ်ကို ရေးဆွဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ရန် အတွက်လည်း သခင်သန်းထွန်း ခေါင်းဆောင်သည့် ရဲဘော်အောင်ကြီး၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်မျိုးတင့်တို့ ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့မှ တိကျသော တာဝန်ကို ခွဲဝေသည်။ ရဲဘော်ထွန်းရှိန်အား ဗဟိုစခန်းတွင်ရှိသော လူငယ်များကို စည်းရုံးရန်အတွက် တာဝန်ပေးလိုက်သည်။

ဗဟိုစခန်း လူငယ်အဖွဲ့တွင် အဖွဲ့ဝင် ၁၅ ဦးသာ ရှိသော်လည်း အခြားတိုင်း၊ ခရိုင်များနှင့် မြို့နယ်များက လက်ရွေးစဉ် လူငယ်များကို ဗဟိုစခန်းသို့ ခေါ်ယူရန် စီစဉ်လိုက်လေသည်။ ထို့နောက် ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်း၌ လူငယ်အစည်းအဝေးကို ကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် အသက် ၁၄ နှစ်မှ ၁၈ နှစ်အတွင်းရှိသော လူငယ် ၂၀ ခန့် တက်ရောက်ကြသည်။ ထိုအထဲတွင် သခင်သန်းထွန်း၏သားငယ် မောင်မောင်(ခေါ်)ညီညီလေးလည်း ပါဝင်သည်။ လူငယ်များသည် "မင်းတို့ဟာ အသစ်ကို ကိုယ်စားပြုသူတွေဖြစ်တယ်၊ ကနေ့ပါတီထဲမှာရှိကြတဲ့ ခေါင်းဆောင်တွေ၊ လူကြီးတွေဟာ အဟောင်းတွေဖြစ်ကြတယ်၊ အဟောင်းနေရာကို အသစ်တွေနဲ့ အမြန်ဆုံးအစားထိုးရလိမ့်မယ်၊ ဒီအတွက် အသင့်ပြင်ထားရမယ်၊ မင်းတို့ဟာ ပါတီထဲမှာ လင်းယုန်မျက်စေ့နဲ့ လူတိုင်းကို ကြည့်နေရမယ်" ဟု ပြောကြားခြင်း ခံရသဖြင့် အထူးတက်ကြွနေသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## လူငယ်များ၏ အတွေးအခေါ် ခံယူချက်

သခင်သန်းထွန်း၏ တာဝန်ပေးချက်အရ ရဲဘော်ထွန်းရှိန်သည် လူငယ်များအတွက် ရာသက်ပန် ဦးထိပ်ပန်ဆင်ရမည့် အတွေးအခေါ် ခံယူချက်ကို ရေးဆွဲခဲ့သည်။ ထိုအတွေးအခေါ် ခံယူချက်မှာ -

၁။ ပါတီရဲ့ ခေါင်းဆောင်မှု အကြွင်းမဲ့ခံယူရမယ်။

၂။ အတွေးအခေါ်လုပ်ငန်း၊ နိုင်ငံရေးလုပ်ငန်း ထာဝစဉ် ဦးထိပ်ပန်ရမယ်။

၃။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဦးထိပ်ပန်ရမယ်၊ အထူးသဖြင့် တရားသုံးသွယ်ကို ဦးထိပ်ပန်ရမယ်

(က) ပစ္စည်းမဲ့တော်လှန်ရေး

(ခ) ပစ္စည်းမဲ့အာဏာရှင်စနစ်

(ဂ) ပစ္စည်းမဲ့ပါတီ

၄။ ပါတီရဲ့လုပ်ငန်းစဉ်၊ လမ်းစဉ်၊ ပေါ်လစီတွေကို လက်ခံကျင့်သုံးသူတွေသာမက ဝိုင်းဝန်းတည်ဆောက်သူတွေ ဖြစ်ရမယ်။

၅။ ပါတီရဲ့ လူထုလမ်းစဉ်နဲ့ လူတန်းစားလမ်းစဉ်တို့ တင်းကြပ်စွာ ခံယူကျင့်သုံးသူ သာမက ဝိုင်းဝန်းတည်ဆောက်သူတွေ ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ပါတီရဲ့ အတွေးအခေါ်နှစ်ရပ်၊ လမ်းစဉ်နှစ်ရပ် တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူသွားရမယ်၊ တနည်းဆိုရင် ပါတီတွင်း လူ့တန်းစားတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

၇။ ပါတီပ လူထုလူ့တန်းစားတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

၈။ ရန်သူလူ့တန်းစားနဲ့ စစ်ရေးတိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်။

၉။ ပြည်သူတွေနဲ့အတူ ထုတ်လုပ်ရေးတိုက်ပွဲ (သဘာဝနဲ့တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူရမယ်)

၁၀။ ရိုးရိုးကုတ်ကုတ်နေ၊ ကြိုးကြိုးပမ်းပမ်းလုပ်၊ ချွေချွေတာတာသုံး။

၁၁။ ဖတ်လေ့လာ၊ လေ့လာ၊ ထပ်လေ့လာ

(မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်၊ ပါတီလမ်းစဉ်၊ လုပ်ငန်းစဉ်၊ ပေါ်လစီ၊ ပါတီတည်ဆောက်ရေး၊ တပ်တည်ဆောက်ရေး၊ ပါတီ-တပ်လူထု) စာပေယဉ်ကျေးမှု သိပ္ပံပညာ။

၁၂။ လူ့တန်းစားရပ်တည်မှု၊ လူ့တန်းစားအမြင်

ပါတီရပ်တည်မှု၊ ပါတီအမြင်

တော်လှန်ရေးရပ်တည်မှု၊ တော်လှန်ရေးအမြင်

စသည်တို့ ဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## လူငယ်များ၏ အတွေးအခေါ် များအားပြောင်းပြန်လှန်ခြင်း

ရဲဘော်ထွန်းရှိန်သည် သခင်သန်းထွန်း၏ တာဝန်ပေးချက် အရ လူငယ်များ၏ အတွေးအခေါ် ခံယူချက်ကို ရေးဆွဲပြီးသည့် နောက်တွင် တက်ရောက်လာသည့် လူငယ် ၂၀ ခန့်အား ရဲဘော် အောင်ကြီးနှင့် တွဲဖက်၍ အောက်ပါအတိုင်းပြောကြားခဲ့သည်။

"တို့မှာ ဆွေရယ်မျိုးရယ်ဆိုတာ မရှိဘူး။ အဖေရယ်၊ အမေ ရယ်၊ ညီရယ်၊ အစ်ကိုရယ် ဆိုတာလည်း မရှိဘူး။ ပြီးတော့ တို့မှာ ချစ်ခြင်းမေတ္တာတို့ သံယောဇဉ်တို့ သစ္စာတရားတို့ ဆိုတာလဲ မရှိရဘူး။ တကယ်ကျတော့ ဒါတွေဟာ လူ့ဂုရုဏာဝါဒသက်သက် အတွေး အခေါ်ပဲ ဒါကို တို့အနေနဲ့ အသည်းလိုက်၊ အူလိုက်၊ ဆန့်ကျင်ရမယ်။

တို့မှာ လူတန်းစားအသိကလွဲပြီး ဘာမှမရှိဘူး။ ဒါကြောင့်မို့ လူတိုင်းဟာ လိုအပ်လာရင် အဖေရင်းကိုရော အမေရင်းကိုရော၊ အစ်ကိုရော ညီကိုပါ သတ်ရဲရမယ်၊ ဆွေမျိုးကိုလည်း သတ်ရဲရ မယ်၊ လင်ကိုရော၊ မယားကိုရော သတ်ရဲရမယ်။

ဒါကတော့ မင်းတို့ငါတို့ မသေမချင်း တို့အသည်းနှလုံးမှာ စွဲမြဲထားရမယ့် အတွေးအခေါ်ပဲ၊ ဒီအတွေးအခေါ်ကို မစွဲမြဲရင် မင်းတို့ဟာလည်း မုချသစ္စာဖောက်တွေ ဖြစ်လာမှာ သေချာတယ်၊ ဒါကိုတော့ မင်းတို့အမြဲတမ်း လေးနက်ကြရမယ်၊ နောက်ပြီးတော့ အခုပါတီထဲမှာ ကနေ့ဗမာပြည်မှာ ငြိမ်းချမ်းရေး ယူချင်တယ်လို့ ပြောတဲ့လူဟာ သစ္စာဖောက်ပဲ၊ ဒါနဲ့ပတ်သက်လို့ ဗမာပြည်ကြီးရဲ့

www.burmeseclassic.com



ထုံးကြမ္မာကို ဖန်တီးမယ့် မင်းတို့ဟာ လေးနက်နေရမယ်၊ ငြိမ်းချမ်းရေး ပြောတဲ့လူတိုင်းကို ဘယ်လိုလူကိုပဲဖြစ်ဖြစ် သစ္စာဖောက်အဖြစ်နဲ့ သဘောထားရမယ်၊ ကျေညာရမယ်။

မင်းတို့အနေနဲ့ အမြဲတမ်းဦးထိပ်ပန်ဆင်ရမယ့် အတွေးအခေါ် ကတော့ ဥက္ကဋ္ဌကြီး မဟာမော်စီတုန်းရဲ့ အတွေးအခေါ်ပဲ၊ မဟာ မော်စီတုန်းဟာ မင်းတို့ရဲ့ အသည်းထဲက နေမင်းနီကြီး ဖြစ်တယ်၊ မင်းတို့ဟာ ပဲခူးရိုးမထိပ်က နေမင်းကြီးနဲ့တူတယ်၊ အဲဒီနေမင်းကြီး ဟာ အမြဲတမ်းတောက်ပနေတယ်၊ မင်းတို့ကလည်း အမြဲတမ်း တောက်ပနေတာပဲ။

မင်းတို့လို လူငယ်တွေကို ပဒေသရာဇ် မြေရှင်တွေက အလွန် ဖောက်ပြန်တဲ့ သူတို့အတွက် ကျွန်ခံရေးအတွေးအခေါ်တွေကို စွဲနေ အောင် လုပ်ခဲ့ကြတယ်၊ အဲဒါကတော့ ရှင်ရင်ရွှေထီး၊ သေရင်မြေကြီး ဆိုတာပဲ ဒါဟာ တကာယ်က တစ်ဦးချင်း၊ ကျွန်ခံရေးဝါဒ သက်သက် ကို ထူထောင်ပေးထားတာ ဖြစ်တယ်။

ဒါနဲ့ပတ်သက်လို့ မင်းတို့စိတ်ထဲမှာ ပိုင်းဖြတ်ပြီးသား ဖြစ်ရမှာက ရှင်ရင်လည်းဘာမှမဖြစ်ဘူး၊ သေရင်တော့ မြေကြီးဖြစ်မယ် ဆိုတာ ကိုပဲ အလေးအနက် နားလည်ထားကြဖို့လိုတယ်၊ ပြီးတော့ ဗမာပြည် ရဲ့ ယဉ်ကျေးမှုအဟောင်းတွေကို မင်းတို့ဟာ ချေမှုန်းပစ်ကြရမယ်၊ ဖျက်ဆီးပစ်ရမယ်၊ ဒါဟာ မင်းတို့တာဝန်ပဲ။

ကနေ့ မင်းတို့လူငယ်တွေဟာ ကမ္ဘာကြီးကိုလည်း ပိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်ကိုလည်း ပိုင်တယ်၊ ဒါကြောင့် မင်းတို့ဟာ ဘာကိုမှ ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး၊ မင်းတို့ဘာကိုပဲလုပ်လုပ် ရဲဝါးရဲ စိတ်ဓာတ်နဲ့ လုပ်ဖို့လိုတယ်၊ မင်းတို့လုပ်တာတိုင်းဟာ တရားတာ ချည်းပဲ ရဲဝါးရဲစိတ်ဓာတ်ဆိုတာ ရဲရဲတွေး၊ ရဲရဲပြော၊ ရဲရဲလုပ်၊ ရဲရဲ ချိုးဖောက်၊ ရဲရဲတော်လှန် ဆိုတာပဲ ဒါကိုမင်းတို့ အသဲထဲမှာ စွဲထားရမယ်။"

လူငယ်များသည် ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန်တို့၏ စကားများကို နားထောင်ပြီးသောအခါ တစ်ဦးချင်းဆီ အမိန့်ခွန်းမြ ချက်များ တင်ပြကြသည်။

xxxxx

## သခင်သန်းထွန်းနှင့်တပ်နီလူငယ်များ

သခင်သန်းထွန်းသည် တပ်နီလူငယ်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သဖြင့် သူ့အတွက် များစွာအထောက်အကူ ပြုခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ထိုတပ်နီလူငယ် စီမံကိန်းမှ ပေါ်ထွက်လာသော လူငယ်များ သည် နောင်တစ်ချိန်တွင် သခင်သန်းထွန်း၏ တောတွင်းဖြုတ်၊ ထုတ်၊ သတ်၊ လမ်းစဉ်တွင် ဖခင်ရင်းကိုတောင်မှ ပြန်လည်သတ်ဖြတ် ရန် တောင်းဆိုခဲ့သလို ကိုယ်တိုင်လည်း ပါဝင်ခဲ့သော လူငယ်များ အဖြစ် သခင်သန်းထွန်းဘက်မှ ရပ်တည်ခဲ့သောကြောင့်ဖြစ်သည်။

ထိုလူငယ်များ၏ ရင်ထဲတွင် ဗမာပြည်ငြိမ်းချမ်းရေး လိုချင်သူ တိုင်းကို ရန်သူဟုမြင်ပြီး ပါတီနှင့် ဥက္ကဋ္ဌသခင်သန်းထွန်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com





သခင်သန်းထွန်းသည် ဗဟိုစခန်းမှ တပ်နီလူငယ်များအား သေရဲရမည် သတ်ရဲရမည် အနိုင်ယူရဲရမည် ဟူသော အတွေးအခေါ်ကို သြဝါဒပေးနေခြင်း ဖြစ်ပါသည်။

အတိုက်အခံ ပြုသူများကို သုတ်သင်ရန် ဝန်မလေး တော့ပေ။ လူငယ်များသည် သခင်သန်းထွန်း၏ အရေး ပေးမှုကြောင့် စိတ်ထင်ရာ စိုင်းခဲ့သည်။ ခံစားချက်ရှိ သည့် အတိုင်း လုပ်သည်။ သခင် သန်းထွန်း ကိုယ်တိုင် ကလည်း . . .

"အခုတို့ဗမာပြည်မှာ မဟာယဉ်ကျေးမှု တော်လှန် ရေးကြီး ဖြစ်နေပြီ၊ ဒီယဉ် ကျေးမှု တော်လှန်ရေးကြီး မှာ မင်းတို့ လူငယ်တွေ ဟာ ငါတို့ပါတီရဲ့စံပြကျောရိုး တွေဖြစ်တယ်၊ ငါတို့အနေနဲ့ မင်းတို့ လူငယ်တွေကိုသာ အဓိက အားထားတယ်၊ အခုရှိနေကြတဲ့ လူကြီးတွေဟာ မင်းတို့လောက် မတော်လှန်နိုင်ကြဘူး မင်းတို့လူငယ်တွေ အားလုံးဟာ အဖေကိုလည်းသတ်ရဲတယ်၊ အမေ ကိုလည်း သတ်ရဲတယ်ဆိုတာ လုံးဝယုံကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုစခန်းမှ ကျောရိုးတပ်နီ အမျိုးသမီးများ



ရှေ့တန်း(ဝဲမှ) - မကြွေ၊ ခင်လေးမြင့်၊ မငြိမ်းအေး၊ အမြင့်။
နောက်တန်း(ဝဲမှ) - မခင်ပု၊ မအေးငြိမ်း၊ မသိန်းကြည်။

ဒါဟာ မဟာယဥ်ကျေးမှု တော်လှန်ရေး အောင်မြင်ဖို့အတွက် အလွန်ခိုင်မာစွာ စိုက်ထူထားတဲ့ အတွေးအခေါ်ပဲ၊ မင်းတို့ဟာ ဒီယဥ်ကျေးမှု တော်လှန်ရေးကြီးထဲမှာ သေရဲရမယ်၊ သတ်ရဲရမယ်၊ အနိုင်ယူရဲရမယ် ဒီရဲသုံးရဲ စိတ်ဓာတ်ဟာ မင်းတို့လုပ်ငန်းအားလုံးရဲ့ လမ်းညွှန်ဖြစ်ရမယ်၊ မင်းတို့ရဲ့ နေ့စဥ်လှုပ်ရှားမှုအားလုံးရဲ့ အတွေးအခေါ် ဖြစ်ရမယ်။

ဒီနေ့ကစပြီးတော့ ဗဟိုစခန်းကလူငယ်တွေကို တော်လှန်သော တပ်နီလူငယ်အဖွဲ့အဖြစ် အသိအမှတ်ပြုကြောင်းကို အခု အစည်းအဝေးမှာ ကြေငြာလိုက်တယ်၊ တော်လှန်သောတပ်နီ လူငယ်အဖွဲ့

www.burmeseclassic.com




တွေကိုလည်း တခြားတိုင်းတွေ၊ ခရိုင်တွေမှာ စနစ်တကျနဲ့ မှန်ကန်တဲ့ ခေါင်းဆောင်မှုအောက်မှာ တည်ဆောက်သွားရမယ်" ဟု ပြောကြား ခဲ့သည်။

xxxxx

## သခင်သန်းထွန်း၏ တောတွင်းလုပ်ကြံမှုကြီး

သခင်သန်းထွန်းသည် အတိုက်အခံ လုပ်သူများအားလုံး ဗမာ ပြည် ကွန်မြူနစ်ပါတီ၏ သဘောထားရေးရာများနှင့် ပတ်သက်ပြီး



"ငစိန်၊ ငပိန်၊ ဘခက်တို့ကို အမြန်ဆုံးသတ်ပါ"

ဗိုလ်ရန်အောင်(ယာဘက်အစွန်ထောင့်)သည် ရဲဘော်ငွေး၊ ရဲဘော်ခက်တင်၊ ရဲဘော်ဘခက်တို့အား အမြန်ဆုံးသေဒဏ်ပေးရန်အတွက် တပ်နီလူငယ်လေးများ နှင့်အတူ ကြွေးကြော်တောင်းဆိုနေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





"ငွေးကို သတ်ပစ်၊ သတ်ပစ်"

ဖိုးထူးသည် မိမိ၏ဖခင်ဖြစ်သော ရဲဘော်ငွေးအား အမြန်ဆုံး သေဒဏ်ပေးရန်အတွက် ကြွေးကြော်တောင်းဆိုနေခြင်း ဖြစ်ပါသည်။

ဆန့်ကျင်သူများကို ရှင်းပစ်ရန် ကြံစည်ခဲ့သည်။ ထို့ကြောင့် သူတည်ထောင်ခဲ့သော တပ်နီလူငယ်များနှင့်အတူ သူ၏ တစ်သွေးတစ်သံ၊ တစ်မိန့်အောက်တွင် နေကြသည့် လူယုံတော်များကို စုစည်းကာ လှုပ်ရှားမှုများကို စတင်လေသည်။

ထိုလုပ်ကြံမှုတွင် ရဲဘော်ဘခက်၊ ရဲဘော်ဘတင်(ဂိုရှယ်)၊ ရဲဘော်ငွေးတို့သည် ပထမဦးဆုံး တရားခံများဖြစ်သည်။ ထိုလူများကို စွဲချက်မတင်မီ ရဲဘော်ထွန်းရှိန်က ဗဟိုစခန်း ပါတီကော်မတီကို

www.burmeseclassic.com

www.burmeseclassic.com



အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ဒီအချိန်ကစပြီး တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့နဲ့ တော်လှန်တဲ့ ပါတီကော်မတီကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။

ထို့နောက် ပါတီတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ခေါင်းဆောင်ပိုင်းနေရာတွင် တာဝန်ယူထားကြသော ရဲဘော်ဘခက်၊ ရဲဘော်ဘတင်(ဂိုရှယ်)၊ ရဲဘော်ဌေးတို့ကို စွဲချက်တင်လေသည်။ ထိုအထဲတွင် ရဲဘော်ဘတင်(ဂိုရှယ်)သည် ဗမာပြည်ကွန်မြူနစ်ပါတီကို ခေါင်းဆောင်ဖွဲ့စည်းခဲ့သည့် သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ ရဲဘော်ဗဟိန်း၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်စိုးတို့နှင့် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် သခင်သန်းထွန်းနှင့် ပါတီပေါ်လစီအမြင်များ မတူခြင်း၊ ဝေဖန်တိုက်ခိုက်ခြင်းများကြောင့် သခင်သန်းထွန်း၏ ရန်သူအဖြစ် သတ်မှတ်ခြင်းခံရလေသည်။ ထို့နောက် သခင်သန်းထွန်းနှင့် ရဲဘော်အပေါင်းပါများသည် ဦးပိန်(ဘတင်)၊ ဦးစိန်(ဌေး)၊ ဘခက်တို့အား အောက်ပါအတိုင်း စွဲချက်တင်လေသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



## ဦးပိန်(ခေါ်) ရဲဘော်ဘတင်(ဂိုရှယ်)အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း

ဦးပိန် (ခေါ်) ရဲဘော်ဘတင်(ဂိုရှယ်)သည်

- ၆၄ လမ်းစဉ်သည် ၅၅ လမ်းစဉ်၏ အဓိကသော့ချက် များကို ရိုက်ချိုးခဲ့သည်၊ ဒါကို ဦးပိန်(ဘတင်)ဆန့်ကျင် ခဲ့သည်။
- ၆၅ ဇွန်လ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- ၆၆ မေလ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ဆန့်ကျင်ခဲ့သည်။
- ဗမာပြည် ပြန်လည်ပြင်ဆင်ရေးဝါဒကို တိုက်ဖျက်ချေမှုန်းရန် ဖြစ်သော ၆၇ တရုတ်ပြည် ယဉ်ကျေးမှု တော်လှန်ရေးနဲ့ ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပညာပေးရေးဖြစ်သော ဗဟိုကျောင်း ထည်ရှိရေးကို အစဉ်တစိုက် ဆန့်ကျင်ခဲ့သည်။
- ၅၅ လမ်းစဉ်သည် ပြန်လည်ပြင်ဆင်ရေးဝါဒ တစ်စုံဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- ပြန်လည်ပြင်ဆင်ရေး ဝါစ်စုံတစ်ရာဖြစ်သော ၅၅ လမ်းစဉ်ကို ဦးပိန်(ဘတင်)သည် ခေါင်းမာစွာ ဆုပ်ကိုင်ထားပါသည်။
- ဘယ်လောက်တန်ဖိုး ပေးရ ပေးရ ၅၅ ကို ကာကွယ်သွားမည်ဟု ကြေငြာထားပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ဦးပိန်(ဘတင်)သည် ခေါင်းမာသော ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သည်။
- ဦးပိန်(ဘတင်)သည် ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေး၊ ဖျက်ဆီးရေး၊ ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သည်။
- ဦးပိန်(ဘတင်)အား ပါတီမှ ထုတ်ပစ်သင့်သည်။
- လာမည့် ဗဟိုကော်မတီအစည်းအဝေးတွင် ပြန်လည်ပြင်ဆင်ရေး ဝါဒကို အပြီးအပြတ် ရှင်းလင်းပစ်နိုင်ရန်အတွက် ပထမခြေလှမ်းအဖြစ်ဖြင့် ဦးပိန်(ဘတင်)အား ဗဟိုကော်မတီမှ ထုတ်ပစ်လိုက်သည်။ ဗဟိုကော်မတီအဖွဲ့ဝင် တစ်ဦး၏ အခွင့်အရေးနှင့် အခွင့်အာဏာများကို ပြန်လည်သိမ်းယူလိုက်သည်။
- ဦးပိန်(ဘတင်)အား လက်ငင်းအားဖြင့် ပါတီတွင်း ဆက်လက်ထားသေးစေကာမူ ၎င်း၏အဓိက တာဝန်မှာ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန်နှင့် ၎င်း၏လှုပ်ရှားမှုများကို သက်ဆိုင်ရာ ပါတီအခြေခံအဖွဲ့အစည်းက ကြီးကြပ်ထားရန် ဖြစ်သည်။
- ဤသို့ဆုံးဖြတ်ခြင်းမှာ ဦးပိန်(ဘတင်)အား အသက်ညာဆုံးနှင့် နောက်ဆုံးအခွင့်အရေးပေးခြင်း ဖြစ်သည်။
- အကယ်၍ ဦးပိန်(ဘတင်)သည် ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆက်လက်စွဲကိုင်ထားပါက လာမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် ဦးပိန်(ဘတင်)အား အပြီးအပိုင် ထုတ်ပစ်အံ့မည်။
- ဤကာလအတွင်း၌ ဦးပိန်(ဘတင်)သည် ပြန်လည်ပြင်ဆင်ရေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်အတိုင်း ပါတီဆန့်ကျင်ရေး တော်လှန်ရေး ဖျက်ဆီးရေးကို တဆင့်တက် လုပ်လာပါက ပါတီကို တစ်စုံတစ်ရာ အံတုလာပါက အပြီးအပိုင် ထုတ်ပစ်မည်။

xxxxx

## ဦးစိန်(ငွေး) အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း

- ဦးစိန်(ငွေး)သည် မူလက ၆၄ လမ်းစဉ်ကို သူနားလည်ချက်နဲ့သူ ထောက်ခံခဲ့သည်။
- ၆၅ ဆုံးဖြတ်ချက်ကို အပြည့်အဝ သဘောမတူဘဲ ထောက်ခံမဲ ပေးခဲ့သည်။
- ၆၆ ဆုံးဖြတ်ချက်ကို မရှင်းလင်းသေးဟု ပြောပြီး ထောက်ခံမဲ ပေးခဲ့သည်။
- အခြေခံလုပ်ငန်းစဉ်နဲ့ စည်းမျဉ်းဥပဒေကို အပြည့်အဝ သဘောမတူဘဲ ထောက်ခံမဲပေးခဲ့သည်၊ ဗမာပြည် ပြန်လည်ပြင်ဆင်ရေး ဝါဒကို တိုက်ဖျက်ချေမှုန်းရန်ဖြစ်သော ၆၇ တရုတ်ပြည် ယင်ကျေးမှု တော်လှန်ရေး ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- ၅၅ လမ်းစဉ်သည် ပြန်လည်ပြင်ဆင်ရေး ဝါဒတစ်ခုဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။
- ၆၅ ဆုံးဖြတ်ချက်၊ ၆၆ ဆုံးဖြတ်ချက်နှင့် အခြေခံလုပ်ငန်းစဉ် တို့အား အရင်ကထောက်ခံခဲ့သည်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



- အုပ်စိုးသူ ဓနရှင်အား ဗျူရိုကရက် အရင်းရှင်ဟု မသတ်မှတ်နိုင်ဟု သူကဆိုသည်။ ပြည်သူတို့၏ ရန်သူကြီး (၃)ဦးဖြစ်သည်ကို သဘောမတူ၊ ၆၆ အာဏာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ထရော့စကီဝါဒဟု ဆိုသည်။
- တစ်ချိန်တုန်းက ပါတီ၏ ဆုံးဖြတ်ချက်များကို ထောက်ခံသည်ဟု ဆိုခဲ့စေကာမူ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနှင့် ပြန်လည်ပြင်ဆင်ရေးဝါဒကို အကြိတ်အနယ် တိုက်ပွဲဆင်လာသည့်အခါ မတတ်သာသည့်အလျောက် သူသည် ၎င်း၏ပြန်လည်ပြင်ဆင်ရေး ရပ်တည်မှု အစစ်အမှန်ကို ပြလာသည်။
- ပြန်လည်ပြင်ဆင်ရေးဝါဒ၏ ကောက်ကျစ်စဉ်းလဲမှုကိုပြသည်။
- ၎င်းသည် ၅၅ ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်ကို ခေါင်းမာစွာ ဆုတ်ကိုင်ထားသူဖြစ်သည်၊ မိမိအား သတ်စေကာမူ မိမိယုံကြည်ချက်ကို မစွန့်ဟု ကြွေးကြော်ထားပြီးဖြစ်သည်။
- ၎င်းအားပါတီမှ ထုတ်ပစ်သင့်သည်။
- ပထမခြေလှမ်းအဖြစ်ဖြင့် ၎င်းအား ဗဟိုကော်မတီမှ ဖြုတ်ပစ်လိုက်သည်၊ ဗဟိုအဖွဲ့ဝင်တစ်ဦး၏ အခွင့်အရေးနှင့် အခွင့်အာဏာများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။
- ဦးစိန်(ဌေး)အား လက်ငင်းအားဖြင့် ပါတီတွင် ဆက်လက်ထားရှိစေကာမူ အဓိကတာဝန်မှာ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန်နှင့် ၎င်း၏လှုပ်ရှားမှုများကို သက်ဆိုင်ရာပါတီက အခြေခံ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းက ကြိုးကြပ်ထားရန် ဖြစ်သည်။

- အကယ်၍ ဦးစိန်(ဒွေး)သည် ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆက်လက် ဆုတ်ကိုင်ထားပါက လာမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် ဦးစိန်(ဒွေး)အား အပြီးအပိုင် ထုတ်ပစ်သွားမည်။
- ဤကာလအတွင်း ဦးစိန်(ဒွေး)သည် ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်အတိုင်း ပါတီဆန့်ကျင်ရေး တော်လှန်ရေး ဖျက်ဆီးရေးကို ဆက်လက်လုပ်လာပါက ပါတီကို တစ်စုံတစ်ရာ အံတုလာပါက အပြီးအပိုင် ထုတ်ပစ်မည်။

×××××

## ဘခက် အပေါ် စွဲချက်တင် ပြစ်ဒဏ်ပေးခြင်း

- သူသည် ၆၄ လမ်းစဉ်ချုပြစဉ်က ဆန့်ကျင်ခဲ့သည်။
- ၆၅ ကို ဆန့်ကျင်ခဲ့သည်။
- ၆၆ ကို ဆန့်ကျင်ခဲ့သည်။
- ပါတီအသိ မြှင့်တင်ရေးလှုပ်ရှားမှုကို စိန်ဝင်းဂိုဏ်း လှုပ်ရှားမှုကဲ့သို့ ဂိုဏ်းခွဲရေး လှုပ်ရှားမှုဟု ဆိုခဲ့သည်။
- အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ဆန့်ကျင်ခဲ့သည်။
- ဥက္ကဋ္ဌနှင့်ပေါ်လစ်ဗျူရို၏ ခေါင်းရွက်ချက်များကို ပါတီဆန့်ကျင်ရေး ဂိုဏ်းခွဲရေး လှုပ်ရှားမှုဟု ဆိုခဲ့သည်။
- နေဝင်းကို မိတ်ဆွေလို သဘောထားပြီး ဥက္ကဋ္ဌနှင့် ပေါ်လစ်

www.burmeseclassic.com

www.burmeseclassic.com



ဗျူရိုကို ရန်တောင်ခဲ့သည်။

- ၅၅ လမ်းစဉ်ကို ခေါင်းမာစွာ ဆုပ်ကိုင်ထားရုံမက ပြန်လည်အသက်သွင်းရန် နည်းမျိုးစုံနှင့် ကြိုးစားခဲ့သည်။
- ဗဟိုခေါင်းဆောင် အဖွဲ့အစည်းတွင် မပါစေကာမူ အရေးပါသော ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သည်။

၁။ ၎င်းအားဗဟိုရုံးအုပ်အဖြစ်မှ ဖယ်ရှားရန်။

၂။ ၎င်းထံမှ သေနတ်သိမ်းယူရန်။

၃။ စခန်းပါတီကော်မတီအဖြစ်မှ ဖြုတ်ချပစ်ရန်။

၄။ ၎င်းအားအချိန် အကန့်အသတ်တစ်ခုအတွင်း ပါတီတွင်း၌ ကြိုးကြပ်ထားရန်၊ အကယ်၍ သူသည် ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆက်လက်ဆုတ်ကိုင်ထားပါက ၎င်းအချိန် လွန်မြောက်က ပါတီမှ ထုတ်ပစ်ရန်။

- "ဒီဆုံးဖြတ်ချက်က တော်လှန်တဲ့ မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အပေါ် အခြေခံတဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်သုံးဦး (သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်)ရဲ့ တစ်လုံးတစ်စည်းတည်း ချမှတ်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။ ဒီဆုံးဖြတ်ချက်ဟာ ဗဟိုဌာနချုပ်ရှိ ဗဟိုကော်မတီသုံးဦး (ရဲဘော်အောင်ကြီး၊ သခင်ပု၊ ဗိုလ်ရန်အောင်)ရဲ့ ထောက်ခံမှုရှိတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။

ဒီဆုံးဖြတ်ချက်ဟာ ပြန်လည်ပြင်ဆင်ရေးဝါဒအပေါ်မှာ အနိုင်ယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ မာ့က်ဝါဒ၊ လီနင်ဝါဒ၊ အတွေးအခေါ်ရဲ့ သမိုင်းဝင် အောင်ပွဲလည်းဖြစ်တယ်။ ၆၄ နောက်ပိုင်းမှာ တစ်ခုပြီးတစ်ခု ရိုက်ချိုး လာတယ်။ ပါတီကို ပြုပြင်ရေးဝါဒဘောင်ထဲမှာ ချုပ်နှောင်ထား တာတွေကို တစ်ခုပြီးတစ်ခု ရိုက်ချိုးဖျက်ဆီးလာခဲ့တယ်။ အခုဦးမိန် (ဘတင်)နဲ့ ဦးစိန်(ဌေး)ကို ဖြုတ်ချလိုက်တယ်။ ၁၉၄၈ ခုနှစ်ကွာ တည်းက ရဲဘော်သံဗိုင်(ဘတင်)ကို ဖြုတ်ချလို့ အောင်ပွဲတွေရခဲ့သလို၊ အခုလည်း အောင်ပွဲတွေ ရမယ်လို့ အာမခံလိုက်တယ်။ (မှတ်ချက် - ရဲဘော်ဘတင်သည် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟို ကော်မတီမှ ထုတ်ပစ်ခြင်းခံရပြီး ၁၉၅၁ ခုနှစ်ရောက်မှ ဗဟိုကော်မတီ ပြန်ဖြစ်လာခဲ့သည်။)

၁၉၄၈ ခုနှစ်က ကျနော်နဲ့ ရဲဘော်ဘသိန်းတင်ဟာ နှစ်ဦးတည်း ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြီး အခြားဗဟိုကော်မတီတွေကို သိမ်းသွင်း ခဲ့တယ်။ လူထုကို သိမ်းသွင်းပြီး ချီတက်ခဲ့တယ်။

အခု ၁၉၆၇ ခုနှစ်မှာပဲ ကျွန်တော်၊ ရဲဘော်သခင်ဇင်၊ ရဲဘော်သခင်ချစ် ဒီသုံးဦး ဟာ ၁၉၄၈ ခုနှစ်တုန်းကလို တစ်ထုံး တစ်စည်းတည်း ရပ်တည်ပြီး ၁၉၄၈ ခုနှစ်ကလို အခြားဗဟိုကော်မတီ ရဲဘော်တွေနဲ့ စည်းလုံးညီညွတ်ပြီး တော်လှန်ရေးကို ရဲရဲတင်းတင်း ရှေ့ဆောင်သွားမယ်။

အခုဆိုရင် ပြန်လည်ပြင်ဆင်ရေးဝါဒီ ထိပ်သီးတွေရဲ့ ခေါင်းကို ရိုက်ခွဲ ပြီးပြီ၊ ဓါးဟာနည်းပရိယာယ်၊ တိုက်ပွဲသက်သက်မဟုတ်ဘူး။ သေနင်္ဂဗျူဟာ သဘောဆောင်တဲ့ တိုက်ပွဲဖြစ်တယ်။ ပြန်လည်

www.burmeseclassic.com



ပြင်ဆင်ရေးဝါဒကို ထိုးနှက်ဖို့ အထွေထွေထိုးစစ်ကြီးကို စလိုက်တာ ဖြစ်တယ်” ဟု သခင်သန်းထွန်းသည် နိဂုံးချုပ်စကား ပြောကြားခဲ့သည်။ ထို့နောက် တပ်နီလူငယ်များက-

“ပြန်လည်စစ်ဆင်ရေးသမားတွေကို ထုတ်ပစ်၊ ထုတ်ပစ်
ငြိမ်းချမ်းရေးသမားတွေကို သတ်ပစ်၊ သတ်ပစ်
ဗမာပြည် လူရှောချီ ငပိန်ကို သတ်ပစ်၊ သတ်ပစ်
ဗမာပြည် တင်ရှောင်ပင် ငစိန်ကို သတ်ပစ်၊ သတ်ပစ်
နေဝင်းနောက်လိုက်ခွေး ဘခက်ကို သတ်ပစ်၊ သတ်ပစ်

ဟု တခဲနက် ကြွေးကြော်လေသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com





၂၆-၉-၆၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

www.burmeseclassic.com

www.burmeseclassic.com



## နေဝင်းချိန်နှင့်နီးကပ်လာသော သခင်သန်းထွန်း

ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီးဖြစ်သော သခင်သန်းထွန်းသည် နေဝင်းချိန်နှင့် နီးကပ်လာသည်နှင့်အမျှ သူ့အားဆန့်ကျင်သူများ၊ မလိုသူများကို တစ်စပြီး တစ်စ ကြိုးတင်းကာ လုပ်ကြံလာခဲ့သည်။ တစ်ချိန်က သူသည် တွေ့ဆုံဆွေးနွေးရေးသည် ပထမ၊ တွေ့ဆုံဆွေးနွေးရေးသည် ဒုတိယ၊ တွေ့ဆုံဆွေးနွေးရေးသည် တတိယဟု ကြွေးကြော်ခဲ့ရာမှ ပြောင်းလဲလာခဲ့သည်။

အကြမ်းဖက်လမ်းစဉ်ကို စွဲကိုင်ကာ တပ်မတော်ကို အပြီးသတ် ချေမှုန်းပြီး ကွန်မြူနစ်နိုင်ငံကို တည်ထောင်ချင်ခဲ့သည်။ ထို့ကြောင့် တပ်နီလူငယ်များကို စနစ်တကျ ပြုစုပျိုးထောင် ခဲ့သလို မာ့က်စ်လီနင်ဝါဒ ကျောင်းကိုလည်း ဖွင့်လှစ်ခဲ့သည်။ သူ၏ အတွေးအခေါ်နှင့် အယူဝါဒကို ဆန့်ကျင်လာသူဆိုလျှင် အမျိုးမျိုး အပြစ်ရှာခဲ့သည်။ တစ်ချိန်က ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်အောင်ကျော် တို့သည် သူနှင့်လက်တွဲကာ ပါတီအတွက် အသက်စွန့် ကြိုးစား ဆောင်ရွက်ခဲ့သူများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က သူသည် ရဲဘော်ဘတင်နှင့် ပတ်သက်ပြီး "ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင် စတင်ဖွဲ့စည်းရာမှာ ပါဝင်သူတွေဟာ သခင်အောင်ဆန်း၊ ရဲဘော်ဗဟိန်း၊ သခင်စိုး၊ ရဲဘော်ဘတင်၊ သခင်လှဖေ(ဗိုလ်လက်ျာ)တို့ ဖြစ်ကြတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ ဗမာပြည်မှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ကျယ်ပြန့်စွာ စတင်ဖြန့်ချိသူတွေဖြစ်တယ်။

ဒါကို စုစည်းပြီး ကွန်မြူနစ်ပါတီကို ဖွဲ့စည်းခဲ့သူတွေဖြစ်တယ်။ ဒီပုဂ္ဂိုလ်ကြီးတွေက ဗမာပြည်တော်လှန်ရေးရဲ့ ဒီသမိုင်းရေးအခန်းကို ကျွန်တော်တို့ အလေးအနက် ပြုရမှာပဲ ဒီပုဂ္ဂိုလ်တွေထဲက သခင်အောင်ဆန်းနဲ့ သခင်လှဖေ(ဗိုလ်လက်ျာ)တို့ဟာ နောက်ပိုင်းမှာ ခန့်ကျင်ဘက်ကို ကူးပြောင်းသွားတယ်။ သခင်စိုးကတော့ ပါတီကခွဲထွက်သွားခဲ့တယ်။ ရဲဘော်ဗဟိန်းကတော့ ပါတီတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့တယ်။ ရဲဘော်ဘတင် တစ်ယောက်သာ ပါတီထဲမှာ ကျန်ရှိပြီး ပါတီခေါင်းဆောင်တစ်ယောက် အဖြစ်နဲ့ တာဝန်ယူလျက်ရှိတယ်။

ဟို ၂၅ တုန်းက ပါတီတည်ဆောက်ရာမှာလည်းပါ၊ တစ်ဦးတည်း ကျန်တဲ့သူအဖြစ်နဲ့ ဒီကနေ့အထိ ပါတီထဲမှာကျန်ရှိပြီး ပါတီရဲ့ တာဝန်ကို ၂၅ နှစ်လုံးလုံး ထမ်းဆောင်ခဲ့တဲ့ ဒီကနေ့ ပါတီရဲ့ ဗဟိုခေါင်းဆောင်အဖွဲ့မှာ ပါဝင်နေတဲ့ ရဲဘော်ဘတင်ဟာ ပါတီရဲ့ သက်တမ်း ၂၅ နှစ်ပြည့်မြောက်တဲ့ ဒီအထိမ်းအမှတ် အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်တို့နဲ့ အတူတကွ ပါဝင်ဆင်နွှဲတာဟာ ဒီကနေ့ အခမ်းအနား တက်ရောက်သူတွေအဖို့ရော၊ ပါတီတစ်ရပ်လုံးအဖို့ရော ဂုဏ်ယူစရာ၊ ဝမ်းသာစရာ၊ အားတက်စရာ ကိစ္စကြီးတစ်ခု ဖြစ်တယ်"ဟု ပြောကြားခဲ့ဖူးသည်။

ထို့အပြင် သခင်သန်းထွန်းသည် ရဲဘော်ဌေးနှင့် ပတ်သက်ပြီး တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ ရေးသည့်စာတွင် "ပထောမ ကိုယ်စားလှယ်အဖွဲ့မှာပါတဲ့ လူ ၆ ယောက်အကြောင်းကို နည်းနည်း ပြောချင်ပါတယ်။ ကိုဌေးကတော့ ကျွန်တော်တို့ပါတီမှာ ထက်ထက် မြက်မြက်ရှိပြီး ပြေပြေပြစ်ပြစ် လုပ်တတ်တဲ့ ရဲဘော်ဖြစ်ပါတယ်။ တွေ့တဲ့အခါကျရင်တော့ အကဲဖြတ်နိုင်ပါတယ်" ဟု ရေးသားခဲ့သည်။

သခင်သန်းထွန်းသည် ရဲဘော်ဌေးနှင့် ပတ်သက်ပြီး နိုင်ငံရေး ရှေ့ဆောင်အဖွဲ့အတွင်း၌ အလွန်ထက်မြက်သူ၊ လူစွမ်းရည် အရှိဆုံးသူဟု အသိအမှတ်ပြု ဖော်ထုတ်ခဲ့ဖူးသည်။ ရဲဘော်ဘခက် နှင့်ပတ်သက်ပြီးတော့လည်း သခင်သန်းထွန်းသည် လိုက်လိုက်လှဲလှဲ ချီးကျူးဖူးသည်။

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့ညက ရန်ကုန်မြို့ မြေအောက်တာဝန်ခံများ ဖြစ်ကြသည့် သခင်တင်မြနှင့် ရဲဘော် ဘခက်တို့သည် အဖမ်းခံရသည်။ ရဲဘော်ဘခက်သည် ပထမအကြိမ် အဖမ်းခံစဉ်က ရန်ကုန်ထွက်ပြေး၍ လွတ်မြောက်ခဲ့ဖူးသည်။ ထိုနေ့ ညမှာပင် ဒုတိယအကြိမ် ထပ်၍အဖမ်းခံရသည်။ ထိုအကြိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရန်းကန်ထွက်ပြေးသဖြင့် စတင်းဂန်းသေနတ်နှင့် အနီးကပ် ပစ်ခတ်ခြင်းခံရပြီး လွတ်မြောက်ခဲ့ပါသည်။

ထို့ကြောင့် ရန်ကုန်တွင်ရှိသော မြေအောက်လုပ်ငန်းအချို့ ကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ရဲဘော်ဘခက်သည် ဗဟိုဌာနချုပ်သို့ ပြန်ရောက်လာသောအခါတွင် သခင်သန်းထွန်းနှင့် ပေါ်လစ်ဗျူရို အဖွဲ့မှ ရဲဘော်ဘခက်အား ချီးကျူးဂုဏ်ပြုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

ရဲဘော်ဘခက်သည် ရန်သူနှင့် ရင်ဆိုင်ရာတွင် ရန်သူ၏ ဖမ်းဆီးခြင်းကို မည်သည့်နည်းနှင့်မျှ မခံဟူသော ကွန်မြူနစ်ကောင်း တို့၏ ဘာမထီစိတ်ဓာတ်ကို ရန်ကုန်မြို့လယ်ခေါင်တွင်ပင် ပြသခဲ့ သည်။ ထို့ပြင် ဗဟိုဌာနချုပ်ကို ဖြစ်သည့်နည်းဖြင့် အရောက်လာ ပြီး အရေးကြီးသော မြေအောက်လုပ်ငန်းများကို အချိန်မီ အစီရင် ခံနိုင်ခဲ့သည်။

ထို့ကြောင့် ရဲဘော်ဘခက်သည် ကွန်မြူနစ်ပါတီတွင်းမှ စံပြ ကွန်မြူနစ်ကောင်းတစ်ဦး ဖြစ်ကြောင်းကို ပေါ်လစ်ဗျူရိုအဖွဲ့မှ အသိ အမှတ်ပြုသည်" ဟု ကြေငြာခဲ့သည်။ ထိုကဲ့သို့ ရဲဘော်ဘတင် (ဂိုရှယ်)၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့သည် ကွန်မြူနစ်ပါတီ အတွက် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း သခင်သန်းထွန်းသည် သူ၏အယူဝါဒနှင့် အတွေးအခေါ်ကို ဆန့်ကျင်လာပါက သုတ်သင် ရန် ဝန်မလေးတော့ပေ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## သခင်သန်းထွန်းနှင့် ဖြူတ်၊ ထုတ်၊ သတ်။ လမ်းစဉ်

သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ၁၉၆၇ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ရဲဘော်ဘတင်၊ ရဲဘော်ဌေး၊ ရဲဘော်ဘခက်တို့အား ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ ထို့နောက် ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့အား အဖက်ဖက်မှ ပြစ်ဒဏ်ချရန် အစီအစဉ်များကို စနစ်တကျ ရေးဆွဲချမှတ်ခဲ့သည်။

အထူးသဖြင့် ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့၏ သမိုင်းအစဉ်အလာများကို ဖျက်စီးပစ်ရန်အတွက် လူသစ်များကို ပညာပေးရန် စီစဉ်သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ပြန်လည်ပြင်ဆင်ရေးသမား ထိပ်သီးများနှင့် ပတ်သက်၍ ရှင်းလင်းချက်ကို ပြုလုပ်ပြီး ရဲဘော်ဘတင်၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့၏ သမိုင်းကြောင်းကို ဖော်ထုတ်ခဲ့သည်။

၁၉၆၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရဲဘော်ဘခက်မှာ ထွက်ပြေးလွတ်မြောက်သွားသည်။ ထို့ကြောင့် ကျန်ရှိသော ရဲဘော်ဘတင်နှင့် ရဲဘော်ဌေးတို့ကို အမြန်ဆုံးသေဒဏ်ပေးခဲ့သည်။ ထိုသတင်းကို ဗဟိုချုပ်သို့ ရောက်ရှိလာသော မိုလ်ဇေယျ၊ ရဲဘော်မြနှင့် ရဲဘော်လွန်းမောင်တို့ ကြားသောအခါ အလွန်စိတ်ထိခိုက်သွားကြသည်။

သို့သော် သခင်သန်းထွန်းသည် သူ၏အယူဝါဒနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ သံယောဇဉ်မထားဘဲ ဖြုတ်၊ ထုတ်၊ သတ်။

www.burmeseclassic.com



လမ်းစဉ်ကို ကျင့်သုံးခဲ့သည်။ ထိုအထဲတွင် ပါတီခေါင်းဆောင်ပိုင်းမှ ဗိုလ်ရန်အောင်လည်း ပါဝင်ခဲ့သည်။

×××××

## သခင်သန်းထွန်း၏ နေဝင်ချိန်

ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌကြီးဖြစ်သော သခင်သန်းထွန်း၏ နေဝင်ချိန်သည် ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ဖြစ်သည်။ ထိုအချိန်က သခင်သန်းထွန်းသည် လုပ်ဖော်ကိုင်ဖက် ရဲဘော်၊ ရဲဘက်များကို သုတ်သင်ပစ်သလို၊ သူသည်လည်း မကြာမီအချိန်တွင် ပြန်လည်၍ ခံရမည်ဆိုတာ တွေးမိမှာ မဟုတ်ပေ။

သူသည် အလွန်ထင်ပေါ်ကျော်ကြားသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ကြီးဖြစ်သည်။ ကမ္ဘာ့ကွန်မြူနစ်များကလည်း သူ့ကိုသိကြသည်။ သူ၏အရှိန်အဝါမှာ အလွန်ပင်ကြီးသည်။ သခင်သန်းထွန်းသည် လုပ်ကြံမခံရခင် နာရီပိုင်းအတွင်းတွင် ရဲဘော်မြတို့နှင့် စကားပိုင်းဖွဲ့ပြောရင်း

"ကိုမြ ဒီနေရာက ဟိုဂျပန်တော်လှန်ရေးတုန်းက ခင်ဗျား စခန်းကို မေဂျာကရှူးနဲ့ ကျွန်တော်လာတုန်းက စခန်းချတဲ့နေရာလေး မဟုတ်လား။ ဒီနေရာလေးဟာ တော်တော်သာယာတဲ့ နေရာလေးဗျ။ အေးအေးဆေးဆေး အတည်တကျ စခန်းချနေဖို့ တကယ်ကောင်းတဲ့နေရာလေးဗျ" ဟု ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





# သခင်သန်းထွန်း ပစ်သတ်ခံရပြီ

## ထွန်းငြိမ်းကောပ်မှ နစ်တာပ်သွားသော ပစ်သတ်အလင်းစဉ်

၂၆-၈-၁၉၆၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ

www.burmeseclassic.com



ထို့နောက် နောက်ထပ်တစ်နာရီမျှ အကြာတွင် ပဲခူးရိုးမအရှေ့စောင်း၊ ကျောက်ချောင်းကမ်းပါးရှိ တောင်ကြောကလေးပေါ်၌ ကြံ့တိတ် (ခ) လုံတိတ် (ခ) ရဲဘော်မြကြီးက ရိုင်ဖယ်သေနတ်ဖြင့် အနီးကပ်ပစ်ခတ်လိုက်သဖြင့် သူနေချင်သော နေရာလေးတွင် ကျဆုံးသွားခဲ့သည်။

သခင်သန်းထွန်း လုပ်ကြံခံရသော သတင်းကို ကြားသောအခါမှာလည်း နိုင်ငံတော်အစိုးရက ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်စွဲဖြင့် ကြေးမုံသတင်းစာတွင် ကြီးကြီးကျယ်ကျယ် ဖော်ပြခဲ့သည်။ သခင်သန်းထွန်းသည် သူတည်ထောင်ချင်သော ကွန်မြူနစ်နိုင်ငံကို တည်ထောင်ရန် ဆက်လက်ကြိုးပမ်းနိုင်စွမ်း မရှိတော့ပေ။ နောက်ဆုံးတွင် ကွန်မြူနစ်ပါတီသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနည်းကာ ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်ဖြင့် နိဂုံးချုပ်သွားလေတော့သည်။

ရဲသွေးထက် စုစည်းတင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကိုးစာရင်း

- သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ (မြူစုသူ ရဲဘော်မြ ရဲဘော်ဘခက်၊ ဗိုလ်မင်းဒင်၊ ရဲဘော်စောလှ၊ ဗိုလ်တင်ရွှန်း)
- ခေတ်အဆက်ဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ (ဦးသန့်-လာဘ်မိုးဇွေ)
- ဖက်ဆစ်ကျွန်ဘဝမှ လွတ်လပ်ရေးသို့ (သခင်သန်းထွန်း)
- ဗမာဦးနု (စိန်ဝင်းစိန်)
- တော်လှန်ရေးအစ သခင်က (ဦးအောင်စိုး - ဘီအေ)

BURMESE CLASSIC

www.burmeseclassic.com